www.burmeseclassic.com

BURMESE CLASSIC

# နုတ်သမီး

## လေပြည်တွေ ကြွေလာချိန်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
**ထုတ်ဝေသူ**
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဗျူးစာပေ)
အမှတ်-၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ**
ဇော်ပိုင်
**အတွင်းဖလင်**
ကိုဇင်ဦးနှင့်ညီများ
**ပုံနှိပ်ခြင်း**
ပထမအကြိမ်
၂၀၁၇ ခုနှစ်၊ မတ်လ
တန်ဖိုး-၁၀၀ ကျပ်၊ အုပ်ရေ- ၅၀၀
**ဖြန့်ချိရေး**
ဗျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

**နတ်သမီး**
လေပြည်တွေကြွေလာချိန်
ဗျူးစာပေ၊ ၂၀၁၇။
၂၂၄-စာ၊ ၁၂ x ၁၈ စင်တီ။
(၁) လေပြည်တွေကြွေလာချိန်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဒယ်ဒီ နည်းနည်းတော့ အိုဗာဖြစ်လာပြီဗျာ"

သားငယ် ညီဇ ၏အပြစ်တင်သံကြောင့် ဦးညီထူးသာ မျက်ခုံး နှစ်ဖက်မြင့်တက်သွားလောက်အောင် အံ့ဩသွားရသည်။

"ကဲ ရှင်းစမ်းပါဦး၊ ဒယ်ဒီက ဘာတွေ အိုဗာလုပ်နေလို့လဲ ညီဇ"

ဒယ်ဒီ့အမေးကြောင့် ညီဇ ပခုံးကို ဟန်ပါပါ တွန့်ပြီး ဟက်ခနဲ တစ်ချက် ရယ်လိုက်သည်။

"အဟတ် အိပ်မောကျနေတဲ့သူထက် အိပ်ချင်ဟန်ဆောင်တဲ့ သူက ပိုပြီး အနှိုးရခက်တယ် ဒယ်ဒီရ"

"ဟော့ကောင် စကားကို ဒဲ့ပြော၊ ချွေပြီး မပြောနဲ့"

ဦးညီထူးသာ ဟန်ကြီးပန်ကြီး လုပ်နေသော သား ဖြစ်သူကို သိပ်စိတ်မရှည်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ဒွဲပြောမှာပါ စိတ်ချ"

ညီဇ ချောင်းတစ်ချက် ဟန့်လိုက်ပြီး ဆိုဖာခုံပေါ် မှီလျှော့ထိုင်နေရာမှ ကိုယ်ကို မတ်ထိုင်လိုက်၏။

"ဒယ်ဒီ မိန်းမယူလို့ မဝသေးဘူးလား၊ မိန်းမတစ်ယောက်ကို ကလေးတစ်ယောက်နှုန်းမွေးနေတဲ့ ဒယ်ဒီ့ရဲ့ ကာမဂုဏ်တွေကို သားတို့အထင်ကြီးပြီး ဖအေ့ခြေရာလိုက်နင်းမယ်ထင်လို့ ခုလို လုပ်ပြနေတာလား၊ ကျွန်တော်တော့ ဒယ်ဒီ့ကိုကြည့်ပြီး မော့တယ်၊ လောကီကိုတောင် စိတ်ကုန်ခမ်းချင်နေပြီ"

ပြောမယ့် ပြောတော့လည်း စကားလုံးအကြီးကြီးတွေနှင့် ဒွဲပြောသည်။

သူ့အပြောကြောင့် ဦးညီထူးသာ စုတ်ပြတ်ကို သတ်သွားသလိုပင်။

"ငါ အခုလို အိမ်ထောင်ဆက်များတာ မိန်းမတွေ မကောင်းလို့ကွ၊ အခုလက်ရှိ အရင်မိန်းမ ကေသီကို ထားဦး၊ မင်းအမေကိုပဲကြည့် ငါ့အပေါ် ဘယ်နှခါ မယားဝတ္တရားကျေဖူးလဲ၊ သူ့ဖဲဝိုင်းက ပိုက်ဆံတစ်ချပ်လောက်တောင် ငါ့အပေါ် အာရုံမလာဘူး၊ ကဲ ဒီတော့ ဘယ်မှာလဲ ဆေးပေးမီးယူ၊ ငါ အသက်ကြီးပြီကွ၊ ငါ့မှာ ဆေးပေးမီးယူ မိန်းမတော့ ရှိဦးမှပေါ့"

ဖခင်၏ ချေပစကားကြောင့် ညီဇ ဘာမှပြန်မပြောဘဲ မျက်နှာ အမူအရာ ရှုတည်တည်ဖြစ်သော မမိုတ်မသုန် စိုက်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မာမီ့ကို ပြန်ပေါင်းဖို့ ဒယ်ဒီ လုံးဝ မစဉ်းစားတော့ဘူး လား"

ညီဇ အမေးကြောင့် ဦးညီထူးသာ မဲ့လိုက်သည်။

"မင်းအမေ ဒေလီယာက ငါ့မပေါင်းချင်လို့ ကွာရှင်းစာချုပ် ထားခဲ့ပြီး နိုင်ငံခြားကို လစ်ထွက်သွားပြီးတော့ ငါက ဘာလုပ်ရမှာလဲ၊ နောက်ပြီး မင်းအမေက လင်ရယ် သားရယ်ဆိုပြီး ဘယ်တုန်းကများ တာဝန်ကျေမှုတွေ မေတ္တာတွေ ပေးဖူးလို့လဲ"

"ဒါကတော့ ဒယ်ဒီက တောင်းမှမတောင်းတာကိုး"

"ဟာ ကလေးတစ်ယောက်ရလို့ အဲဒီကလေးတောင် လူပျို ဖြစ်နေပြီ၊ ငါက မေတ္တာထပ်တောင်းရဦးမယ်ပေါ့ ဟုတ်လား၊ ငါက မင်းတို့သားအမိအပေါ် တာဝန်မကျေလို့လား၊ ဟိုမှာရှိနေတဲ့ သူ့ငယ်ရည်း စားနဲ့ ချစ်နှလံထနေတာလေ၊ ငါ အကုန်သတင်းရပြီးသွားပြီ"

ဒီတစ်ခါ ညီဇ ဘယ်လိုမှ ချေပ၍မရတော့။ ဒယ်ဒီ ပြောသလို မာမီကလည်း အဟုတ်။ ညီဇ မာမီသည် နေရာတစ်နေရာထဲမှာ အတည် တကျ မနေချင်သူ။ ဆိုရှယ်အလွန်ကျပြီး ဘဝကို ပေါ့ပေါ့ပါးပါး ဖြတ်သန်း ချင်သူ။

"ပထမမိန်းမ ညီဇ၏အမေ ဒေါ်ကေသီကျတော့လည်း စီးပွား ရေးသမားပီပီ ခေါင်းထဲမှာ ဈေးကွက်စီးပွားရေးကွန်ယက်တွေပဲ ဖြန့်ကြက် ထားပြီး မာနကို ခေါင်ခိုက်နေသူ၊ ကိုယ့်လင်သားကို အထင်ကြီး လေးစား စိတ်နဲ့ ဦးညွှတ်ရမှာ သေမလောက်ကြောက်တဲ့ မိန်းမ၊ ပြီးတော့ သူက



www.burmeseclassic.com

www.burmeseclassic.com



ဌါကို တန်ဖိုးနည်းအိမ်ရာတစ်ခုလို သဘောထားတဲ့သူ၊ သူ့နားမှာ ပန်ထားတဲ့ စိန်နားကပ်လောက်တောင် တန်ဖိုးထားခြင်းမခံရတဲ့ ဌါဘဝ ဆိုးလိုက်တာမှ ကမ်းကုန်လို့ တောင်စဉ်အထပ်ထပ်တောင် မြင်နေရပြီ"

ဒယ်ဒီ့ ပေါက်ကွဲသံစဉ်တွေကြောင့် ညီဇ ရင်ထဲက မကျေနပ်စိတ်ကလေးတွေတောင် ဘယ်သို့ လွင့်စင်ပျောက်ပျက်ကုန်ပြီလဲ မသိ။

ခုလိုကျတော့လည်း ဒယ်ဒီ့ကို အိမ်ထောင်ရေးကံခေသူဟူသော အမြင်ဖြင့် သနားမိပြန်၏။

စီးပွားရေးလောကမှာ အောင်မြင်သော ဒယ်ဒီသည် အိမ်ထောင်ရေးကံမကောင်းတာတော့ ညီဇတို့ ညီအစ်ကိုနှစ်ယောက် မျက်မြင်ပဲလေ။

သို့သော် မ ကိုခင်မှ ဥကိုမင်မည်ဆိုသော စကားပုံကိုဆန့်ကျင်၍ ဒယ်ဒီသည် မ တွေကို မခင်တော့ပေမယ့် ဥတွေဖြစ်သည့် ညီခနှင့်ညီဇ ဆိုသော သားနှစ်ယောက်ကိုတော့ သူ့ဘဝမှာ အလေးအထားဆုံး အရာတစ်ခုလို မှတ်ယူထားသည်။

ထို့ကြောင့် ဒယ်ဒီ၏ ပေတစ်ရာပတ်လည် ကျယ်သော ခြံကြီးထဲတွင် ညီအစ်ကိုနှစ်ယောက်နေဖို့ ရှိမန့်ဆန်သော တိုက်လုလုလေး တစ်လုံးစီ ဆောက်ပေးထား၏။

ညီခက ဒေါ်ကေသီခေါ်ထား၍ တစ်ခါတစ်ရံမှသာ အလည် သဘောမျိုး လာနေတတ်ပြီး ညီဇကတော့ ကိုယ့်အနားမှာ မမရှိ၍ ဒယ်ဒီ့ဆီမှာပဲ လာနေလိုက်ခြင်း ဖြစ်သည်။

ညီဇ ဒယ်ဒီနဲ့နေရတာ ပျော်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီခက တစ်ခါတစ်ရံမှ လာနေ၍ ဒယ်ဒီနှင့် နည်းနည်းတော့ အနေစိမ်းသည်။

ညီခနှင့်ညီဇမှာ တစ်ခါတစ်ရံ ဖအေတူ မအေကွဲဆိုသော အသိဖြင့် မတည့်ကြသည့်အခါရှိသလို တစ်ခါတစ်ရံမှာလည်း ဘယ်သွားသွား တပူးပူးတတွဲတွဲ သူငယ်ချင်းလိုလည်း ပေါင်းကြသေးသည်။

ညီဇကတော့ ပျော်ပျော်နေတတ်သူပီပီ ညီခကို စိတ်မဆိုးဆိုးအောင် စနေရတာကိုပင် ပျော်နေတတ်သူ။

ခုလည်း ဒယ်ဒီ နောက်မိန်းမတစ်ယောက် ထပ်ယူမည်ဆိုတော့ ညီခ လုံးဝမကန့်ကွက်။

ညီဇကတော့ ကျောနည်းနည်း တွန့်သည်။ ဒီအသက် ဒီအရွယ်ရောက်မှ မိန်းမနောက်တစ်ယောက် ထပ်ယူ၊ နောက်မိန်းမက ကလေးထပ်မွေး၊ အသက်ငါးဆယ်ကျော်မှ ကလေးထပ်မွေးပြီး ကလေးအဖေဘွဲ့ ထပ်ပြီး ခံယူဦးမည်ဆိုတော့ ကာယကံရှင်တော့မသိ ညီဇကတော့ ရှက်လွန်းလို့ ကိုယ့်ကိုယ်ကိုယ် ရေမရှိသည့်ချောင်းထဲ နှာခေါင်းဖော်ပြီး သေလိုက်ချင်ပါရဲ့။

ဒယ်ဒီ့ ငယ်ရည်းစားဆိုလျှင်တော့ ဒယ်ဒီနှင့်ရွယ်တူ ဟုတ်လျှင်ဟုတ်၊ မဟုတ်လျှင် အသက်အနည်းငယ်ကြီးသူ ဒါမှမဟုတ် ဒယ်ဒီ့ထက် အသက်ငယ်သူ။

ဘာပဲဖြစ်ဖြစ် ညီဇ ဆုတောင်းရမှာက ဒယ်ဒီ နောက်ထပ်ယူမယ့်မိန်းမဟာ သွေးဆုံးပြီးသားမိန်းမ ဖြစ်ပါစေဟုသာ ဆုတောင်းရတော့



www.burmeseclassic.com

www.burmeseclassic.com



မည်။

ဒါမှ ကလေးမွေးလို့ မရတော့မှာလေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"တီ တီ တီ"

ညီခ ဖုန်းမြည်သံကြောင့် အိပ်ရာထက်မှာ ဟိုလှိမ့် ဒီလှိမ့် လုပ်နေရင်းမှ မျက်လုံးပွင့်လာပြီး ခုံပေါ်မှာ မြည်နေသော ဖုန်းကို အိပ်လျက်နှင့်ပင် မမှီမကမ်း လှမ်းယူလိုက်သည်။

"ဟဲလို"

အိပ်ချင်မူးတူးအသံဖြင့် ဖုန်းထူးလိုက်သည်။

"ညီခ ဘယ်အချိန်ရှိပြီလဲ၊ မင်း ကျိုးတုန်းလား၊ ဆရာဝန်တစ်ယောက်လုပ်နေပြီးတော့ ဒီအချိန်ကြီးအထိ အိပ်ရသလား လာဒရဲ့"

"မင်းလို ညဘက်အလေလိုက်လို့ အိပ်ရာထနောက်ကျတာ မဟုတ်ဘူး။ ညက သုံးနာရီထိုးတဲ့အထိ စာကျက်နေလို့ နေမြင့်အောင် အိပ်တာကွ ပေါက်လား"

ညီခ မခံဘဲ ပြန်ပြောသောအခါ ညီဇဆီမှ ရယ်သံထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြော ဘာကိစ္စနဲ့ ငါ့ဆီဆက်တာလဲ"

"ဒယ်ဒီ့ တတိယမြောက် မိန်းမ ဘယ်သူလဲဆိုတာ မင်း သိလား၊ ဘယ်အရွယ်လောက်လဲ"

"ကျွတ် ငါ့ကို အဲဒါလာမေးတော့ ဒယ်ဒီ့နောက်မိန်းမကို ငါ ယူမှာမှ မဟုတ်တာကွ၊ ဒယ်ဒီ ယူမယ့်ဟာ၊ ဒယ်ဒီ့ကို မေးပေါ့၊ ငါ့အဖို့က ဒယ်ဒီယူမယ့် မိန်းမ ဘယ်အရွယ်ဖြစ်ဖြစ် စိတ်မဝင်စားဘူး၊ ငါတို့အတွက် ဒါဟာ ပြဿနာတစ်ခုမှ မဟုတ်တာ၊ ဒယ်ဒီ့ရာဇဝင်ကို ဒယ်ဒီကိုယ်တိုင် ရေးတာပဲ၊ ငါတို့က စွက်ဖက်လို့ရတာမှ မဟုတ်တာ"

"ဒါပေမဲ့ မင်း စုံစမ်းပေးကွာ၊ ငါလည်း စုံစမ်းနေတယ်"

"ဘာ ငါက စုံစမ်းပေးရဦးမယ် ဟုတ်လား၊ အဟုတ် ဟော့ကောင် ညီဇ မင်းက ငါ့ကို အလကား အားယားနေတဲ့ ဂျလေဗီလို့ ထင်နေလားကွ၊ ငါ့မှာ ငါ့စာနဲ့ အချိန်တောင်မလောက်လို့ တိုင်ပတ်နေရတဲ့ကြားထဲမှာ မင်း ငါ့ဆီ ဖုန်းဆက်တာ ငါ နောက်ထပ် နာရီဝက်လောက် ထပ်အိပ်ရဦးမယ်၊ မင်းကို ငါ အချိန်တွေ အလကားမပေးနိုင်ဘူး"

"အောင်မယ် အရေးထဲ မာန်ကတက်ပြနေသေးတယ်၊ ဆရာဝန်လက်မှတ်တောင် မရသေးဘဲနဲ့၊ အဟား ပါရဂူကြီးသာဖြစ်ရင် ဘယ်သူမှ မြင်မှာမဟုတ်တော့ဘူး"

ညီဇ တွတ်ပွတွတ်ပွဖြင့် ပြောနေသောကြောင့် ညီဇော်ချွတ်ခနဲ စုတ်သပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ငါ ဖုန်းချလိုက်တော့မယ်"

"အာ ဟော့ နေဦး မချလိုက်နဲ့ဦး"

"မြော ဘာပြောမှာလဲ၊ လိုရင်းကို မပြောဘဲ ရစ်နေတယ်"

ညီခ အမှန်ပင် စိတ်မရှည်တော့။

"ဒီည ဂျိုးတို့အဖွဲ့နဲ့ ရှိုးပွဲကြည့်ဖို့ ချိန်းထားတယ်၊ မင်းအတွက် လက်မှတ်တစ်စောင်ပိုဝယ်ထားတယ်၊ မင်းလာမှာမဟုတ်လား"

"နိုး လိုက်လို့ မရဘူး၊ မနက်ဖြန် ဆေးရုံမှာ နိုက်ဂျူတီဝင်ရမယ်၊ ဒီညပါဆက်ပြီး အိပ်ရေးပျက်လို့မဖြစ်ဘူး၊ မင်းတို့အဖွဲ့နဲ့ ခပ်ရွှာရွှာနေမှ၊ တပူးတွဲတွဲပြန်လုပ်ရင် အကျင့်ပျက်တယ်"

"လခွီးကောင် သောက်ကြီးသောက်ကျယ်နဲ့ လာကျယ်နေတယ်၊ မလိုက်ချင်နေ လဒကောင်"

တစ်ဖက်မှ ညီဇ မကျေမနပ်ဖြင့် ဆဲရေးတိုင်းထွာလိုက်ပြီး ဖုန်းကို ချလိုက်သည်။

ညီခ ပြုံးလိုက်သည်။ ဒီကောင်ကို ဒီလို အထက်စီးကာ ပြောမှ နို့မို့ဆို သူကချည်းပဲ ကိုယ့်ကိုယ်ကိုယ် ပြန်ပြန်ဖွဲ့သွားတာ။

ညီခ အတွေးဖြင့် ဟက်ခနဲ ရယ်လိုက်ပြီး ဖုန်းကို ခုတင်ဘေးရှိ စားပွဲပေါ် ပြန်တင်ပြီး ခုတင်ထက်မှာ ပြန်နှပ်ဖို့ အရှိန်ယူလိုက်သည်။

မာမီ အခန်းထဲ ဝင်လာသည်။

"သား ဖုန်းပြောပြီးတာနဲ့ ပြန်အိပ်ဦးမလို့လား"

မာမီ့အသံကြောင့် ညီခ အခန်းဝကို ဖျတ်ခနဲ လှည့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဪ မာမီ၊ ဒီနေ့ ကုမ္ပဏီ မသွားဘူးလား"

"ဒီနေ့ နည်းနည်းနောက်ကျမှ သွားမှာ သားရဲ့၊ မာမို့သား လေးက ညက ဘယ်အချိန်ထိ စာကျက်လဲ၊ မာမီ့ကိုပြောစမ်း"

"ညက တော်တော် ညဉ့်နက်တယ် မာမီ"

ဒေါ်ကေသီ ညီခ ဘေးရှိ ခုတင်စပ်တွင် ဝင်ထိုင်ပြီး ညီခ ဆံပင်ခွေခွေလေးတွေကို တယုတယ သပ်တင်ပြီး မေးလိုက်သဖြင့် ညီခ ငေ့ပြီး ဖြေလိုက်သည်။ အမှန်အတိုင်း ဖြေလျှင် မာမီ စိုးရိမ်သွားနိုင်သည်။ ဒေါ်ကေသီ့ မျက်စိထဲမှာတော့ ညီခဟာ မွေးကင်းစ သားငယ်လေးလိုပဲ ချစ်၍မဝ။ ခုချိန်ထိ မူလတန်းကျောင်းသားအရွယ်လေးလို အရိပ်တကြည့်ကြည့်နှင့် သူ့ဝေယျာဝစ္စတွေကို ကိုယ်တိုင်လိုက်လုပ်ပေးနေရမှ စိတ်တိုင်းကျသူ။

"စောစောစီးစီး ဘယ်သူဆက်တာလဲ သား"

"ဟိုကောင် ညီဖေပါ မာမီရာ၊ ဒီည ရှိုးပွဲသွားမလို့ လှမ်းဒိတ်နေတာ၊ သား မလိုက်ဘူးလို့ ပြောလိုက်တယ်၊ အလကား မဖြစ်စလောက် ဘွဲ့လေးရပြီး ပညာတွေသင်လို့ပြီးဆုံးသွားပြီလို့ ထင်နေတဲ့ကောင်၊ ခုထိ လတ်လျားလတ်လျားနဲ့ အချိန်တွေကို အလကား ဖြုန်းတီးနေတဲ့ကောင်"

ဒေါ်ကေသီ သားကိုကြည့်ပြီး ခပ်တိုးတိုး ရယ်သည်။

"မသိပါဘူး ဒီနေ့ မင်းဒယ်ဒီအိမ်မှာ တွေ့ဖို့များ ချိန်းထားတာလား လို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ဒယ်ဒီဆိုလို့ ဒီကောင်ဆက်တာ ဒယ်ဒီ့အကြောင်းလည်း ပါတယ် မာမီ"

"ဟုတ်လား ပြောစမ်းပါဦး၊ ကိုလူပျော့ကြီးအကြောင်းကို"

"ဒယ်ဒီ နောက်ထပ် မိန်းမတစ်ယောက် ထပ်ယူဦးမယ်တဲ့"

ဒေါ်ကေသီ့ မျက်နှာ တည်တင်းတင်းလေး ဖြစ်သွားသည်။

"အဲဒါ သားကို အဲဒီ မိန်းမက ဘယ်အရွယ်လဲ၊ ဘယ်မှာနေလဲ ဆိုပြီး စုံစမ်းခိုင်းနေတာယ်၊ တကယ့် ဟာသကောင် သူ့လိုအချိန်တွေပိုတယ် လို့များ ထင်နေလား မသိပါဘူး"

ညီဇ အကြောင်းအား မိခင်ကို တဗျစ်တောက်တောက် ပြောရင်း ညီခ ခုတင်ထက်မှ ဆင်းလိုက်သည်။

ဒေါ်ကေသီ၏ တင်းမာခက်ထန်သွားသော မျက်နှာ အမူအရာကို ညီခ သတိထားမကြည့်မိဘဲ အဝတ်စင်မှာ တင်ထားသော အနီရောင် ရင့်ရင့် မွေးပွသဘက်ကို ပခုံးပေါ်တင်ပြီး ရေချိုးခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

ဒီဖအေ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ယူနေသည်ကို သားတွေပင် ဂရုတစိုက် စိတ်ပါဝင်စားခြင်း မရှိတော့။

ဒေလီယာကရော သူ့အပြင် နောက်မိန်းမ ထပ်ယူမှာကို မကန့် ကွက်တော့ဘူးလား။

ဒေါ်ကေသီ ခင်ပွန်းဟောင်းအကြောင်း မဆီမဆိုင် တွေးနေမိပြီးမှ ထိုအတွေးတွေကို ဒေါ်သတာကြီးဖြင့် ပြန်လည်မေ့ပစ်ထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ့ဟာသူ နောက်ထပ်မိန်းမ တစ်ယောက်မကလို့ အယောက် တစ်သိန်းပဲယူယူ ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့။

ထို့ကြောင့် ထိုင်ရာမှ ဆတ်ခနဲ ထပြီး သားအတွက် မောနင်းစာ ပြင်ဆင်ပေးရန် ထမင်းစားခန်းထဲသို့ ထွက်လာလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မြဝါးရှံသည် တိုက်ခေါင်မိုးအပေါ်မှာ ပီယာနိုတီးနေရင်းမှ ကောင်းကင်ပြာပြာကြီးကို တစ်ရှိုက်မက်မက် မော့ကြည့်နေမိသည်။

နေမဝင်သေးပေမယ့် အရှေ့ဆီမှ ပေါ်ထွက်လာသော လမင်းကြီးက သီတင်းကျွတ်လပြည့်ညမို့ ဝိုင်းစက်ထိန်သာလွန်းနေသည်မှာ မြဝါးရှံအဖို့ ဘာရယ်မဟုတ် ကြည်နူးသလိုလို ခံစားနေရသည်။

မြဝါးရှံ ပီယာနိုအား စိတ်ပါလက်ပါဖြင့် ပြန်၍ တီးနေလိုက်သည်။

တဖြည်းဖြည်း ညနေဆည်းဆာ၏အလှတရားသည် အိပ်တန်းဝင်ချိန်ရောက်ပြီမို့ အမှောင်ဘက်သို့ တဖြည်းဖြည်း သန်းလာသည်။

မြဝါးရှံ ပီယာနိုတီးခြင်းကိုရပ်ကာ တိုက်ခေါင်မိုးပေါ်မှနေ၍ အောက်သို့ ငုံ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရွယ်အစား သေးငယ်လွန်းသော လှေများ၊ ကားများနှင့် ညှီမီးရောင်ထိန်ထိန်လက်လက်တွေကြားမှာ လှုပ်ရှားသွားလာနေကြသည်။

တစ်ခါတစ်ရံ ကားဟွန်းတီးသံခပ်ကျဲကျဲ ပြန့်လွင့်လာသည်မှအပ မြဝါးရုံ ရပ်နေသော ထိုနေရာလေးသည် ငြိမ်းချမ်းစိတ်ငြိမ်လွန်းသော နေရာလေးတစ်ခု ဖြစ်သည်။

တဖျတ်ဖျတ် တိုက်ခတ်နေသော လေပြည်ခပ်ပြင်းပြင်းတို့က မြဝါးရုံ၏ ဆံနွယ်သား ဖြောင့်ဖြောင့်ဆင်းဆင်းလေးတွေကို လှုပ်ရမ်းကခုန်နေအောင် ကကြိုးသစ်တွေ ဖန်တီးပေးနေသလား မှတ်ရသည်။

မြဝါးရုံ မီးပုံးလေးတွေ ထွန်းရန်အတွက် အောက်ထပ်သို့ဆင်းပြီး ရောင်စုံမီးပုံးလေးတွေ ယူရန် စိတ်ကူးဖြင့် ဆင်းလာလိုက်သည်။

လှေကားအတက်အဆင်းတွင် ညီခနှင့် သွားဆုံသည်။

"မြဝါးရုံ"

"ဩော် ကိုညီခ"

မြဝါးရုံ တည်ငြိမ်သော အပြုံးတစ်ခုနှင့် ပြန်၍ နှုတ်ဆက်လိုက်သည်။

"ကိုယ့်ကို မာမီ လွှတ်လိုက်တာပါ၊ အော်ဒါပေးထားတဲ့ ပွဲတက်ဝတ်စုံ ရွေးခိုင်းလိုက်တာ"

"ဩော် ဟုတ်တယ်၊ အန်တီကေ့ကို မြဝါး ဒီနေ့ချိန်းထားသာပဲ၊ မေ့နေလိုက်တာ၊ အဟင်း ခဏနော်၊ အိမ်ထဲမှာ မီးပုံးလေးတွေ ဝင်ယူလိုက်ဦးမယ်၊ ပြီးမှ အပေါ်ကိုသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



မြဝါး အလုပ်ခန်းက ခေါင်မိုးပေါ်က အိမ်ကလေးထဲမှာဖြစ်သည်။ မြဝါး အိမ်ထဲမှ ထွက်လာတော့ မီးပုံးလေးတွေ ကိုင်လာသည်။

"ပေးလေ ကိုယ်ပါ ဝိုင်းကိုင်ပေးခဲ့မယ်"

ညီခ မြဝါးရဲ့ လက်ထဲမှ မီးပုံးလေးတချို့ကို ဝိုင်းကိုင်ပေးခဲ့ပြီး မြဝါးရဲ့၏အလုပ်ခန်းရှိရာသို့ အတူတက်ခဲ့ကြသည်။

အပေါ်ထပ်ရောက်သောအခါ မြဝါးရဲ့ ညီခ လက်ထဲမှ မီးပုံးတွေကို လှမ်းယူလိုက်ပြီး

"လာလေ ကိုညီခ အိမ်ထဲဝင်"

"မီးပုံးအရင်ထွန်းလိုက်ပါလား၊ ကိုယ်ပါ ဝိုင်းကူလို့ရတာပေါ့"

"အို အားနာစရာကြီး ရပါတယ်"

"အားနာစရာမလိုပါဘူး မြဝါးရဲ့၊ ခုလို တန်ဆောင်တိုင်မီးထွန်းပွဲတော်မှာ မီးပုံးလေးတွေကိုမြင်ရတာ ကိုယ့်ရင်ထဲ ငြိမ်းအေးပြီး ကြည်နူးသလို ခံစားမိတယ်၊ ဒါကြောင့် မြဝါးရဲ့နဲ့အတူ ကိုယ့်ကိုပါ မီးပုံးလေးတွေ ဝိုင်းပြီး ချိတ်ဆွဲခွင့်ပြုပါ"

ယဉ်ကျေးစွာ တောင်းဆိုလာသော ညီခ၏ဆန္ဒကို မြဝါးရဲ့ အလွယ်တကူပင် ခေါင်းညိတ်လက်ခံလိုက်သည်။

ထို့နောက် လျှပ်စစ်မီးသီးတွေ သွယ်တန်းထားသော မီးကြိုးတွေမှာ မီးသီးလေးတွေအား ငုံ့ပြီး ချိတ်လိုက်သည်။ ပြီးနောက် အိမ်ရှေ့နံရံမှ မီးခလုတ်ကိုဖွင့်လိုက်သည်။

လရောင်၏အလင်းဖျော့အောက်တွင် ရောင်စုံမီးပုံးလေးများ



www.burmeseclassic.com

www.burmeseclassic.com



လင်းလက်သွယ်တန်းသွားသည်။

"အိုး လှလိုက်တာ"

မြဝါးရဲ့ လက်ခုပ်ကလေးတီးပြီး ကလေးတစ်ယောက်ကို မြူး ကြွစွာ အော်ဟစ်ပစ်လိုက်သည်။ သတိလက်လွတ် အော်ဟစ်ပြီးမှ ကိုယ့်ကို ပြုံးကြည့်နေသော ညီခကြောင့် ရှုံးတို့ရှုန့်တန့် ဖြစ်သွားသည်။

"ဩော် မေ့နေလိုက်တာ၊ ကိုညီခကို အပ်ထည်ပေးရဦးမှာပဲ"

မြဝါးရဲ့ အိမ်ကလေးထဲ လှစ်ခနဲ ဝင်ခဲ့လိုက်သည်။

ညီခပါ လိုက်ဝင်လိုက်မည်ဟု စိတ်ကူးပြီးကာမှ ညအချိန်ကြီး မှာ ဖြစ်တာကတစ်ကြောင်း မိန်းကလေးတစ်ယောက်တည်း ရှိနေတာ က တစ်ကြောင်းမို့ မသင့်တော်ဘူးဟု အသိစိတ်ဝင်ပြီး လှမ်းနေသော ခြေလှမ်းတွေ တုန့်ခနဲ ရပ်သွားသည်။

ထို့နောက် မီးပုံးလေးတွေဆီသို့ ပြန်လျှောက်လာပြီး ရှင်းသန့် ဝန်းပျံသော မီးခိုးရောင်နက်နက် ကောင်းကင်ပြင်ကြီးကို ငေးမောနေ လိုက်သည်။

ရုတ်တရက် အလင်းရောင်တွေ ဖျတ်ခနဲ မှောင်ကျသွားသည်။ မီးပျက်ပြီ။

"ဝုန်း"

"အား"

အိမ်ကလေးထဲမှ အသံကြောင့် ညီခ ပျာသွားသည်။

"မြဝါး ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်အပြင်မှ လှမ်းမေးလိုက်သည်။

"အား နာတယ် ကျွတ် ကျွတ်"

အိမ်ကလေးထဲမှ မြဝါးရုံ၏ ညည်းတွားသံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် ညီခ စဉ်းစားမနေတော့ဘဲ အိမ်ထဲသို့ အမြန်ပြေးဝင်ခဲ့၏။

"ဒုတ်"

"အား"

ကူညီဖို့ ဝင်လာနှပင် ကိုယ်ပါ ခုံစောင်းနှင့် ဝင်တိုက်မိ၍ ဒူးခေါင်းနာသွားသည်။ ထို့နောက် အိတ်ကပ်ထဲမှ ဖုန်းကိုထုတ်ပြီး ဖုန်းဖွင့်လိုက်သည်။ ဖုန်းမှ ထွက်ပေါ်လာသော အလင်းရောင်ကြောင့် မြဝါးရုံကို တွေ့သွားသည်။

မီးမျှား ဖျတ်ခနဲ ပြန်လင်းလာသည်။

မြဝါးရုံ မျက်နှာမှာ နာကျင်ခြင်းကြောင့် ရှုံ့မဲ့ပြီး အောက်နှုတ်ခမ်းကို ဖိကိုက်ထားသည်။

ညီခ စိုးရိမ်စွာဖြင့် မြဝါးရုံအနား ဓွေ့ခနဲ ရောက်သွားသည်။

"မြဝါး ဘာဖြစ်သွားတာလဲ၊ ဟင် ခြေထောက်မှာ သွေးတွေပါလား၊ ဒါ တစ်ခုခုနဲ့ ထိုးမိတာပဲ"

"အား ဟုတ်တယ်၊ ဇကာထဲက ထိုးထွက်နေတဲ့ ကပ်ကြေးကို ဝင်တိုးမိတာလေ"

"ဟာ ဒဏ်ရာက နည်းနည်းများတယ်၊ လာပါ ဆေးခန်းသွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အို မသွားချင်ဘူး၊ အိမ်ကဆေးပဲ ထည့်လိုက်တော့မယ်"

မြဝါးရုံ ဆေးခန်းဆိုသော အသံကြားသည့်နှင့် အကြောက်အကန် ငြင်းသည်။

"မသွားလို့ မရဘူး ထင်တယ် မြဝါးရုံ၊ ကပ်ကြေးရဲ့သံဆိပ်က မေးခိုင်ပိုးတွေ ဘာတွေ ဝင်လာနိုင်တယ်"

ညီခ သူဖြစ်သလိုမျိုး ပျာယာခတ်နေသည်။

ဖြူဝင်းသွယ်လျသော ခြေချောင်းလေးတွေမှာ သွေးတွေက မြင်မကောင်း။

ညီခ စိတ်မကောင်းဖြစ်နေသော မျက်နှာအမူအရာဖြင့် မြဝါးရုံ မျက်နှာလေးကို ကရုဏာသက်စွာ ကြည့်၏။ မြဝါးရုံ မျက်နှာလေးမှာ စိတ်ရှုပ်ဟန်နှင့် ပျက်ယွင်းနေလေသည်။

တစိမ်းယောကျ်ားလေးတစ်ယောက်ရှေ့မှာမှ အနာတရဖြစ်အောင် နမော်နမဲ့နိုင်လွန်းသော ကိုယ့်ကိုယ်ကိုယ်သာ မကျေမနပ် ဖြစ်မိတော့သည်။

"ထပါ မြဝါးရယ်၊ ဘာလို့ ဖွတ်ခေါင်းမာနေရတာလဲ၊ ကျွန်တော့်မှာ ကားပါပါတယ်၊ ဆေးခန်းကို ကျွန်တော် ကိုယ်တိုင် လိုက်ပို့ပါ့မယ်"

မြဝါး ဆက်ပြီး ခေါင်းမာမနေတော့။ ကိုယ့်အတွက် စိုးရိမ်ပူပန်ပေးနေရှာသော ညီခအား အားနာ၍ ဖြစ်သည်။

"အိမ်မှာ ဘယ်သူမှ မရှိဘူး ညီခရဲ့၊ မေမေက တရားပွဲသွားတယ်၊ တော်ကြာ မေမေ ပြန်လာရင် မြဝါးကို မတွေ့လို့ စိတ်ပူနေလိမ့်



www.burmeseclassic.com

www.burmeseclassic.com



-မယ်"

"အိမ်တံခါးမှာ စာချိတ်ခဲ့လိုက်ပေါ့ မြဝါးရယ်"

ငြင်း၍မရအောင် တိုက်တွန်းနေသဖြင့် မြဝါး ထိုင်ရာမှ ခပ်ဖြည်းဖြည်း ထလိုက်သည်။

"အား"

"ရလား ကျွန်တော် တွဲကူပြီး အောက်ဆင်းမယ်လေ"

"ဟို ရ ရပါတယ်"

မြဝါး ရှက်ရွံ့ဟန်ဖြင့် အားနာစွာ ငြင်းဆိုလိုက်သည်။

"အားမနာပါနဲ့ မြဝါး၊ ကိုယ့်ကို အစ်ကိုတစ်ယောက်လို သဘောထားပါ"

မြဝါး ဘာမှထပ်ပြီး စောဒက မတက်တော့ဘဲ သူ တွဲခေါ်ရာသို့ အလျဉ်းသင့်သလို လိုက်ဆင်းခဲ့၏။ လှေကားထိပ်မှ တံခါးသော့ခပ်တာက အစ သူပဲ အစအဆုံး လုပ်ပေးရှာ၏။

အောက်ရောက်သည်နှင့် သူ့ကားကို အဆင်သင့်တွေ့ရပြီး မြဝါးကို တွဲထားရင်းမှ ကားတံခါးသော့ ဖွင့်လိုက်သည်။

"ကဲ ဝင်ထိုင်လိုက်နော် မြဝါး"

ကားထဲသို့ အလိုက်သင့် ဖေးမထိုင်စေလိုက်သဖြင့် မြဝါး ကားနောက်ခန်းထဲ အလျဉ်းသင့်သလို ဝင်ထိုင်လိုက်သည်။

မြဝါး ကားထဲဝင်ထိုင်ပြီးမှ ရှေ့ခန်းတံခါးကို ကပျာကယာ ဖွင့်ကာ ကားစက်နှိုးပြီး ကားကို ငြိမ့်ခနဲ မောင်းထွက်လာလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းရှေ့ရောက်တော့ ယနေ့ ဆေးခန်းပိတ်သည် ဆိုသော စာတန်းအား ဆေးခန်းဝတွင် ချိတ်ဆွဲထားသဖြင့် လာမောကြီး ဖြစ်သွားသည်။

"ဆေးခန်းက ပိတ်တာပဲ"

မြဝါး ခပ်ညည်းညည်းလေး ဆိုလိုက်သည်။

"ဒီဆေးခန်း ပိတ်တော့လည်း နောက်တစ်နေရာကို သွားတာပေါ့"

မြဝါး ဘာမျှပြောမနေတော့။ ဒီအချိန်မှာ သူ့ စိစဉ်သမျှကိုသာ နာခံလိုက်တော့မည်။

ကိုယ့်အတွက် စေတနာနှင့် ကူညီနေတာဆိုတော့ မြဝါးရဲ့ ဘုကလန့် မတိုက်ချင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကားကို ခြံကြီးတစ်ခြံရှေ့မှာ ခေါင်းထိုးရပ်လိုက်သည်။

သိပ်မကြာလိုက် ခြံဝသို့ ခပ်ပိန်ပိန် လူတစ်ယောက် ခပ်သွက်သွက် ပြေးလာပြီး ခြံတံခါးကြီးအား တွန်းဖွင့်ပေးသည်။

ညီခ ခြံထဲသို့ ကားမောင်းဝင်လာလိုက်သည်။

မြဝါးရုံ ဆေးခန်းမတွေ့ပါဘဲနှင့် ကားအား ခြံကြီးတစ်ခုထဲ မောင်းဝင်နေသဖြင့် ဇဝေဇဝါ ဖြစ်သွားသည်။

"ဆေးခန်းက ဘယ်မှာလဲ ညီခ၊ ဒါကရော ဘယ်နေရာလဲ ဟင်"

"ကိုယ့်အိမ်လေ"

"ဟင် ရှင့်အိမ်ကို ဘာလို့ခေါ်လာတာလဲ"

"မင်းအနာကို ဆေးထည့်ပေးမလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



ညီခ ကားကို ပေါ်တီကိုအောက်မှာ ရပ်လိုက်သည်။

မြဝါး ကားထဲမှနေ၍ ခြံကြီး၏အနေအထားကို ဝေ့ဝဲကြည့်လိုက်သည်။

ပေါ်တီကို မျက်နှာကြက်မှာ ထွန်းထားသော မီးဆိုင်းကြီး၏ အလင်းရောင်ကြောင့် ခြံထဲမှာ လင်းထိန်နေ၏။

ထို့အပြင် ယူကလစ်ပင်တွေမှာ ရောင်စုံမီးသီးလေးတွေ ထွန်းထားသဖြင့် ခြံကလေး၏ လှပသပ်ရပ်မှုကို အထင်းသား တွေ့မြင်ရသည်။

မြဝါး ဝေ့ဝဲအကဲခတ်နေတုန်း ဒေါ်ကေသီ အိမ်ကြီး၏မှန်တံခါးကို တွန်းဖွင့်၍ ထွက်လာသည်။

မြဝါးကို တွဲ၍ ကားပေါ်က ဆင်းရန်ဟန်ပြင်နေသော ညီခနှင့် မြဝါးကိုကြည့်ပြီး ဒေါ်ကေသီ တအံ့တဩ ဖြစ်သွားသည်။

"အို သား မြဝါးရဲ့ ဘယ်လိုဖြစ်လာကြတာလဲ"

ဒေါ်ကေသီ ရင်ဘတ်ဖိကာ အလန့်တကြား ဆိုလိုက်၏။

"ခြေထောက်ကို ကပ်ကြေးနဲ့ ထိုးမိလို့ မာမီ၊ ဆေးခန်းသွားတာ ဒီနေ့ အခါကြီးရက်ကြီးတွေမို့လား မသိဘူး ပိတ်ထားတယ်၊ ဒါကြောင့် သား အိမ်ပဲ ခေါ်လာခဲ့လိုက်တာ"

"ဩော် အေး အေး ဖြစ်မှဖြစ်ရလေ သမီး မြဝါးရယ်၊ တော်တော် နာနေလား သမီး"

ဒေါ်ကေသီပါ မြဝါး၏လက်မောင်းကို ဝင်တွဲ၏။

"သိပ်မနာပါဘူး အန်တီကေ၊ ရပါတယ် မြဝါးကြောင့် အန်တီ



www.burmeseclassic.com

www.burmeseclassic.com



ကော့ညီခရော အလုပ်တွေရှုပ်ကုန်ကြပြီ"

"အို မဟုတ်တာ ကူညီရမယ့်သူတွေမို့ ကူညီတာပဲကွယ်၊ အားနာရမယ့်သူတွေမှ မဟုတ်တာပဲ"

"မာမီ စာကြည့်ခန်းထဲက ခုတင်ဆီခေါ်သွားလိုက်မယ်နော်"

"အေး သား ကောင်းတယ်"

မြဝါးရှုံ ခြေထောက်မှ သွေးတွေကို ကြည့်ပြီး ဒေါ်ကေသီပါ ပျာယာခတ်နေသည်။

"မာမီ ဦးပိုက်ကို သား စာကြည့်ခန်းထဲကို ရေနွေးယူလာခိုင်းပါ၊ ဒဏ်ရာက နည်းနည်းနက်တယ် ထင်တယ် သွေးထွက်နေတော့ သေချာ မကြည့်ရသေးဘူး၊ ချုပ်သင့်ရင်လည်း ချုပ်လိုက်ရအောင်"

ချုပ်မည်ဆို၍ မြဝါးရှုံ မျက်နှာလေး အလန့်တကြား ဖြစ်သွားသည်။

"အို ဖြစ် ဖြစ်ပါ့မလား ညီခရယ်၊ ရှင် ချုပ်တတ်လို့လား၊ ဟင့်အင်း မဖြစ်ဘူး ထင်တယ်နော်၊ မြဝါး ကြောက်တယ်"

ပြုံးပြုံးပျာပျာလေး ငြင်းနေရှာသော မြဝါးကိုကြည့်ပြီး ဒေါ်ကေသီ ပြုံးလိုက်သည်။

"သားက ဆရာဝန်ပါ သမီးရဲ့၊ ဘာမှမစိုးရိမ်နဲ့ သိလား"

"ရှင်"

နာကျင်ခြင်းတွေကြားမှ နှုတ်ခမ်းလေးဟကာ အံ့ဩသွားရသည်။ ကြည့်စမ်း ဒီလူ တော်တော် လျှို့ဝှက်သည့်လူပဲဟု စိတ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ရေရွှတ်မိသည့်အဖြစ်။

ဒါနဲ့များ စောစောကတည်းက သူ ဆရာဝန်ဆိုတာ ထုတ်ပြော ပြီး သူ့အိမ်ကိုပဲ တန်းခေါ်လာလိုက်ပါတော့လား။ တခြားဆေးခန်းကို ဘာဖြစ်လို့ ခေါ်သွားနေသေးလဲ။

တော်တော် အူကြောင်ကြောင်နိုင်သည့်လူပဟု စိတ်ထဲမှာကြိတ်ပြီး အပြစ်တင်လိုက်သည်။

စာကြည့်ခန်းဆီရောက်တော့ မြဝါးရုံအား ခုတင်ထက်မှာ ထိုင် စေပြီး ခြေထောက်ဆင်းခိုင်းသည်။

မြဝါး ရင်တထိတ်ထိတ်ဖြင့် ခြေထောက်ကလေး ဆင်းပေးလိုက် သည်။

ဝတ်ထားသော စကပ်အနားစတွေမှာ သွေးတွေပင် စွန်းနေ၏။

ညီမ လက်အိတ်ပင်မစွပ်ဘဲ သွေးပေနေသော ဒဏ်ရာအား အရက်ပြန်ဖြင့် ပိုးသတ်ထားသော ဂွမ်းစဖြင့် အရင်သန့်ရှင်းရေး လုပ် လိုက်သည်။

"ညီမ ရှင် လက်အိတ်စွပ်လေ"

မြဝါးရုံ အားနာစွာဖြင့် ပြောလိုက်သည်။

"ရပါတယ် မြဝါးရယ်၊ လက်အိတ်စွပ်စရာ မလိုပါဘူး"

"ဒဏ် ဒဏ်ရာက ချုပ်ရမှာလားဟင်"

ချုပ်ရမှာ ကြောက်၍ အသံတွေ တုန်ကာ ငိုမဲ့မဲ့လေးဖြင့် မေးနေသော မြဝါးကို သနားကရုဏာသက်စွာ တစ်ချက်ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ညီခ ခေါင်းခါပြလိုက်သည်။

"ချုပ်မယ်ဆိုရင်တော့ နှစ်ချက်သုံးချက်လောက် ချုပ်ရမယ် မြဝါ။ ဒါပေမဲ့ မြဝါး နာမှာစိုးလို့ ကိုယ် မချုပ်ပေးတော့ဘူး။ ဆေးလောက်နဲ့ပဲ ဒဏ်ရာကို ပြန်စေ့ပြီး ပတ်တီးစည်းပေးလိုက်မယ်၊ အဲ မေးခိုင်ကာကွယ်ဆေးတော့ တစ်လုံးကြိုထိုးထားရမယ်နော်"

"ရှင် ဆေးထိုးရဦးမယ်"

"ဟုတ်တယ် ဧဆေးကတော့ မထိုးလို့ လုံးဝ မရဘူး"

"ညီညီ ရေနွေးရပြီ"

"ဩော် ဟုတ်ကဲ့ ဦးပိုက် ကျွန်တော့်ကို စားပွဲပေါ်က ဆေးသေတ္တာယူခဲ့ပေးပါ"

"အေး အေး"

ဦးပိုက် ဆေးသေတ္တာကို သွားယူပေးသည်။

"မြဝါး နည်းနည်းတော့ ဆပ်မယ်နော်"

မြဝါး အံကလေးကြိတ်ပြီး ခေါင်းညိတ်ပြရှာ၏။

"အ့"

"ခဏလေး ပြီးတော့မယ် ပြီးတော့မယ်"

ညီခ ကလေးတစ်ယောက်လို ချော့မြှူသလို နှစ်သိမ့်ပေးပြီး ဆေးကို သေသပ်စွာ ထည့်ပေးလိုက်သည်။

မြဝါးမှာ နာသဖြင့် ညီခ၏ လက်မောင်းကိုပင် ဆုပ်ကိုင်ထား မိသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကေသီ အခန်းထဲ ဝင်လာသည်။

"သားရေ ဒီကောလား"

"ရက်စ် မာမီ"

ရှုံ့မဲ့နေသော မြဝါးကိုကြည့်ပြီး ဒေါ်ကေသီပင် သနားသွားရသည်။

"သား အနာအမြန်သက်သာအောင် သောက်ဆေးပါပေးလိုက်ဦးနော်"

"ပေးမှာ မာမီ၊ မြဝါးရဲ့ ခုလိုဖြစ်ရတာ သားတို့ကြောင့် မာမီရဲ့ မာမီ့ဝတ်စုံကို အလုပ်ခန်းထဲ ဝင်ယူရင်း ခုလို ဖြစ်တာ"

"အို စိတ်မကောင်းလိုက်တာ သမီးလေးရယ်"

"ရပါတယ် အန်တီကေ၊ မြဝါး အလုပ်ကို မြဝါး လုပ်တာပဲ၊ အန်တီကေတို့ကြောင့် မဟုတ်ပါဘူး"

"ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် သားကတော့ သမီးလေးဒဏ်ရာ မပျောက်မချင်း တာဝန်ယူပေးရမယ်နော်"

သားဖြစ်သူအကြိုက်သိပြီး လမ်းကြောင်းခင်းပေးလိုက်သော မာမီ့ကို ညီခ စိတ်ထဲ ကြိတ်ပြီး ကျေးဇူးတင်နေမိသည်။

မြဝါးရဲ့လို နတ်မိမယ်လေးနှင့် တစ်နာရီ တစ်စက္ကန့် အတူရှိနေရလည်း ညီခအတွက်တော့ သုခဘုံပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟယ် ဒါဆို အန်တီကေ့သား ညီခက ဆရာဝန်ပေါ့"

ဖွန့် ပုံစံလေးက တအံ့တဩ ဖြစ်နေသည်။

"ဟုတ်ပါတယ်ဆို ငါ့ခြေထောက်က ဒဏ်ရာကို သူပဲ ကုပေးလိုက်တာဟဲ့၊ ဒဏ်ရာကို ကိုင်တွယ်တာ အရမ်းစနစ်ကျတာပဲ၊ ငါလေ ထင်တောင် ထင်မထားဘူး"

"ထင်မထားပေမယ့်လည်း သူ့ရုပ်ကလေးက ဖြူဖြူသန့်သန့်လေးနဲ့ ဆရာဝန်ရုပ်တော့ ပေါက်ပါတယ်ဟယ်၊ ခြေချောင်းလေးတွေ လက်ချောင်းလေးတွေများ ရှင်းသန့်ပြီး ရဲနေတာပဲ၊ ငါ့စိတ်ထဲ သူ့ကို ဗီဒီယိုမင်းသားလုပ်ရင်တောင် ဖြစ်မယ့်ရုပ်လို့ စိတ်ထဲက တွေးနေမိသေးတာဟ အဟီး မိန်းကလေးတိုင်း ခိုက်ချင်စရာ ရုပ်ကလေး၊ အရမ်း အသည်းယားဖို့ကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက်ဖြင့် ညီမ ချောကြောင်း ပြောနေမှပင် မြဝါးရုံတစ်ယောက် ညီမ အမှန်တကယ် ချောကြောင်း သတိထားမိသွားသည်။

"ဒါနဲ့ အန်တီကေကရော သူ့ရှေ့မှာ သူ့သား ပျာယာခတ်နေတာကို ကြည်ဖြူပုံရော ပေါက်ရဲ့လား၊ သိတယ်မဟုတ်လား ဆရာဝန်ဆိုတော့ နည်းနည်း မာန်တက်နိုင်တယ်လေ"

"ဟင့်အင်း အဲဒီလိုတော့ မာန်တက်ပုံမရဘူး၊ သူကိုယ်တိုင်တောင် ငါ့ရဲ့ဒဏ်ရာ မပျောက်မချင်း ဆက်ကုပေးဖို့ သူ့သားကို တိုက်တွန်းနေတာပေါ့ဟ"

"အေး ဒါလည်း ဟုတ်တာပဲ၊ အန်တီကေကြီးက သဘောကောင်းပါတယ်လို့"

"ဟေ့ သဘောမကောင်းလို့လည်း မရဘူးလေ၊ တို့မင်းသမီးလေးက နာမည်ကြီး ဒီဖိုင်နာတစ်ယောက်ပဲ၊ သာမန်မိန်းကလေးမှ မဟုတ်တာ"

ခိုင်လေးနှင့်ဖွန် မြဝါးရုံဘက်မှ လိုက်ကူပြောပေးသည်။

"ခုမှ သတိထားမိတယ် ညီမနဲ့မြဝါး ချစ်သူတွေဆိုရင်တောင် အတော်လေး လိုက်ဖက်မှာနော် သိလားဟဲ့ ခိုင်လေး"

"အေး နှစ်ယောက်စလုံးရဲ့ ဒီဖိုင်းလေးတွေက အလန်းလေးတွေအရွယ်လည်း တူတယ်"

"နေပါဟယ် နင်တို့ ငါ့ကို အချွန်နဲ့ မ,နေပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နင်ကရော သူ့ကို စိတ်မဝင်စားဘူးလား၊ သူကတော့ နင့်ကို စိတ်ဝင်စားနေတဲ့ပုံနော်၊ သူ့မျက်လုံးတွေက သိသာတယ်"

"ငါကတော့ မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"မသိဘူးလေ ရင်မခုန်သေးတာတော့ သေချာတယ်"

"လက်ခံသင့်တဲ့လူတစ်ယောက်နော်၊ ရှင်စိတ်ကူး မလွဲနဲ့"

"ဟုတ်တယ် သမီး၊ နိုင်လေး ပြောတာကို မေမေလည်း လက်ခံတယ်"

အပေါ်ထပ်အလုပ်ခန်းထဲကို မေမေ ဝင်လာသဖြင့် နိုင်လေးတို့ နှစ်တို့ ကိုယ်ရှိန်သတ်သွားဟန်ဖြင့် ဇက်ကလေးတွေ ပုသွားကြသည်။

"မေမေက ဘာကို လက်ခံနေတာလဲ"

"ညီခ ဆိုတဲ့ ကောင်လေးကိုလေ၊ မိဘမျိုးရိုးအဆင့်အတန်း ဘာမှ ငြင်းစရာမရှိဘူး၊ မိခင်တစ်ယောက်ရဲ့ အုပ်ထိန်းမှုအောက်မှာ စည်းစနစ်ကျကျ ရှင်သန်လာတဲ့ လူတော်လေးတစ်ယောက် ခုလို ဆရာဝန် လို့ သိလိုက်ရတော့ မေမေက ပိုလို့တောင် သဘောတူသေးတယ်"

မေမေ့သဘောထားကို သေချာ သိရှိရပေမယ့် မြဝါး စိတ်ထဲမှာ ညီခကို ရွေးချယ်ဖို့ စိတ်ကူးမရှိသေး။

"မေမေကလည်း ပြေးကြည့်မှ ဒီသားအမိလေးနှစ်ယောက် တည်းရှိတဲ့ဟာကို ဘာဖြစ်လို့ သူများလက်ထဲ ထည့်နေရတာလဲ၊ သမီးကို ခုလို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးနေနေတာကို မကြည့်ချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ခုတလော မေမေ မြဝါးကို အိမ်ထောင်ပြုဖို့ချည်း ပြောနေသည်။ ဘာကြောင့်လဲ တွေးလို့မရ။

"အဲလိုလည်း မဟုတ်ပါဘူး သမီးရယ်၊ သမီးမှာ ပညာလည်းစုံပြီ နောက်ပြီး ပရော်ဖက်ရှင်နယ် ဒီဗိုင်းနာတစ်ယောက်ဆိုတဲ့ ဂုဏ်လေးကို ပိုင်ဆိုင်နိုင်ပြီ၊ ရုပ်ကလေးကိုကြည့်ဦးမလား၊ ကြွေရုပ်ကလေးလိုပဲ လှနေတာ၊ ဒီတော့ မေမေ့သမီးလေးကို အရွယ်မလွန်ခင် အိမ်ထောင်ပြုစေချင်တယ်လေ"

မြဝါးရဲ့ စိတ်ပျက်လက်ပျက်နှင့် မျက်ဝန်းတွေကို မိုတ်ပစ်လိုက်သည်။ အိမ်ထောင်ပြုတယ်ဆိုတာ ဘေးလူတွေအမြင်မှာတော့ လွယ်ကူကောင်း လွယ်ကူလိမ့်မည်။ မြဝါးရဲ့အတွက်ကတော့ အင်မတန် မလွယ်ကူသည့် အလုပ်ပင်။

စာပေပညာရှင်တွေ အမိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုနေကြသည့် အချစ်ဆိုတာကြီးက မြဝါးရဲ့ ရင်ဘတ်ထဲကို တိုးဝင်လာခြင်းမှ မရှိသေးတာ။ အချစ်အကြောင်း ဘယ်လိုလုပ် နားလည်ဦးမှာလဲ။

ဒီတော့ အိမ်ထောင်ပြုဖို့မဆိုထားနှင့် ရည်းစားထားဖို့တောင် လုံးဝ စိတ်မကူးမိသေး။

"ဒီမှာ မေမေ့သမီးအတွက် ဒီလောက်လည်း သိပ်စိတ်မပူနေနဲ့ သမီးကလည်း ချက်ချင်းကြီး အိုသွားမှာ မဟုတ်ဘူး၊ မေမေကလည်း လူ့လောကထဲကနေ ခုချက်ချင်း ထွက်သွားမှာမဟုတ်ဘူး၊ လူဆိုတာ မွေးလာပြီးကတည်းက ဘယ်သူနဲ့ ဖူးစာဆုံရမယ်ဆိုတာ မမြင်နိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာက ရေးပေးထားပြီးသား၊ သမီးလည်း အပျိုကြီး မလုပ်ဘူး၊ အချိန်တန်ရင် သမီးချစ်တဲ့သူ သမီးဆီကို ရောက်လာလိမ့်မယ် မေမေ"

"အဲဒီအချိန်က ဘယ်လောက်ကြာမလဲမှ မသိတာ"

"ဒါကတော့ ကံတရားပဲပေါ့ မေမေရယ်၊ စိတ်ချ အပျိုကြီးလုပ်မယ်လို့ ကြွေးကြော်နေတဲ့ မိန်းကလေးတွေထဲမှာ သမီး လုံးဝ မပါဘူး"

မြဝါးရဲ့ စကားကြောင့် မေမေ စိတ်ရှုပ်ဟန်ဖြင့် မဲ့လိုက်သည်။

ခိုင်လေးနှင့် ဖွန်လည်း မြဝါးကိုကြည့်ပြီး တစ်ယောက် တစ်ယောက် မေးဆတ် ပခုံးတွန့်ပြသည်။

"အင်းပေါ့လေ နိုင်ငံခြားမှာတောင် အသက်ကိုးဆယ် တစ်ရာမှ မင်္ဂလာဆောင်ကြသေးတာပဲ၊ နင်က ခုမှ အသက်သုံးဆယ်ပြည့်ဖို့ နှစ်နှစ်ကြီးများတောင် လိုသေးတာပဲ၊ မူ မူ စိတ်ကြိုက်သာမူထား"

ခိုင်လေး စကားကို ငေါ့တော့တော့ ပြောသည်။

"သွားတွေ ဘာတွေလည်း ခိုင်အောင် လုပ်ထားနော်၊ တော်ကြာ အသက်ကြီးမှ မင်္ဂလာဆောင်ရင် သွားတွေ မရှိတော့မှ ဟုတ်ပေ့ဖြစ်နေမယ်"

ဖွန် ရွဲ့ပြောသဖြင့် မြဝါးရဲ့ ဖွန့်ပခုံးကို ဖြန်းခနဲ လှမ်းရိုက်လိုက်သည်။

"အား နာတယ်ဟ၊ ခုမှ လူကို ရှက်ရမ်းလာရမ်းနေတယ် အံ့ရော"

မေမေကတော့ မြဝါးရဲ့အား ဘာမှပြန်မပြောတော့ဘဲ ထိုင်ရာမှ



www.burmeseclassic.com

www.burmeseclassic.com



လေးပင်စွာ ထလိုက်ပြီး အလုပ်ခန်းထဲမှ ထွက်သွား၏။

"ဟဲ့ မားသားကြီးပုံစံက နင် အိမ်ထောင်မပြုမချင်း စိတ်အေးပုံ မရဘူးနော်"

"အချိန်နဲ့ လွှတ်ထားလိုက်ပါဟာ၊ ငါကတော့ နိုးပဲ"

မြဝါးရုံကတော့ ကိုယ့်ဆန္ဒအတိုင်းပဲ ဘဝကို ရပ်တည်ချင်သည်။ မိတယောက်ျားပေးစားလို့ အတင်းယူရသည့် အိမ်ထောင်ရေးမျိုးဆိုရင် လုံးဝ စိတ်မဝင်စား။

စဉ်းစားလို့မရတာက မေမေ ဘာကြောင့် မြဝါးရုံကို အိမ်ထောင် ပြုစေချင်နေရတာလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

"ညီဇ ဟိုမှာကြည့်စမ်း မယ်ရီပိုတာလေး တို့နားကိုလွင့်လာပြီ"

ဂျိုး ပြသော နေရာသို့ ညီဇ စိတ်မပါ့တပါ ပုံစံဖြင့် လှည့်ကြည့်လိုက်သည်။ ကြည့်တုန်းကတော့ စိတ်မပါသော အကြည့်ဖြင့် ကြည့်လိုက်ခြင်းပင်။ သို့သော် မျက်စိကို မလွှဲဖြစ်တော့။ ထိုမြင်ကွင်းလေးထဲမှ အကြည့်တွေအား ပြန်ရုပ်သိမ်း၍ မရတော့။

"ဟာ ပေါ့ ငါက မင်းကို ကြည့်ရှုံးလေးပဲ ကြည့်ခိုင်းတာကွ၊ ခုလို မျက်လုံးကျွတ်ကျမတတ် ကြည့်ခိုင်းတာ မဟုတ်ဘူး"

ဂျိုးက ညီဇ ရှေ့မှ လက်ဝါးကြီး ဖြန့်ကာလျက် တားလိုက်သည်။

"ကျွတ် နေစမ်းပါကွာ၊ ဒီမှာ ခံစားနေတာကွ ရေလည်လန်းတယ်၊ ပန်းတစ်ပွင့်လို လှတဲ့အလှမျိုးဆိုတာ ဒီလို လေဒီလေးကိုပြောတာ ဖြစ်မယ်"

အပီအပြင် ခံစားနေသော ညီဇ ကိုကြည့်ပြီး ဂျိုးနှင့်နိုင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အုံ့ညြနေကြသည်။ အမြဲတမ်း အချုပ်အနှောင်တွေနှင့် မနေချင်လို့ ကောင်မလေးတွေနှင့်ပတ်သက်ခြင်း၊ ရည်းစားထားခြင်းမရှိဘဲ သူငယ်ချင်းတွေနှင့်သာ လွတ်လွတ်လပ်လပ် ပျော်တတ်သော ညီဇ ခုတော့ ထိုမိန်းကလေးက သူ့အားညှို့ငင်ဖမ်းစားနေသလား မှတ်ရသည်။

ထိုမိန်းကလေးဆီမှ အကြည့်တွေ လုံးဝ မခွာတော့။

"ဟော့ကောင် သတိလည်း ထားဦးကွာ၊ မင်းဟာက ပွဲချက်ကတော့ ကမ်းကုန်ပဲ"

"အေးလေ ခါတော မျက်လုံးဆိုတာ ဒါမျိုးကို ပြောတာဖြစ်မယ်"

ဂျိုးနှင့်နိုင်ကြီး အပြစ်တင်စကားတွေကို ညီဇ အာရုံမထားနိုင်တော့။

ဒူးခေါင်းလောက်ရှိသော ပိုးသားဂါဝန်ခပ်ကျပ်ကျပ်ကလေးအား အပြာရောင် ဝေ့စကုပ်လေးနှင့် အချိုးကျနစွာ ပြင်ဆင်ထားသော ကောင်မလေး၏ အဆင်းသဏ္ဌာန်သည် ညီဇ၏ ရင်ဘတ်ထဲမှ ကလီစာတစ်စုံကို လာရောက်လှုပ်နှိုးသွားသလို ခံစားလိုက်ရသည်။ ရင်ထဲမှာ အေးခနဲ။

"မင်း ညာလုံးလိုက်ပါလား၊ ကံကောင်းရင် ဇာတ်လမ်းလေးဖြစ်သွားနိုင်တယ်"

ဂျိုးက မြှောက်ပေးသည်။

အပြာရောင် ပန်းပွင့်လေး သူ့သူငယ်ချင်းနှင့်အတူ အစားအသောက်တွေ တန်းစီချထားသော စားပွဲရှည်ကြီးဆီသို့ ဂ္ဂချွေရသော



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေဖြင့် လျှောက်သွား၏။

"ရွှေသွားပြီကွ မင်းလည်း လိုက်သွားလေ"

"အိုကေ"

ညီဇ ဂျိုးကို လက်မလေးထောင်ကာ အောင်နိုင်သူအပြုံးဖြင့် ထိုင်ရာမှ ထလိုက်သည်။

ကံကောင်းချင်တော့ ထိုကောင်မလေး ဘေးမှ နေရာလွတ် တစ်ခု ရှိနေ၍ ညီဇ အလွတ်မပေးဘဲ ထိုနေရာမှာ ဝင်ရပ်လိုက်ပြီး လေးထောင့်ကြွေပန်းကန်ပြားတစ်ချပ်ကို ယူကာ ကိုယ်စားချင်သော အစားအသောက်ကို ရွေးပြီး လိုက်ထည့်လိုက်သည်။

ထိုကောင်မလေးနှင့်အပြိုင် သူမ ယူသမျှ ဗန်းထဲမှ ညီဇ လိုက်နှိုက်သည်။

"အို ဆောရီး"

သူမ ယူသော ကြက်ကင်ကို ညီဇပါ လှမ်းကိုင်လိုက်သဖြင့် လက်ချင်းဆုံသွားသည်။

သူမထံမှ အားနာသောအကြည့်ဖြင့် ကြည့်ကာ ဆောရီးစကား ကို ခပ်တိုးတိုးဆို၏။

ညီဇ ပြုံးပြလိုက်သည်။ ညီဇ အပြုံးမှာ တစ်ဖက်သတ်အပြုံး။ တစ်ဖက်မှ ဆောရီးဆိုသည့် စကားတစ်ခွန်းမှလွဲ၍ သူမဆီမှ အပြုံးအလဲ မရှိသော အေးစက်စက် အကြည့်တစ်စုံကိုသာ ညီဇ ရရှိလိုက်သည်။

နောက်တစ်ကြိမ် လက်ချင်းဆုံတော့ သူမ ဖျတ်ခနဲ မျက်လွှာ



www.burmeseclassic.com

www.burmeseclassic.com



ပင့်ကြည့်သည်။ ထိုအကြည့်ထဲတွင် ရှင် တမင်လိုက်နှောင့်ယှက်နေတာ မဟုတ်လားဆိုသောအကြည့်ကို ညီဇ ကောင်းကောင်း ရိပ်မိသည်။

"မြဝါး နှင် ထည့်တာကလည်း နည်းလိုက်တာ၊ များများ ထည့်ပါဟဲ့"

"အေးလေ တော်ပြီလေ၊ မကုန်နိုင်မခမ်းနိုင်နဲ့ ဘာလုပ်မှာလဲ ပိုရင် နှမြောစရာ"

အသံချိုကြည်ကြည်လေးနှင့်အတူ သူမ နာမည်ကို သိလိုက်ရသည်။ မြဝါး တဲ့။ နာမည်က ဆန်းတော့ ဆန်းသား။

သူမတို့ သူငယ်ချင်းနှစ်ယောက် ထွက်သွားတော့ ညီဇပါ သူတို့နောက်မှ ကပ်လိုက်လာသည်။

ဂျုံးနှင့်နိုင်ကြီးကို လှမ်းကြည့်သောအခါ ဆက်လုပ်ဟူသော အချက်ပေးစနစ်ဖြင့် တုံ့ပြန်၏။

ညီဇ ခပ်တည်တည်ဖြင့် သူမတို့ စားပွဲဝိုင်းနားသို့ ယောင်လည်လည်နှင့် လျှောက်သွားလိုက်သည်။

ကံကောင်းချင်တော့ စားပွဲဝိုင်းမှာ ထိုင်ခုံတစ်ခုံ လွတ်နေသည်။

"ကိုယ့်ကို ဒီမှာ ထိုင်ခွင့်ပြုမလား"

အယဉ်ကျေးဆုံး ခွင့်တောင်းခြင်းကြောင့် မြဝါး ကိုကာကိုလာဘူးကို ဖောက်နေရင်းမှ မော့ကြည့်လိုက်သည်။

စောစောက ဘေးကနေ သူများယူမယ့် အသားဟင်းတွေကို အတင်းလှမ်းလုယူသည့်လူ။ ရုပ်ကိုက စပ်ဖြီးဖြီးနှင့် အသျှာ်လွန်နေသော



www.burmeseclassic.com

www.burmeseclassic.com



သစ်သီးတစ်လုံးလိုပဲ။

"ထိုင်လေ ထိုင်ပေါ့ ပါတီပွဲ အလှူရှင်တွေက ကျွန်မတို့ကို ဒီ စားပွဲအပိုင်စားပေးထားတာမှ မဟုတ်တာ၊ ကြိုက်တဲ့လူ ထိုင်နိုင်တယ်"

မြဝါးရုံ မချေမငံ ဘုဆတ်ဆတ် ပြန်ပြောလိုက်သည်။

"အိုကေ ကိုယ်ထိုင်ပြီနော် မြဝါ"

"အဟင်း"

"အမ် ဘာ ဘာဖြစ်လို့ ရယ်တာလဲ"

သူမလေးဘေးမှ အနီရောင် ကောင်မလေးက ထရယ်သဖြင့် ညီဇ ရှက်အမ်းအမ်းဖြင့် မေးလိုက်သည်။

"ရှင် ခေါ်နေတဲ့ ကျွန်မ သူငယ်ချင်းနာမည်ကြောင့် ရယ်တာ ပါ"

"ဗျာ မှားနေလား၊ စောစောက မြဝါလို့ ခေါ်သံကြားလိုက်လို့ ဟုတ်မယ်ထင်ပြီး မှန်းခေါ်လိုက်တာ၊ မှားနေရင် ဆောရီးနော်"

ညီဇ ခေါင်းဆတ်ပြပြီး တောင်းပန်လိုက်သည်။

"မြဝါ မဟုတ်ဘူးရှင့်၊ မြဝါး နာမည်အပြည့်အစုံက မြဝါးရုံ"

"အိုး ဂေါ့ဒ် ဒီလောက် ဆန်းပြားပြီး ကဗျာဆန်တဲ့ နာမည် မျိုး တစ်ခါမှ မကြားဖူးဘူး"

ညီဇ ချီးမွမ်းခန်းဖွင့်နေသလောက် မြဝါးကတော့ ညီဇအား လုံးဝကို မော်ပင်မကြည့်ဘဲ စားစရာရှိတာကို သေသပ်လှပစွာ စားနေ၏။

ညီဇ ငေးခနဲ ဖြစ်သွားသည်။ သူမက ဖျတ်ခနဲ မျက်ဝန်းပင့်



www.burmeseclassic.com

www.burmeseclassic.com



အကြည့်နှင့် ဆုံသွား၍ ညီဇ သွားတက်ကလေးပေါ်အောင် ပြုံးပြလိုက်သည်။ သူမကတော့ ညီဇအား မျက်စောင်းထိုးသည်။

သူမ ပုံစံကြည့်ရတာ ညီဇ သူမတို့အား တမင်ဝင်ရောနေသည် ဆိုတာကို ရိပ်မိသွားသည့်ပုံ။

"ဆောရီးနော် ကိုယ်အကြည့်နည်းနည်း ရိုင်းသွားရင် ခွင့်လွှတ်၊ ကိုယ့်စိတ်ထဲ မြဝါးရုံကို တစ်နေရာရာမှာ အသေအချာကို မြင်ဖူးသလို ရှိနေလို့ ကြည့်လိုက်မိတာ"

ညီဇ စကားကြောင့် မြဝါး ကုတ်ဘူးကို တစ်ငုံငုံလိုက်ရင်းမှ ညီဇအား မျက်ဝန်းထောင့်ကပ်ကြည့်လိုက်သည်။

ခိုင်လေး အခြေအနေကို နားမလည်ဘဲ မြဝါးရုံ မည်သူဆိုတာကို ဂုဏ်ယူပြောဆိုရန် ပါးစပ်ထဲမှာ ဝါးနေသော အစားကို အမြန်ဆုံး မျိုချလိုက်ပြီး

"မြင်ဖူးမှာပေါ့ ကျွန်မတို့ မြဝါးရုံလေးက နာမည်ကြီး ဖက်ရှင်ဒီဇိုင်နာလေ၊ ခုခေတ် မော်ဒယ်တွေအားလုံး မြဝါးရုံ ဖက်ရှင်ဒီဇိုင်းတွေကို ခရေဇီဖြစ်ကြတာချည်းပဲ"

"မီဒီယာတွေက ခဏ ခဏ အင်တာဗျူးတွေ လုပ်ကြတယ်၊ ရုပ်သံလွှင့်ဌာနမှာလည်း ရိုက်ကူးရေးအစီအစဉ်တွေ မကြာမကြာ လုပ်ရတယ်၊ ရှင့်စိတ်ထဲ ဒါကြောင့် မြင်ဖူးတယ်လို့ ထင်နေတာ"

မြဝါး လျှာရှည်လွန်းသော ခိုင်လေးကို မသိမသာ ခြေကိုကုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုး ဒါကြောင့် ကိုယ့်စိတ်ထဲ မြင်ဖူးတယ် ထင်နေတာကွ၊ ကိုယ် တော်တော် မှတ်ဉာဏ်အားနည်းသေးတာပဲ"

ညီဇ သူ့နဖူးသူ ဟန်ပါပါရိုက်ပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်သည်။

အမှန်တော့ မြဝါးရုံ ဒီဇိုင်နာဆိုတာလည်း ခုမှသိသလို TV တွေမှာ အင်တာဗျူး ခဏ ခဏလုပ်ခြင်းခံရသည်ဆိုတာလည်း လုံးဝ မသိ။

ဒီကောင်မလေး ကျော်ကြားသူတစ်ယောက်မှန်း မသိတာကိုက ကိုယ့်ရဲ့ ညံ့ကွက်လို့ပဲ ကိုယ့်ကိုယ်ကိုယ် အပြစ်တင် ကျိန်ဆဲလိုက်သည်။

"ဖက်ရှင်ဒီဇိုင်နာဆိုတော့ ကိုယ်တို့လို စတိုင်ရှိတဲ့သူတွေရော ဝတ်စုံလာအပ်လို့ ရလား"

"အို သိပ်ရတာပေါ့ မြဝါးရုံဆီမှာ မော်ဒယ်ဘွိုင်းတွေလည်း ဝတ်စုံ လာအပ်ကြတယ်၊ မြဝါးရုံရဲ့အရည်အချင်းနဲ့လက်ရာကို လက်တွေ့ သိချင်ရင် ရှင် လာအပ်ကြည့်လေ၊ ရော့ ဒါ လိပ်စာကဒ် မြဝါးရုံ အလုပ်ခန်းက မိုးကောင်းကင်ကြီးနဲ့ သိပ်မဝေးဘူး၊ အရမ်းရိုမန့်ဆန်တယ်၊ ဧဒင်ဥယျာဉ်လို့တောင် တင်စားလို့ ရတယ်"

"ဟာ ညွှန်းလှချည်လား Ok ကိုယ် မြဝါးရုံဆီကို လာဖြစ်အောင်ကို လာခဲ့မယ်"

ခိုင်လေး ကမ်းပေးသော လိပ်စာကဒ်ကို လှမ်းယူပြီး မြဝါးရုံ ကြားရန် စကားခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြဲဝါးရုံဆိုသည့် အပြာရောင်မလေးကတော့ မာနကြီးတာလား၊ ညီဇကို အမြင်ကတ်၍လား မသိ။ ဘာစကားတစ်ခွန်းမှ မပြော။

အဲဒီ အေးစက်စက်အမူအရာလေးကိုပဲ ညီဇ ခိုက်သွားမိတာပဲ ဖြစ်မည်။

ဒါဟာ ဘဝမှာ ပထမဦးဆုံး ရင်ခုန်သံပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"မြဝါးရုံ"

ရှော့ပင်းမောလ်ထဲမှ အထုပ်အပိုးတွေ မနိုင့်တနိုင်ဖြင့် သယ်ပြီး ထွက်လာသော မြဝါးရုံ ကိုယ့်ရှေ့မှ ပိတ်ရပ်ပြီး ခေါ်လိုက်သော ကိုလူချောကြောင့် မျက်နှာလေးကို ပုံမှန်ထက် တည်တင်းလိုက်သည်။

"ဈေးဝယ်ပြီးပြီပေါ့"

"မြင်တဲ့အတိုင်းပဲလေ"

"ကိုယ်က ဒီမှာ ဆံပင်လာညှပ်တာကွ၊ မင်းကိုတွေ့တော့ အစီအစဉ်ပြောင်းသွားပြီ"

ညီဇ စကားကြောင့် မြဝါးရုံ ကျွတ်ခနဲ စုတ်သပ်လိုက်သည်။ ညီဇကတော့ မျှော်လင့်ချက်တွေဖြင့် တက်ကြွနေသည့် ဟန်အပြည့်။

"ကျွန်မ ချိန်းထားတာလေးတစ်ခုရှိတယ်၊ ရှင့်အစီအစဉ်တွေကို ရွှတ်ပြမယ်ဆိုရင်တော့ နောက်ကြုံမှပဲ ကျွန်မ နားထောင်ပေးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီနော်၊ ခုတော့ အချိန်သိပ်မရှိလို့ ခွင့်ပြုဦး''

မြဝါးရုံ အရှေ့မှ ပိတ်ရပ်ထားသော ညီဇကိုကွေ့ရှောင်ပြီး ပင်စဲလ်ဟီးသံ ခပ်ပြင်းပြင်းနှင့်အတူ ကားစတန်းတွေရှိရာသို့ ခပ်ဆတ်ဆတ်လေး လျှောက်သွား၏။

ပြည့်တင်းသော ခြေသလုံးသားဝင်းဝင်းလေးနှင့် လိုက်ဖက်သော ကြိုးသိုင်းဖိနပ်အနက်ရောင်လေးက မြဝါးရုံ၏ လမ်းလျှောက်သော စတိုင်ကို ပို၍ အသက်ဝင်စေ၏။

ညီဇ နေရာမှာပင် ရပ်ငေးကြည့်နေရာမှ သတိဝင်လာပြီး မြဝါးရုံနောက်လိုက်၍ သူလည်း ကားစတန်းရှိရာသို့ အပြေးတစ်ပိုင်း ခပ်သွက်သွက်လေး လျှောက်ခဲ့လိုက်သည်။

ညီဇ သူ့ကားနားရောက်တော့ မြဝါးရုံ၏ ကားလေးက ကားစတန်းမှ စတင်ထွက်ခွာနေပြီ။

ညီဇ ကားတံခါးအမြန်ဆွဲဖွင့်ပြီး ကားစက်နှိုးကာ ကားဝင်းထဲမှ အမြန်မောင်းထွက်ခဲ့သည်။

မြဝါးရုံကတော့ သူ့ကားနောက်မှ ညီဇ ကားလိုက်လာသည်ကို နည်းနည်းလေးမှ မရိပ်မိ။ ကားကို အိမ်သို့ ဦးတည်မောင်းလိုက်သည်။

ဟိုငနဲကို တမင်ချိန်းထားတာရှိလို့ဆိုပြီး ဘာတ်ထွက်လာတာ။ အမှန်တော့ မြဝါးရုံ ဘယ်မှသွားစရာမရှိ။

ညီဇ ကားကလည်း မြဝါးရုံကားနှင့် ခပ်ခွာခွာဝေးဝေး လိုက်မောင်းလာသည်။ ကားမောင်းရင်း သီချင်းဖွင့်နားထောင်လာသော ညီဇမှာ မြဝါးရုံအား ရုတ်တရက် တွေ့လိုက်ရ၍ ပျော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ဖုန်းမြည်လာ၍ နားကြပ်ကို နားမှာတပ်လိုက်သည်။

"ဟဲလို အေး ငါ မင်းတို့ဆီလာရင်းနဲ့ လမ်းကြောင်းပြောင်း သွားပြီ၊ ငါ့ကို မျှော်မနေနဲ့တော့၊ မင်းတို့ဖာသာ လစ်လိုက်တော့၊ ညမှ ငါ ဖုန်းဆက်မယ်"

"..."

"အေး ငါ့လိပ်ပြာမယ်လေးနောက်ကို လိုက်နေတာကွ၊ အ ကြောင်းထူးရင် ဖုန်းထပ်ဆက်မယ်၊ ငါ မဆက်မချင်း မင်းတို့ ငါ့ဆီ ဖုန်းလှမ်းမဆက်နဲ့တော့၊ ငါ ဗီလင်ပျက်တယ်"

ညီဇ ပြောချင်ရာပြောပြီး ဖုန်းပိတ်လိုက်သည်။

"ဖောင်း"

ရုတ်တရက် မြဝါးရုံ မောင်းသော ကားဆီမှ ဖောင်းခနဲ ထ ပေါက်သဖြင့် မြဝါးရုံ ကားကို လမ်းဘေးတစ်နေရာသို့ ထိုးရပ်လိုက်သည်။

"ကျွတ် ကားဘီးက ပေါက်ပြီကွာ၊ စိတ်ညစ်ပါတယ်၊ စပယ်ယာ ဘီးအပိုလည်း မပါဘူး"

မြဝါးရုံ ကားပေါ်မှဆင်းပြီး ပေါက်သွားသော ကားဘီးကို ဆင်း ကြည့်သည်။

ကားဘီးက လေမရှိ၍ ပိပြားနေသည်။

ညီဇ ကားကို ခပ်လှမ်းလှမ်းမှာရပ်ပြီး အခြေအနေကို စောင့် ကြည့်လိုက်သည်။

မြဝါးရုံ ဟိုကြည့် ဒီကြည့်ဖြင့် တစ်စုံတစ်ဦးကို အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းရန် စိတ်ကူးနေပုံရ၏။ ညီဇအတွက်တော့ ဒါဟာ ဂွင်ပဲဖြစ်သည်။

ညီဇ ကားကို မြဝါးခိုကားနားသို့ ခပ်ဖြည်းဖြည်း မောင်းသွားလိုက်၏။

"မြဝါးရဲ့ ကိုယ် ဘာကူညီရမလဲ"

ကားခေါင်းထဲမှ ခေါင်းပြူပြီး လှမ်းမေးလိုက်သည်။

မြဝါးရဲ့ မျက်နှာလေး စိတ်အနည်းငယ် ရှုပ်သွားဟန်ပေါက်ပေမယ့် အကူအညီရပြီဟူသော အသိကြောင့် ထိတ်ခနဲ ဝမ်းသာသွားသည်။

"မြင်တဲ့အတိုင်းပဲလေ ကားဘီးပေါက်သွားတာ"

"စပယ်ယာဘီး အပိုပါလား"

ညီဇ မပါမှန်းသိ၍ တမင်မေးလိုက်ခြင်း ဖြစ်သည်။

"ဟင့်အင်း မပါဘူး"

"ကားမောင်းပြီး လျှောက်သွားတတ်ရင် ကားဘီးအပိုလည်း ဆောင်ထားသင့်တယ်ဗျ"

မြဝါးရဲ့ ဘာမှ ပြန်ချေပခြင်း မရှိဘဲ မျက်စောင်းဖျော့ဖျော့ဖြင့်သာ တုံ့ပြန်လိုက်သည်။

"ကိုယ့်ဘော်ဒါတစ်ယောက်ကို ခေါ်ပြီး ကားဘီးအပိုယူပြီး လဲ နိုင်းလိုက်မယ်၊ ဖြစ်မလား"

"အင်း ဖြစ်တယ်"

"အိုကေ ဒါဆို မင်းကို ကိုယ် အိမ်ပြန်ပို့ပေးမယ် ကားပေါ်တက်"



www.burmeseclassic.com

www.burmeseclassic.com



မြဝါးရုံ ပစ္စည်းထုပ်တွေကိုယူပြီး ညီဇ ကားပေါ်တက်လိုက်သည်။

ညီဇ ဝပ်ရှော့မှ သူငယ်ချင်းထံ ဖုန်းဆက်ခေါ်လိုက်သည်။

"ကဲ မင်းကားကို စိတ်ချနော်၊ သူတို့ကို လိပ်စာပြောလိုက်ပြီ၊ အိမ်တိုင်ရာရောက် လာပို့လိုက်မယ်"

"ရှင့်သူငယ်ချင်းတွေကို ကျွန်မ ဝန်ဆောင်ခ ဘယ်လောက်ပေးရမလဲ"

"သူတို့ကို ပေးစရာ မလိုဘူး၊ ကိုယ့်ကိုပဲ ပေးရမှာ"

ကားပြဿနာ ဖြေရှင်းပေးတာ သူ မဟုတ်ပါဘဲနှင့် ဝန်ဆောင်ခ တောင်းနေသဖြင့် မြဝါးရုံ သူ့ကို နားမလည်သလို လှည့်ကြည့်ပြီး

"ဘယ်လောက် ပေးရမလဲ ပြောလေ၊ ကျွန်မ ခုပဲ တစ်ခါတည်း ရှင်းခဲ့မယ်"

လက်ကိုင်အိတ်ထဲမှ လယ်သာပိုက်ဆံအိတ်အပြာကလေးကို ထုတ်ယူလိုက်သည်။

"ကဲ ပြောလေ၊ ဘယ်လောက်ပေးရမလဲ"

"ထောင့်ငါးရာ"

"ဟင်"

မြဝါးရုံ မျက်ဝန်းလေး ဝိုင်းစက်သွား၏။ သို့သော် ဘာမှ မမှုသလို ပုံစံမျိုးဖြင့် တစ်ထောင်တန်တစ်ရွက် ထုတ်ယူလိုက်သည်။

"ရော့ ငါးရာ ပြန်မအမ်းနဲ့တော့"

ညီဇ ကားမောင်းရင်းမှ မြဝါးရုံ လှမ်းပေးသော တစ်ထောင်တန်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရှက်ကို ငုံကြည့်ပြီး ခေါင်းခါပြသည်။

"ဟင့်အင်း ကိုယ် ပိုမလိုချင်ပါဘူး၊ ထောင့်ငါးရာတိတိပဲ လိုချင်တယ်"

မြဝါးရုံ စိတ်ပျက်လွန်း၍ ကျွတ်ခနဲ စုတ်သတ်လိုက်သည်။

"ရှင် မရစ်နဲ့နော်၊ ကျွန်မမှာ ငါးရာတန်အကြွေ မရှိဘူး"

"မရှိရင် မပေးနဲ့ဦး၊ ရှိမှပေး၊ မင်းအပေါ် ထောင့်ငါးရာ အကြွေးတင်နေတယ်လို့ သဘောထားလိုက်"

မြဝါးရုံ ကိုယ့်ကို တမင်ရစ်နေမှန်းသိ၍ ဘာမှပြန်မပြောနေတော့ဘဲ တစ်ထောင်တန် နှစ်ရွက်ကို အိတ်ထဲ ပြန်ထည့်လိုက်သည်။

"ရှေ့နားက ခြံပဲ"

"ဟာ ရောက်ပြီလား မြန်လိုက်တာဂျာ၊ ကိုယ်က တစ်နေကုန် ကိုပတ်မောင်းချင်တာ"

"ရှင် အဲဒီလောက် စေတနာတွေ ပိုလည်း ကျွန်မမှာ အချိန်တွေ မပိုဘူး ကိုအဇာ၊ ခုလို လိုက်ပို့ပေးတာကိုတော့ ကျေးဇူးတင်တယ်"

ညီဇ တိုက်ကလေးရှေ့မှာ ကားကို ငြိမ့်ခနဲ ထိုးရပ်လိုက်သည်။

"ခြံထဲထိ လိုက်ဝင်ပေးမယ်လေ"

"ရပါတယ် ခုလို ခြံရှေ့ထိ လိုက်ပို့ပေးတာနဲ့တင် ကျေးဇူးတင်နေပြီ"

မြဝါးရုံ စက္ကူလက်ဆွဲအိတ်တွေကို လက်မှာချိတ်ရင်း ကားပေါ်မှ ဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်နာမည်မှတ်ထားလိုက်ဦးနော် ညီဇ လို့ ခေါ်တယ်"

"ဟုတ်ကဲ့ မှတ်ထားပါ့မယ်"

"မင်းတို့ အိမ်ကလေးက အရမ်း ရှိမန့်ဆန်တယ်နော်၊ မင်း စိတ်မပုပ်တတ်ဘူးဆိုရင် မင်းရဲ့အိမ်ကို အလည်ခေါ်လို့ရမလား၊ ကိုယ် ကော်ဖီလေးတစ်ခွက်လောက် သောက်ချင်တဲ့ အာသီသက ပြင်းပျလာ လို့"

"အားနာလိုက်တာ ကျွန်မတို့အိမ်မှာက ကော်ဖီတစ်ယောက်မှ မကြိုက်တတ်လို့ ကော်ဖီ မရှိဘူး"

မြဝါးရုံ တမင်ပင် လမ်းကြောင်းလွှဲလိုက်သည်။ ကိုယ့်အိမ်ထဲ ဝင်ပြီး တမင်ရောချင်လို့ ဉာဏ်များတာအသိသာကြီး။ ရုပ်ကလေး သနား ကမားနှင့် တော်တော် မျက်နှာပြောင်တိုက်တဲ့လူ။

ညီဇ ကလည်း ဖွဲမလျော့။ ဖြစ်ချင်တာကို ရအောင် ယူတတ် တဲ့သူ။ တော်ရုံတန်ရုံ ဖွဲမျိုးတော့ မဟုတ်။

"အာ ကော်ဖီ မသောက်တတ်ဘူးလား၊ အင်းလေ တချို့က ဆမင်းကြမ်းခဲနဲ့ ပဲပြုတ်စားနေရရင် ကော်ဖီမလိုဘဲ တင်းတိမ်တတ်ကြ တာပဲ၊ သိပ်တော့ အဆန်းမဟုတ်ပါဘူး"

ညီဇ စတီယာရင်ပေါ် လက်နှစ်ဖက် တင်လျက် ခပ်အေးအေး ခံစံဖြင့် မြဝါးရုံ စိတ်မဆိုးဆိုးအောင် စနေသည်။

"ဒါဆို ရေလေးရော မတိုက်ချင်ဘူးလား၊ ရေတော့ ရှိပါတယ် နော်၊ မင်းအိမ်မှာ ဆိုမာလီးယားလို ရေဘေးဒုက္ခသည်တွေတော့ မရှိ

www.burmeseclassic.com



လောက်ပါဘူးနော်''

''အင်းလေ ရှင်က ရေမရှိဘူးလို့ပြောလည်း တခြား တစ်စုံ တစ်ခုကို အာသာ ငမ်းငမ်း တောင်းစားနေဦးမှာပဲ ရပါတယ်၊ ရှင့်ကို ရေတော့ တိုက်ပါ့မယ်''

''အိုကေ အဲဒီလို စိတ်ကောင်းရှိစမ်းပါ''

ညီဇ ရွှင်မြူးကျေနပ်သော ဟန်ဖြင့် ကားတံခါးဖွင့်ဆင်းလိုက်သည်။

ခေတ်မီလွန်းသော ဝတ်စားဆင်ယင်မှုဖြင့် စတိုင်ကျနေသော ညီဇကို မြဝါး ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်ပြီး ခြံတံခါးဖွင့်ပြီး ဝင်ခဲ့သည်။

ပိတ်စထုပ်တွေနှင့်မို့ အိမ်ခေါင်မိုးပေါ်ရှိ အလုပ်ခန်းကိုသာ ခေါ်လာလိုက်တော့သည်။

အောက်ထပ်သို့ ခေါ်သွားလျှင် ညီဇရဲ့ ထောင့်မကျိုးအပိုးမကျိုးသော ပုံစံကို မေမေ သဘောကျမှာမဟုတ်သလို ဟိုမေး ဒီမေးဖြင့် မေးနေဦးမည်။

ဘေးလှေကားမှ အပေါ်ကို တက်ခဲ့လိုက်သည်။

ညီဇ ဘောင်းဘီအိတ်နှစ်ဖက်ထဲသို့ လက်တစ်ဖက်စီထည့်ပြီး မြဝါးရဲ့အနောက်မှ ခပ်တိတ်တိတ် တက်လိုက်လာခဲ့လိုက်၏။

မြဝါး အရှေ့မှ တက်လာရသဖြင့် စိတ်ကသိပ်မငြိမ်ချင်။ ကိုယ် ဝတ်ထားသည့် စကပ်က ဒူးခေါင်းလောက်ပဲ ရှိတာလေ။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ရောက်တော့ ခိုင်လေးနှင့်ဖွန် အခန်းထဲမှ ပြေးထွက်လာပြီး မြဝါးရုံလက်ထဲမှ စက္ကူလက်ဆွဲအိတ်တွေကို ကူသယ်ပေးပြီး အနောက်မှ ကပ်ပါလာသော ညီဇာကို တွေ့တော့ အပြုံးဖြင့် ရှင်လန်းစွာ နှုတ်ဆက်လိုက်၏။

"ဟိုင်း မင်္ဂလာပါ"

ခိုင်လေးက ပြောင်ချော်ချော် နှုတ်ဆက်လိုက်သဖြင့် ဖွန်က ဘယ်သူလဲဟု မေးဆတ်ပြသည်။

မြဝါးရုံ နှုတ်ခမ်းလေးမဲ့ပြရုံကလွဲပြီး ညီဇာအား ဘယ်သူဆိုတာကို မိတ်မဆက်ပေး။

"ဗိုး မြက်ခင်းစိမ်းစိမ်းလေးတွေနဲ့ ပန်းပင်လေးတွေက တကယ့်ဉယျာဉ်လေးတစ်ခုထဲ ရောက်သွားသလိုပါပဲလား၊ ရေတံခွန်ပုံစံလေးကလည်း မိုက်တယ်"

"ရေတံခွန်ရှေ့က ရေအိုင်ထဲက ပန်းတွေက အစစ်တွေလား မြဝါးရုံ"

"ယောက်ျားလေးဖြစ်ပြီး စပ်စုနေသော ညီဇာကို မြဝါး စိတ်မရှည်သလို ကြည့်လိုက်သည်။

"ပန်းက အစစ် ဟုတ်လား မဟုတ်လား သိချင်ရင် ကိုယ့်ဟာကိုယ် သွားကိုင်ကြည့်ပေါ့"

"အိုကေ ဒါဆို ကိုယ် ကိုင်ကြည့်မယ်နော်"

ညီဇ ရေတံခွန်လေးရှိရာသို့ လျှောက်သွားပြီး ပန်းပွင့်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



မျောနေသလို ဖြစ်နေသော အဝါရောင် အပွင့်ကလေးတွေကို လှမ်းကိုင်ကြည့်လိုက်သည်။

"ဩော် ပန်းအတုတွေပဲ"

"နိုင်လေးရေ ဒီလူ ရေဆာနေတယ်၊ သူ့ကို တိုက်လိုက်ပါဦး၊ ရေမသောက်ရမချင်း တို့အိမ်ပေါ်က ဆင်းမှာ မဟုတ်ဘူး"

"အိုကေ ရမယ်"

နိုင်လေး အတွင်းခန်းထဲသို့ လှစ်ခနဲ ဝင်သွားသည်။

ဖွန်ကတော့ ခရစ္စမတ်ပန်းပင် နီနီရဲရဲလေးတွေကို ဆေးဖျန်းနေရင်းမှ ညီဇကို ခပ်လှမ်းလှမ်းမှ အကဲခတ်နေသည်။

ညီဇ မြက်ခင်းပေါ်ရှိ ကျောမှီပါသော ထိုင်ခုံအဝိုင်းတစ်ခုံပေါ် ဝင်ထိုင်လိုက်သည်။

"တကယ့် ဖေပဲကွာ၊ အရမ်းမိုက်တယ်၊ မင်းတို့မှာ ဒီလို စိတ်ကူးယဉ်ဆန်ဆန် အထူးပြုလုပ်ချက်လေးတွေနဲ့ အလှဆင်ထားနိုင်တဲ့ အိုင်ကျူတွေကို ကိုယ် တော်တော်လေး ခိုက်သွားပြီ"

"ဒီနေရာလေးက ညဘက်ဆို သိပ်သာယာမှာပဲနော် မြဝါးရုံ"

"အင်း ညဘက်မှာ ရောင်စုံမီးလုံးလေးတွေ ထွန်းလိုက်ရင် ဒီနေရာလေးက ကမ္ဘာသစ်တစ်ခုဆီ ရောက်သွားသလို ခံစားရလိမ့်မယ်"

ကျောက်သားအဆစ်တွေကို တကယ့် ရေတံခွန်ပုံစံ ပြုလုပ်ထားပြီး ပန်းပွင့်ကလေးတွေ မျောပါနေပုံက တကယ့် လွမ်းမောဖွယ်ရာလေး တစ်ခုဟု ညီဇ ခံစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းအိုးအစစ်တွေတင်မဟုတ် အလှပန်းအိုးအတုတွေကပါ သူ့နေရာနှင့်သူ အစီအရီ ရှိနေပုံလေးက လေပြည်နှင့်အတူ ညီဇ အနံ့ခံ အာရုံထဲသို့ ပန်းရနံ့တွေ တိုးဝင်လာသလိုလို မွှေးပျံ့၍လာ၏။

ကုတ်တစ်ဘူးနှင့် ရေတစ်ဖန်ခွက်ကို ဗန်းလေးထဲထည့်ပြီး နိုင်လေး အတွင်းခန်းထဲမှ ထွက်လာသည်။

"ကဲ ရေရော့ အအေးရော နှစ်မျိုးစလုံး သောက်ပြီးမှ ပြန်နော် ကိုအဂ္ဂာ"

လာပြန်ပြီ တစ်ယောက်ကပါ ကိုအဂ္ဂာလို့ ခေါ်ပြန်ပြီ။

"သင့်ခ်ယူ ကိုနာမည် ညီဇပါ"

"ဩော် ဟုတ်ကဲ့ ခုလို ဒုတိယအကြိမ် ပြန်တွေ့ရတာ မင်္ဂလာပါ"

နိုင်လေး ဖော်ဖော်ရွေရွေဖြင့် စကားတွေ ရွှန်းရွှန်းဝေအောင် ဆို၏။

"အဟဲ နောက်ထပ် မင်္ဂလာတွေ ဒီထက် ဒီထက် ပိုရှိအောင် ...ယ်ဒီကို ခဏ ခဏ လာလည်ဖြစ်တော့မယ် ထင်တယ်"

"ဟွန်း ဘာမှ မဆိုင်ဘူး"

မြဝါးရုံ မဲ့ခနဲ ပြုံးပြီး မကြားတကြားဆိုလိုက်သည်။

ညီဇ ထိုမဲ့ပြုံးတစ်ချက်ကို ငေးခနဲ ကြည့်လိုက်သည်။ ထို ...ကြောင့် ညီဇ၏နှလုံးသားတွေတင်မဟုတ် ကမ္ဘာကြီးတောင် ကျွမ်း ...မှောက်ခံ ဖြစ်သွားသလိုပင်။ မြဝါးရုံ၏ အပြုံးသည် ဤသို့သော



www.burmeseclassic.com

www.burmeseclassic.com



ပါပါရွှမ်းအင်တွေရှိ၏။

ညီဇော်အကြည့်ရဲရဲတွေကြောင့် မြဝါးရုံ မျက်နှာလေးမှာ ပန်းနုရောင်သန်းသွားကာ ခေါင်းကို ငုံ့လိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟော့ မြဝါး ဟို ကိုယ်တော်လေး ပြန်သွားတာနဲ့ မင်းစိတ်တွေ သူ့နောက်ပါသွားလား ငြိမ်နေတယ်"

ကြယ်တွေ တဖျတ်ဖျတ် လက်နေသော ကောင်းကင်ကိုမော့ ကြည့်ပြီး အဓိပ္ပာယ်မဲ့ရပ်နေသော မြဝါးရှုံအား ခိုင်လေး မထိတထိ နောက်နေသည်။

"ဖွန်ပုတ်နော် မဆိုင်တာတွေ မပြောနဲ့၊ မနက်ဖြန်အတွက် အလုပ်ဖယားတွေ စဉ်းစားနေတာ သိလား"

မြဝါး နှုတ်ခမ်းစူ မျက်စောင်းထိုး၍ ဘုတောလိုက်သည်။ ဖွန် တဟားဟားဖြင့်ရယ်ရင်း မြဝါးရှုံ ခေါးရှိခုံတွင်ဝင်ထိုင်လိုက်သည်။

"နေ့ခင်းက လိုက်လာတဲ့သူက ဘယ်သူလဲ မြဝါး၊ ခိုင်လေးကို မေးတော့လည်း မရှင်းမရှင်းနဲ့ ဘာဖြေမှန်းကို မသိဘူး"

"ဟိုအရင်တစ်ခေါက် မော်ဒယ် ခက်ညွှာရဲ့မွေးနေ့မှာ တွေ့



www.burmeseclassic.com

www.burmeseclassic.com



တာလေ၊ အဲဒီနေ့က နင့်မင်းသားကြီးကို ဆေးခန်းပို့ရမယ်ဆိုပြီး နင် မလိုက်ဘူးလေ"

"ဟုတ်လား အဲဒါကို ငါ့ကိုမပြောဘဲ လျှို့ထားကြတယ်ပေါ့"

ဖွန် မနေကျမနပ်ဖြင့်ပြောတော့ မြဝါးရုံ ခပ်တိုးတိုးရယ်သည်။

"ဘာမှအရေးတကြီး ပြောပြစရာအကြောင်းမှ မရှိတာ၊ ဒီလိုပဲ ငါတို့ စားပွဲဝိုင်းမှာ လာထိုင်ပြီး ငါတို့ကို ဝင်ရောတယ်၊ ဒီလောက်ပဲဟာ သိပ်ထူးထူးဆန်းဆန်းတွေ မပါဘူးလေဟာ"

"ဒါဆို ဒီနေ့ကျတော့ ထူးဆန်းတယ်ပေါ့"

"နင် ထူးဆန်းတယ်ထင်ရင် ထူးဆန်းလိုက်ပေါ့၊ ငါကတော့ ဘာမှ သိပ်ပြီး မထူးဆန်းပါဘူး၊ ညီဇော်ကို လူပြောင်လေးတစ်ယောက်လို့ပဲ သဘောထားထားတာ"

"သူ့ရုပ်ကလေးလည်း အမိုက်စားလေးပဲနော်၊ စကားပြောပုံ ဆိုပုံတွေက ပွင့်လင်းတယ်၊ နင့်ကိုလည်း ကြွေနေတဲ့ ပုံပဲ"

"သူတို့ဟာသာ သူတို့ ကြွေချင်ကြွေ မကြွေချင်နေ ငါကတော့ အေးဆေးပဲ၊ အလုပ်အကြောင်းလောက် စိတ်ဝင်စားစရာ မကောင်းဘူး၊ ဒါနဲ့ နိုင်လေးရော ထွက်ပြီး လေညင်းမခံတော့ဘူးလား"

"သူလား အဲဒီလောက်ထိ စိတ်ရှည်မှာ၊ အိပ်ချင်တယ်ဆိုပြီး အိပ်ပြီလေ၊ အိမ်ပြန်မယ်လုပ်နေလို့ ငါက မပြန်ပါနဲ့ဆိုလို့ မပြန်တာ"

"ဟယ် သူ့အိမ်က စိတ်ပူနေဦးမယ်"

"မပူပါဘူး မနက်ဖြန် အပ်ထည်တွေအပြီးသတ်မှာရှုမှာမို့ ၉င



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတယ်လို့ ဖုန်းဆက်လိုက်တယ်''

''အေးလေ အခု ငါ အဲဒီ သတို့သမီး၊ သတို့သားဝတ်စုံဒီဇိုင်း အသစ်အတွက် အိုင်ဒီယာအသစ်တွေ စဉ်းစားနေတာ၊ သဘက်ခါ ပြင်သစ်ကို လှမ်းမှာထားတဲ့ ပိတ်စနဲ့ တခြားဖန်စီပစ္စည်း အသေးစား လေးတွေ ရောက်တာနဲ့ ဒီဇိုင်းထုတ်တော့မှာ''

''မော်ဒယ်ကျတော့ရော''

''အဲဒါက မကြီးစန်းနဲ့တိုင်ပင်ပြီး ငါ ထွင်လိုက်တဲ့ဝတ်စုံဒီဇိုင်းနဲ့ လိုက်ဖက်တဲ့ မော်ဒယ်တွေ ရွေးရမှာပဲလေ''

''ဒီပွဲမှာ နင် အောင်မြင်ရင်တော့ နောက်ထပ် ဆောင်းနှင်း ဖက်ရှင်စတိုင်ဆိုပြီး ဆောင်းရာသီအတွက် ရှိုးထပ်လုပ်ဖို့ ငါနဲ့မကြီးစန်း စီစဉ်ထားတယ်၊ ဒါပေမဲ့ ဒီကိစ္စကတော့ စီးခရက်နော်၊ တခြား ဒီဇိုင်နာ တွေ နားထဲ ရောက်လို့မဖြစ်ဘူး''

မြဝါး ဖွန်ပွင့်ကို နှုတ်လုံရန် သတိပေးလိုက်သည်။

''အေးပါဟဲ့ ငါ သိပါတယ် အဟဲ အခု မင်္ဂလာမောင်နှံရှိုးပွဲ ကျရင် နင်ပါ ကိုယ်တိုင်ထွင်တဲ့ဝတ်စုံဝတ်ပြီး ရှိုးလျှောက်ပါလားဟယ်၊ နင် လည်း နာမည်ကြီး ဒီဇိုင်နာတစ်ယောက်ပဲ နောက်ပြီး နဂိုက လှပြီးသား ဆိုတော့ မော်ဒယ်တွေထက်တောင် နင်က ပိုလန်းဦးမှာ''

''ငါ့ကို အဲဒီလို အကြံပေးတာ နှစ်ယောက်ရှိပြီ''

မြဝါးရဲ့ ရယ်သံနှောသော အသံဖြင့် ဆိုလိုက်သည်။ လေပြည် ခပ်ပြင်းပြင်းတစ်ချက် တွေသွားသဖြင့် ဆံနွယ်စတွေ လွင့်ခနဲ လွင့်ခတ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သူတို့လည်း ငါ့လို အမြင်ရှိပြီးသားသူတွေမို့လို့ပေါ့ပါ့။ နင့်မှာ တဲလ်လန့်ရှိပြီးသားပဲ၊ ဖက်ရှင်ချစ်သူတွေက သဘောကျကြမှာပါ"

"မကြီးစန်းလည်း ဒီလိုပဲ ပြောတယ်၊ ဒါပေမဲ့ ငါကမှ ဝါသနာ သိပ်မပါတာ၊ ငါ့လက်တွေက ကမ္ဘာကြီးထဲက လှူငယ်မောင်မယ်လေးတွေ လှပဖို့ နောက်ကွယ်ကနေ ဖန်တီးပေးရတဲ့အခန်းကဏ္ဍမှာပဲ နေချင်တာ၊ ငါကိုယ်တိုင် လူလုံးထွက်ပြရတဲ့ ပေါ်ပြူလာမျိုးကိုကျတော့ သဘောမကျ ချင်ဘူး"

မြဝါးရဲ့ စတိတ်ပေါ်တက်ပြီး ကိုယ့်ရုပ်ကို ဟန်ရေးပြဖို့တော့ စိတ်က သိပ်မရဲ၊ ဒါကို မကြီးစန်းက တဲလ်လန့်ရှိတယ်ဟု ပြောသေးသည်။

ကိုယ့်ရုပ်ကို မှန်ထဲပြန်ကြည့်ပြီး လှတယ်ဟုတော့ ဝန်ခံ၍ရ ပေမယ့် ခုလို ရှိုးလျှောက်ဖို့အထိတော့ သတ္တိမရှိပြန်။

မြဝါးရဲ့အဖို့ ပါရမီပါလို့သာ ဒီဇိုင်နာတစ်ယောက်အဖြစ် ဖက်ရှင် လောကမှာ အောင်မြင်နေခြင်း ဖြစ်သည်။

ဒီထက်ပိုပြီးတော့ ပေါ်ပြူလာ မဖြစ်ချင်တာကတော့ ခပ်အေး အေးပဲ နေချင်သည့် မြဝါး၏ပင်ကိုယ်ဗီဇကြောင့်ပဲ ဖြစ်သည်။

ဒါရိုက်တာတစ်ယောက် ဗီဒီယိုရိုက်ဖို့ လာကမ်းလှမ်းတုန်းက တောင် မြဝါး ယတိပြတ်ငြင်းခဲ့သေးတာပဲ။

မြဝါးက ဘဝကို ပုံမှန်လေးပဲ ရှင်သန်ချင်တာ. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"သမီး မြဝါး အောက်ထပ်ကို မေမေနဲ့အတူ ဆင်းမအိပ်တော့ဘူးလား"

ကော်ဖီခွက်ကိုင်ပြီး အိမ်ကလေးထဲ ဝင်လာသော မေမေ့အသံကြောင့် အင်တာနက်ထဲမှ ဝတ်စုံနမူနာတွေကို ကြည့်နေရင်းမှ မြဝါးရုံလှည့်ကြည့်လိုက်သည်။

ထို့နောက် လက်တော့ပ် ပါဝါခလုတ်ကိုပိတ်လိုက်ပြီး မျက်မှန်ကလေးကို ချွတ်လိုက်သည်။

"ဆောရီး မေမေ သတို့သမီးဝတ်စုံ အသစ်ထုတ်ဖို့အတွက် ကုန်ကြမ်းရှာနေတာနဲ့ ညည ညဉ့်နက်သွားတယ်၊ အဲဒါနဲ့ပဲ အပေါ်မှာပဲ အိပ်ဖြစ်လိုက်တာ များသွားတယ်"

"အလုပ်ကြိုးစားတာလည်း ကြိုးစားပေါ့ သမီးရယ်၊ ဒါပေမဲ့ အချိန်မှန်အိပ် အချိန်မှန်စားဖို့တော့ လိုအပ်တာပေါ့ကွယ်၊ ဒါမှ သမီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ရည်ဉာဏ်သွေးတွေ စွမ်းအားမြင့်လာမှာပေါ့"

"သမီးအတွက် စိုးရိမ်ပေးတာ သင့်မိခင် မေမေ၊ ဒါပေမဲ့ ဒီလို တိတ်ဆိတ်ငြိမ်သက်တဲ့အချိန်ပဲ အလုပ်လုပ်လို့ကောင်းတာ မေမေရဲ့ နေ့ခင်းဘက်ဆိုရင် ကောင်မလေးတွေရဲ့ မော်တာနင်းသံတွေ၊ စက်ချုပ်သံတွေ စကားပြောသံတွေနဲ့ဆိုတော့ အလုပ်လုပ်လို့ မကောင်းဘူး"

"အေးပါ သမီးကလည်း အလုပ်အကြောင်းပြချက်ကောင်းနေတော့ မေမေ ဒီအတိုင်းလက်ပိုက်ကြည့်နေရုံပဲပေါ့"

"အဟင်း စိတ်ချပါ မေမေရယ်၊ သမီး ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ပါ့မယ်"

မြဝါးရုံ မိခင်၏ခန္ဓာကိုယ် သွယ်လျလျကို ချစ်စနိုးဖြင့် သိုင်းဖက်လိုက်သည်။

မြဝါးရုံ မိခင်သည် အသက်ကသာ လေးဆယ့်ငါးနှစ်ကျော်ကျော်သာရှိတာ အသိုင်းအဝိုင်းမှ ရွယ်တူတန်းတူတွေထက်စာလျှင် နုပျိုနေသေးသည်။

ဒေါ်မြကြည်ဖြူ ဆိုလျှင် လူပျိုဟိုင်း မုဆိုးဖို၊ တစ်ခုလပ် အားလုံးက အရေးပေး ဆက်ဆံချင်ကြတာချည်းပင်။

တချို့ဆို လက်ထပ်ခွင့်တောင် ပေါ်ပေါ်တင်တင် တောင်းကြတာ။

"ကဲ မေမေ သမီးအကြိုက် ကော်ဖီခါးခါးလေး ဖျော်လာတယ်၊ သောက်လိုက်ဦးနော်၊ ပြီးရင် မေမေနဲ့အပြင်မှာ လေညင်းခံရင်း စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောကြတာပေါ့၊ ဒါမှမဟုတ် ကော်ဖီခွက်ယူလာခဲ့ အပြင်မှာသောက်"

"ဟုတ် ကောင်းတယ် မေမေ"

မြဝါးရုံ မီခင် ကမ်းပေးသော ကော်ဖီခွက်ကို လှမ်းယူပြီး ထိုင်ရာမှ ထလိုက်သည်။

မီခင်နောက်မှ လိုက်ထွက်လာလိုက်ပြီး မြက်ခင်းပေါ်မှာ ချထားသော ခုံလေးတွေမှာ ကိုယ်စီဝင်ထိုင်လိုက်ကြသည်။

ပန်းရနံ့သင်းသင်းနှင့်အတူ လေပြည်တို့က တဟူးဟူးတိုက်ခတ်လွှန်းနေသည်။

"မေမေ အနွေးထည်လည်း ဝတ်မလာဘူးကွာ၊ လေက တအားတိုက်နေတာ၊ တော်ကြာ မနက်မိုးလင်းရင် ကိုယ်တွေလက်တွေ ကိုက်နေဦးမယ်"

မြဝါးရုံ မိခင်၏ကျန်းမာရေးကိုဝေစာ အထူးဂရုစိုက်သည်။ သူ့မဘဝမှာ တွယ်တာအားကိုးစရာဆိုလို့ ဒီမေမေတစ်ယောက်ထဲ ရှိတော့တာလေ။

"ရပါတယ် သမီးရယ်၊ မေမေ ခံနိုင်ရည်ရှိပါတယ်၊ ငါ့သမီးလေးနဲ့ စကားမပြောရတာ ကြာနေလို့ တက်ပြောဦးမယ်ဆိုပြီး ထွက်လာလိုက်တာ၊ အနွေးထည်ဝတ်ဖို့ မေ့သွားတယ်"

"ရော့ ဒါဆို ကော်ဖီပူပူလေး အရင်သောက်လိုက်လေ၊ ရင်ထဲနွေးသွားအောင်"

မြဝါးရုံ ကော်ဖီခွက် လှမ်းပေးတော့ ဒေါ်မြကြည်ဖြူ ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ငုံသောက်လိုက်သည်။

"မေမေ သမီးကို ပြောစရာရှိတယ်"

"အင်း မေမေကလည်း ကိုယ့်သမီးကို ပြောစရာရှိတာများ နိဒါန်းတွေ ပျိုးနေရသေးလား၊ ဒဲ့ပြောလိုက်ပေါ့"

"သမီးလေးက တစ်ဖက်သားရဲ့ဆန္ဒကိုဖြည့်ဆည်းနားလည်ပေး တဲ့ သမီးလေးမို့ မေမေ ပြောတာကို အကောင်းဘက်က မြင်ပြီး တွေးပေး ဖို့ မေမေ ကြိုပြောချင်တယ်"

မြဝါးရဲ့ မိခင်၏လိုရင်းမရောက်သေးသော နိဒါန်းပျိုးစကားလုံး တွေကြောင့် ခန္ဓာကိုယ်လေး လှုပ်ရမ်းပြီး ခပ်သဲ့သဲ့ရယ်လိုက်သည်။ ထို့ နောက် လေ်တိုက်၍ နဖူးစပ်မှာ ဝဲကျလာသော ဆံစတွေကို သပ်တင်ရင်း

"မေမေ ကြိုမပြောလည်း ရှော့ခ် မရှိဘူးနော်၊ မြဝါးတို့က ကိုယ့်မေမေဆီက နားမယဉ်တဲ့ စကားတွေ ထွက်လာလည်း မမှုဘူး၊ အဓိကက မေမေ စိတ်ချမ်းသာဖို့ပဲ"

"ကောင်းပြီလေ ဒါဆို မေမေ ပြောတော့မယ်နော်"

"အိုကေ ပြော ဟော့ဒီမှာ နားရွက်ကလေးက နားထောင်ဖို့ အဆင်သင့်"

"မေမေ အိမ်ထောင်ပြုမလို့ သမီး"

မေမေ့စကားကြောင့် ရယ်နေသော မြဝါးရဲ့ မျက်နှာမှာ အကြောင် အမ်းအမ်းလေး ဖြစ်သွားသည်။ ရုတ်တရက် မေမေ့ထံမှ ထွက်လာသော အကြောင်းအရာအတွက် ဘာမှကြိုတင်ပြင်ဆင်ချိန်မရှိလိုက်။



www.burmeseclassic.com

www.burmeseclassic.com



မြဝါး မေမေ့ကို သေချာကြည့်လိုက်သည်။

ပြီးနောက် စားပွဲဝိုင်းလေးပေါ် မေမေ တင်ထားသော ကော်ဖီခွက်ကို တစ်ရှိန်ထိုး မော့သောက်လိုက်သည်။

ပြီးနောက် ကြောင်အမ်းအမ်းဖြစ်နေသော မျက်နှာလေးမှာ တဖြည်းဖြည်းနှင့် အပြုံးရိပ်တို့ သန်းလာသည်။ မေမေ အရောင်ပြောင်းသွားသော မြဝါးရုံမျက်နှာကို ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် အကဲခတ်နေ၏။

''အဟင်း မေမေ့က ဟာသပဲ၊ အသက်လေးဆယ်ကျော်မှ ရင်ဘတ်ထဲက ရင်ခုန်သံတွေက ထပ်မံနိုးထလာပြန်ပြီပေါ့၊ အခု မေမေ သမီးကို အသိပေးတာလား၊ တိုင်ပင်တာလား၊ ခွင့်ပြုချက် ယူတာလား မေမေ''

''အကုန်လုံးပဲ သမီး၊ မေမေ့ဘဝမှာ ဒီအမေနဲ့ဒီသမီးပဲ ရှိတာလေ၊ ဒီတော့ မေမေ့အရေးကိစ္စက သမီးရဲ့အရေး ကိစ္စပဲလို့ မှတ်ယူပြီး မေမေ ဝိုင်းစဉ်းစားခိုင်းတာ၊ မေမေကတော့ ကိုထူးကို လက်ခံခေါင်းညိတ်ပြီးသွားပြီ သမီး''

မြဝါးရုံ တွေဝေသွားသည်။ ကိုယ်က သားသမီးလေ၊ မိဘဘာလုပ်လုပ် ကောင်းသည်ဆိုးသည် ဝေဖန်ပေးရုံကလွဲလို့ ကန့်ကွက်ခွင့်မှ မရှိတာ။

ကန့်ကွက်ခွင့်ရှိတယ်ထားဦး ထိုသို့သော ကန့်ကွက်ဆန့်ကျင်တဲ့ သားသမီးထဲမှာ မြဝါးရုံမှ မပါတာ။ ဒီတော့ မေမေ ဆုံးဖြတ်ပြီးသားကိစ္စ တစ်ခုကို မြဝါး ကန့်ကွက်တော့ရော မေမေ စိတ်အနှောင့်အယှက် ဖြစ်ရုံ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲရုံကလွဲပြီး ဘာများ ပိုထူးလာမှာတဲ့လဲ။ မေမေ စိတ်ဆင်းရဲတော့ မြဝါး စိတ်ချမ်းသာရမယ်တဲ့လား။

"အဟင်း ဟင်း ဟင်း ရယ်ရတယ် ဟား ဟား ဟား မေမေ အိမ်ထောင်ပြုရင် မေမေ့အုပ်ထိန်းသူနေရာမှာ သမီးနေရမှာပေါ့။ အဟား မီးမြင့်သွားပြီ"

"ဒါဆို သမီး လက်ခံတယ်ပေါ့"

ရင်တွင်းစိတ်တွေ ပေါ်မလာအောင် ရယ်သွမ်းသွေးနေမိသော မြဝါးရုံ မိခင်၏အမေးကြောင့် ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်သည်။

"ဒါပေါ့ အဲ တစ်ခုရှိတာ ဘယ်သူလဲ၊ ဘယ်ကလဲ ဘာလုပ်လဲ ဒါ အုပ်ထိန်းသူတစ်ယောက်အနေနဲ့ မေးတာနော် မေမေ"

လက်မလေးထောင်ကာ ပြောင်ချော်ချော်မေးနေသော မြဝါးရုံကိုကြည့်ပြီး ဒေါ်မြကြည်ဖြူ ရင်ထဲမှာ အလုံးကြီးကျသွားသလို ပေါ့ပါးလန်းဆန်းသွားသည်။

"နာမည်က ဦးညီထူးသာ တဲ့၊ ဘုရင့်နောင်မှာ ဆီပွဲရုံရှိရယ်၊ ဆန်ပွဲရုံနှစ်ခုရယ် ပိုင်တယ်၊ နောက်ပြီး ဖုံထဲမှာ ပလပ်စတစ် စက်ရုံတစ်ခု ပိုင်တယ်"

"ဒါဆို ဘောစိပေါ့၊ မေမေနဲ့ ခုမှ တွေ့တာလား"

"ဟင့်အင်း မေမေ့ ငယ်ရည်းစား"

"အိုး ဂေါ့ အဆက်ဟောင်းကြီးပေါ့"

"ဟုတ်တယ် သူလည်း လူလွတ်၊ ကိုယ်လည်း လူလွတ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က မေမေ့ကို ပြန်ချဉ်းကပ်လာတာနဲ့ မေမေလည်း ပြန်လက်ခံလိုက်တယ်"

"မေမေတို့ ဘာကြောင့် ယေယေက ကွဲသွားတာလဲ"

"မေမေနဲ့ချစ်သူဖြစ်နေတုန်း သူက မိုးကုတ်ဘက် တက်သွားပြီး ကျောက်သွားတူးတယ်၊ နှစ်နှစ်လောက်ကြာတော့ သူ့အသိုင်းအဝိုင်းက သူ သေပြီဆိုပြီး မေမေ့ဆီ သတင်းပို့အကြောင်းကြားတယ်၊ မေမေ ဘော်တော်လေး အလူးအလဲ ခံစားလိုက်ရတယ်၊ နောက်ဆုံး မိဘသဘော တူတဲ့သူနဲ့ လက်ထပ်ဖို့ မဖြစ်မနေ ခေါင်းညိတ်လက်ခံလိုက်ရတယ်"

မြဝါးရုံ မိခင်၏ဒဏ္ဍာရီကို ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်စားစွာ နားထောင်နေလိုက်သည်။

"သမီးလေးကိုမွေးပြီး သုံးလလောက်မှာ သူ မသေဘဲ မေမေ့ဆီ ရောက်လာတယ်၊ အဲဒီအချိန်မှာ မေမေ့ဘဝ ကမ္ဘာပြိုသလို ခံစားလိုက်ရတယ်၊ နောက်ဆုံး သမီးလေးမျက်နှာငဲ့ကွက်တာကြောင့်ရယ် အိမ်ထောင်တစ်ခုကို ဂုဏ်သိက္ခာရှိရှိ တည်ပြီးတာရယ်ကြောင့် မေမေ သူ့ကို ငြင်းဖို့ ကြိုးစားခဲ့တယ်၊ အဲဒီအချိန်ကတည်းက သူ့ကိုမေမေ မတွေ့ရတော့ နောက်ဆုံးသတင်းကြားလိုက်တာက သူ နိုင်ငံခြားထွက်သွားပြီဆိုတဲ့ သတင်းပဲ"

မေမေ့ဓာတ်လမ်းက နည်းနည်းကြေကွဲစရာကောင်းပြီး ရုပ်ရှင်ဆန်လွန်းနေသည်။ ဒီလိုအဖြစ်မျိုးက ရုပ်ရှင်တွေ ဗီဒီယိုတွေ ဝတ္ထုတွေမှာပဲ ကြုံဖူးတွေ့ဖူး ဖတ်ဖူးခဲ့တာ။ ခုတော့ ကိုယ့်မိခင်ကိုယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ရုပ်ရှင်ဆန်သည့် ဇာတ်လမ်းမျိုးနှင့် ကြုံရတယ်လို့။

မြဝါးစိတ်ထဲမှာ မေမေ့ကို မခွဲချင် မခွဲရက်။ သားအမိနှ ယောက် ဒီလို ညချမ်းမျိုးမှာ ခုလို အေးအေးဆေးဆေး ထိုင်စကားပြေ ခွင့်ရနေပေမယ့် နောင် အနာဂတ်မှာ ဒီလို ချမ်းမြေ့စရာကောင်းသေ အချိန်တွေကို သူများကို ပေးလိုက်ရတော့မှာ။

တွေးရင်း ရင်ထဲမှာ ဆို့တက်သွားသည်။ မြဝါး ထိုင်ခုံမှထက မေမေ့ရင်ခွင်မှာ ခိုဝင်လိုက်သည်။

အသားချင်း ထိကပ်နေသော မေမေနှင့်မြဝါးဟာ ဘာကြော များ မိုင်ပေါင်းများစွာ ကွာခြားသွားသလို ဖြစ်ရတာလဲ။

သို့သော် မြဝါး တခြားသားသမီးတွေလို ဆန္ဒပြ မကန့်ကွက်ခ ပါ။ အဓိကက မေမေ စိတ်ချမ်းသာ ပျော်ရွှင်ရဖို့ပဲ မဟုတ်လား။

ဒီလို အချိန်မျိုးမှာ ကိုယ့်အတွက်ကို မထူထောင်ဘဲနှင့် မိခင် ဆန္ဒကို ဖြည့်ဆည်းပေးတာဟာ မြဝါးအတွက် အင်မတန် မွန်မြတ်သ ခံယူချက်နှင့် တည်ဆောက်ထားသော ကောင်းသည့်အလုပ်ဖြစ်သည်

မြဝါးရဲ့ သူငယ်တန်းတက်သည့်နှစ်မှာ ဖေဖေဟာ သူများသ လို့ သေခဲ့ရသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဘဝကို ခံယူရင်း မြ ဒီလိုဘဝမျိုး ပိုင်ဆိုင်လာနိုင်အောင် မေမေ့ရဲ့ မေတ္တာတရားတွေ တွေ အင်အားတွေ ဘယ်လောက် ပေးဆပ်ခဲ့ရသလဲ။

အခု မြဝါးရဲ့ မေမေ့ကို ပြန်ငုံ့ကြည့်ရတော့မှ တိမ်မြုပ်နေ အချစ်တစ်ခုဟာ မေမေ့ဘဝကို ပြန်လည် လန်းဆန်းလာကောင်းပါ

www.burmeseclassic.com



လောကမှာ အချစ်မရှိသည့်ဘဝဟာ ရေသောက်မြစ်မရှိတဲ့ဘဝ နှင့် အတူတူပဲလို့ မြဝါး ကြားဖူးသည်။ အဲဒီဘဝဟာ တဖြည်းဖြည်း ခြောက်သွေ့ နွမ်းကြွေပြီး လောကကြီးထဲက အထီးကျန်စွာနဲ့ ပျောက်ဆုံး သွားတတ်ကြတယ်။

မြဝါးရဲ့ကတော့ မေမေ၏ ကျန်ရှိနေသော အနာဂတ်အပိုင်းအစ လေးကို အထီးကျန်စွာနှင့် မကုန်ဆုံးစေရ။

ဒီတော့ မေမေ လက်ထပ်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟယ် ကြားရတာ ငါတို့နားတောင် ငါတို့ မယုံချင်ဘူး မြဝ်း ရယ်၊ အန်တီလေးက တကယ် အိမ်ထောင်ပြုတော့မယ်ပေါ့ ဟုတ်လား"

ဖွန့်၏ တအံ့တသြအမေးကို မြဝါးရုံ စိတ်ရှုပ်စွာဖြင့် ခေါင်းညိတ် လိုက်သည်။

"လူပျိုကြီးလား မုဆိုးဖိုလား တစ်ခုလပ်လား"

နိုင်လေးအမေးကြောင့် မြဝါးရုံ သက်ပြင်းခပ်ဖျော့ဖျော့ချလိုက် ပြီး ပြာလွင်လွင် မိုးကောင်းကင်ကြီးကို မော့ကြည့်လိုက်သည်။ ဖြေရမှာ မျက်နှာပင် ပူမိသေး။

"နှစ်ခုလပ်"

ဆတ်တောက်တောက် ဖြေလိုက်သော မြဝါးရုံ၏ အဖြေကြော ကြောင့် နိုင်လေးရော ဖွန့်ရော ခွိခနဲ ရယ်လိုက်သည်။ ပြီးနောက် မြဝါးရုံကို အားနာသွားဟန်ဖြင့် မျက်နှာပိုးသတ်လိုက်ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘောစိလား"

"ဟုတ်တယ် သူ့ငယ်ရည်းစား"

"ပြော် အတိတ်က ဇာတ်လမ်းတွေရှိခဲ့တာကို၊ ဒီလို အစီအစဉ်တွေရှိလို့ နင့်အမေက နင့်ကို အတင်းအိမ်ထောင်ချပေးချင်နေတာလား မသိဘူး၊ နင်က လုံးဝမယူဘူးပဲ တင်းခံနေလို့ နောက်ဆုံး သူပဲ ယူလိုက်တာ ဖြစ်မယ်"

"အေး ဟုတ်တယ် ဖွန်ပြောတာ ဖြစ်နိုင်တယ်"

"ငါလည်း နင်တို့တွေးသလို တွေးမိလိုက်ပါတယ်ဟာ၊ ညကဆို အိပ်လို့တောင် မပျော်ဘူးဟယ်၊ ငါ့ရင်ဘတ်ထဲကနေ ကလီစာတစ်ခုကို ဆွဲနှုတ်လိုက်သလိုမျိုး ခံစားလိုက်ရတယ်"

"ဒါဆိုလည်း တားပေါ့ဟဲ့၊ နင် သဘောမတူရင် နင့်အမေ ရှေ့ဆက်တိုးမှာ မဟုတ်ပါဘူး"

"ဟင့်အင်း ငါ အဲဒီလိုမျိုး မလုပ်ချင်ပါဘူး၊ ရုပ်ရှင်တွေ ဝတ္ထုတွေထဲကလိုမျိုး မိဘတွေ အိမ်ထောင်ပြုရင် သားသမီးတွေက အပြင်းအထန်ကန့်ကွက်ကြ၊ တားမရရင် မိဘတွေကို အဲဒီသားသမီးတွေက ရန်လုပ် ပထွေးကို ရန်လုပ်နဲ့ အိုဗာဖြစ်လွန်းပါတယ် ခိုင်လေးရာ"

"မဆိုးဘူး နင် အမြင်ကျယ်သားပဲ၊ နင်လည်း တစ်ချိန်အိမ်ထောင်ပြုမှာပဲ၊ နင့်အမေသာ ခုလို အိမ်ထောင်သစ်တစ်ခု ပြန်မထူဘူးဆိုရင် သူ အထီးကျန်နေလိမ့်မယ်"

"ခုလောလောဆယ်တော့ ငါက အထီးကျန်ရော့မှာ



www.burmeseclassic.com

www.burmeseclassic.com



အသေအဲချာပဲလေ"

"ဒါနဲ့ နင့်ဖေဖေလေးကိုရော နင် မြင်ဖူးလား"

"မမြင်ဖူးဘူး၊ ငါ့မေမေကလည်း ချောတော့ မေမေ့ငယ်ရည်းစားကလည်း လှမှာပေါ့ဟဲ့"

"နင့်ဖေဖေလေးက နင့်အမေကို ချစ်မှာပါ၊ ဘာပဲဖြစ်ဖြစ် နင် ကျေနပ်ပေးလိုက်ပါဟာ"

"ကျေနပ်ပေးပါတယ်၊ ငါ့ရင်ထဲမှာ ဘယ်လောက် ဝမ်းနည်းဝမ်းနည်း ငါ့ရဲ့ဝမ်းနည်းမှုကို ငါ ဘယ်တော့မှ ထုတ်မပြဘူး၊ ငါ တစ်ယောက်တည်း ကြိတ်ပြီး ခံစားမယ်၊ တစ်ခုပဲရှိတယ်"

"ဘာတစ်ခုလဲ"

"ငါ့အသိုင်းအဝိုင်းတွေကြားထဲမှာ မေမေ နောက်အိမ်ထောင်ပြုတဲ့ကိစ္စကို မပြောရဲဘူး၊ ရှက်တယ်၊ မေမေ့ကို အထင်သေးသွားကြလိမ့်မယ်"

"ဒါကတော့ ဘယ်တတ်နိုင်ပါ့မလဲ မြဝါးရယ်၊ နင် ဖန်တီးတဲ့ကိစ္စမှ မဟုတ်တာ၊ သူ့ဟာသူ ဖြစ်ချိန်တန်ဖြစ်တယ်လို့ပဲ သဘောပိုက်ရတော့မှာပေါ့"

"အင်းလေ နောက်ဆုံးတော့ ဒီလိုပဲ ဖြေသိမ့်ရတော့မှာပေါ့"

"ခုရော နင့်မားသားကြီး ဘယ်သွားလဲ"

"မနက်က သူ့လူကြီး ဖုန်းဆက်ခေါ်လို့ ထွက်သွားတာပဲ"

"လက်ထပ်ဖို့ကိစ္စ လုံးပန်းနေကြတာ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နိုင်လေးက တွေးတွေးဆဆ ဟန်လေးဖြင့် ခေါင်းတညိတ်ညိတ် လုပ်ကာ ထင်ကြေးပေးသည်။

"မဟုတ်ဘူး ထင်တယ်၊ စိန်တိုက်တစ်ခုမှာ မေမေ့အတွက် စိန်ထည်တွေ အော်ဒါမှာထားလို့လား မသိဘူး။ အဲဒါကြောင့် ဖုန်းဆက် ခေါ်တာ၊ ငါလည်း အသေအချာတော့ နားမထောင်မိလိုက်ဘူး။ ထင်ကြေး ကို ပြောတာ"

"နင့်အမေ ကံကောင်းပါတယ်"

ဖွန် စကားကြောင့် မြဝါးရဲ့ ယဲ့ယဲ့ပြုံးဖြစ်သည်။ နှစ်ခုလပ်ကို ယူတဲ့ မေမေ ကံကောင်းပါစေလို့ မြဝါးလည်း ဆုတောင်းနေရသူပါ။

"မေမေ ကံကောင်းပါစေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဘယ်လို မေမေ၊ သမီးက မေမေ့လူကြီးအိမ်မှာ လိုက်နေရမယ် ဟုတ်လား"

ထိတ်လန့် အံ့ဩခြင်းတွေ သူ့မမျက်နှာပေါ် ဆန်တက်ကာ မိခင်ဖြစ်သူကို ကျိန်းသေရန် ပြန်မေးလိုက်ခြင်း ဖြစ်သည်။ မြဝါးက ပထွေးအိမ်မှာ လိုက်နေရမယ်တဲ့လား။ ဒါ လုံးဝ အဓိပ္ပာယ်မရှိတဲ့ အစီအစဉ်ပဲ။

မေမေ ခေါ်ရက်ပေမယ့် မြဝါးကတော့ ဘယ်လိုမှ မလိုက်ရဲ။

"ဟုတ်တယ် သမီး၊ မေမေ သမီးကို ဒီမှာ တစ်ယောက်တည်း မထားခဲ့နိုင်ဘူး"

"ကျွတ် မေမေရာ မေမေ့အစီအစဉ်ကို ပြောင်းလိုက်ပါ၊ သမီး ဘယ်လိုမှ လိုက်မနေနိုင်ဘူး၊ ပထွေးတစ်ယောက်အိမ်မှာ သွားပါသမီး ပါ လိုက်နေတယ်ဆိုတဲ့ အများက ကဲ့ရဲ့ဝေဖန်မှာကို သမီး မနှစ်မြို့ဘူး



www.burmeseclassic.com

www.burmeseclassic.com



မေမေ၊ လက်လည်းမခံချင်ဘူး''

''သမီးရယ် မေမေလည်း ဘယ်လိုမှ မတတ်သာလို့ စိစဉ်လိုက်ရတာပါကွယ်၊ မေမေ့အပေါ် နားလည်လက်စနဲ့ နားလည်ပေးစမ်းပါကွယ်''

မြဝါး ပခုံးမှာ သိုင်းထားသည့် ပေကြိုးကိုဆွဲယူပြီး ဘေးနားမှ ပိတ်စခြင်းထဲသို့ ပစ်ထည့်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

ပြီးနောက် အပြာရောင်လိုက်ကာစလေးကို ဖယ်ရှားပြီး ပြတင်းပေါက်မှာ အမိပွာယ်မဲ့ ရပ်ငေးနေလိုက်သည်။

''သမီးကို ဟိုမှာ လိုက်နေဖို့ မေမေ့ဆန္ဒအပြင် ကိုထူး ဆန္ဒလည်း ပါတယ် သမီး၊ မေမေက သူနဲ့လိုက်နေရင် ဒီမှာ သမီးတစ်ယောက်တည်း နေခဲ့ရမှာကို မေမေတင်မဟုတ်ဘူး ကိုထူးပါ စိတ်မချဖြစ်နေလို့ သမီးကိုပါ တစ်ခါတည်းခေါ်ခဲ့ဖို့ မေမေ့ကိုပါ အသေအချာ ပြောရတာ''

''အိမ်ခြေရာခြေမရှိတဲ့သူဆိုရင်တော့ ဟုတ်တာပေါ့ မေမေရယ်၊ ခုဟာက သမီးမှာ နေစရာလည်းရှိတယ်၊ လုပ်စရာအလုပ်လည်း အခြေတကျရှိတယ်၊ ငွေကြေးအားဖြင့်လည်း ဘာမှပူပန်စရာမရှိဘူး၊ နောက်ပြီး သမီးကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တဲ့အရွယ် ရောက်နေပြီပဲ''

''ဒါတော့ ဒါပေါ့ သမီးရယ်၊ ဒါက သမီးဘက်က အမြင်ပဲရှိသေးတာလေ၊ မေမေ့ဘက်က အမြင်ကျတော့ သမီးကို တစ်ပေးလက်တည်း ဘယ်လိုထားခဲ့ရက်မလဲ၊ မေမေ နေသာနေနေရမှာ ဘယ်လိုလုပ်စိတ်ဖြောင့်မှာလဲ သမီးရယ်၊ မေမေ့ဘက်ဝင်ပြီး စဉ်းစားကြည့်ပေးပါဦး''



www.burmeseclassic.com

www.burmeseclassic.com



မေမေမျက်နှာငယ်လေးဖြင့် ပြောနေသဖြင့် လေသံမြင့်သွားသော ကိုယ့်အသံကို ကိုယ်ပြန်ဘရိတ်အုပ်ဖို့ မြဝါးရုံ သတိလေး အမြန်ကပ်လိုက်ရသည်။

"ဆော ဆောရီး မေမေ သမီး အသံနည်းနည်းမာသွားတယ်"

မိခင်ဖြစ်သူကို အလျင်အမြန် တောင်းပန်လိုက်သည်။

"ရပါတယ် သမီးရယ်၊ သမီး ခုလိုမျိုး စိတ်အနှောင့်အယှက် နည်းနည်းဖြစ်သွားမယ်ဆိုတာ မေမေ သဘောပေါက်ပါတယ်၊ သမီးဆီကို ကိုထူး လာလိမ့်မယ် သမီး"

"ဟင် ဘာလာလုပ်မှာလဲ"

အလိုမကျဟန်ဖြင့် နှုတ်ခမ်းလေး စုကျုံ့ကာ မေးလိုက်သည်။

"သူ့တိုက်မှာ သမီးကိုလာနေဖို့ မရရအောင် ခေါ်မှာတဲ့၊ အရင်ဆုံး မေမေ ခေါ်ကြည့်တာ မရတဲ့အဆုံး သူကိုယ်တိုင် လာခေါ်မှာ"

"ကျွတ် စိတ်ပျက်ပါတယ် မေမေရာ၊ မေမေ့လူကြီးကို သမီး မြင်လည်းမမြင်ဖူးဘူး၊ ဖြန်းခနဲ တွေ့ရင်လည်း သမီး ဖော်ဖော်ရွေရွေ မပြောတတ်ဘူး။ သမီး မျက်နှာပူတယ်"

"ဘာ မျက်နှာပူစရာလိုလဲ သမီးရယ်"

"သူစိမ်းတွေနဲ့ သမီး တစ်အိမ်တည်း အတူမနေတတ်ဘူး၊ နောက်ပြီး ဒီက အလုပ်ခန်းကို သမီးက ဟိုကို ရွှေ့ရမှာလား"

"ရွှေ့စရာမလိုပါဘူး သမီးရယ်၊ သမီးအလုပ်ကိုတော့ ဒီနေရာလေးမှာပဲ ပုံမှန်လည်ပတ်ပေါ့၊ အောက်ထပ်ကို မော်တာတွေ အပ်ချုပ်စက်



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ပန်းထိုးစက်တွေ အကုန်ရွှေ့ပြီး အပေါ်ကို ရှုံးခန်းသက်သက်ပဲ ထားလိုက်ပေါ့၊ အလုပ်သမား ကောင်မလေးတွေလည်း အောက်မှာဆို တော့ ကျယ်ကျယ်ဝန်းဝန်း ရှိတာပေါ့၊ အဲ ညဘက်ပြန်အိပ်ရင်သာ မေမေ့ဆီ ပြန်လာခဲ့ပေါ့၊ ဟိုမှာလည်း တိုက်ခန်းလွတ်တွေ ရှိတယ်၊ သမီး ကြိုက်တဲ့အခန်းနေ”

မြဝါး မိခင်ကို ဘာမျှစောဒကမတက်ဘဲ ပိုးစလေးတစ်စကို အမိပွာယ်မဲ့ လိမ်ကျစ်နေလိုက်သည်။

နောက်ဆုံးတော့ ကိုယ်ဟာ သားသမီးပဲ။ မိဘနှင့်အတိုက်အခံ လုပ်နေ၍ ဘာမှအကျိုးထူးလာမှာမှ မဟုတ်တာ။

ဒီတော့ လိုက်လျောလိုက်ရုံပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ညက ညဥ့်နက်သည့်အထိ အလုပ်လုပ်လိုက်သဖြင့် မနက်ခင်း အိပ်ရာမှနိုးတော့ မြဝါးရဲ့ ခေါင်းတွေ သိပ်မကြည်လင်။

ခုတင်ပေါ်မှ နိုးခွေစွာ ထလိုက်သည်။ နံရံကပ်နာရီကိုကြည့် လိုက်တော့ ခြောက်နာရီပင် မထိုးသေး။

ဆက်အိပ်၍လည်း မရတာနှင့် မြဝါး လေ့ကျင့်ခန်းလုပ်ပြီး လေရှူရန် အိမ်ရှေ့ကို အရင်ဆုံး ထွက်လာလိုက်သည်။

အိမ်ရှေ့တံခါးဖွင့်လိုက်သည်နှင့် မြဝါးအကြည့်တွေက မြက်ခင်း ပေါ်က စားပွဲခုံအဝိုင်းလေးဆီသို့ အရင်ဆုံး ရောက်သွားသည်။

"ဟင် ပန်းစည်းလေးပါလား"

မြဝါး ပန်းစည်းလေးရှိရာသို့ ကမန်းကတန်း ပြေးထွက်လာလိုက် ၏။

ခရမ်းရောင် လီလီပန်းပွင့်ကြီးတွေက လှလိုက်သည့်ဖြစ်ခြင်း။ ဒါကို ဘယ်သူလာထားသွားတာပါလိမ့်။ မြဝါးရဲ့ လှပလွန်းသော ပန်းစည်း



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်ပြီး စိတ်ထဲ ဖဝေဖဝါ ဖြစ်နေသည်။

ထို့ကြောင့် ပန်းစည်းပိုက်ပြီး အောက်ထပ်ကို ဆင်းလာခဲ့လိုက်သည်။

"မေမေ မေမေ"

အိမ်ထဲဝင်ဝင်ချင်း တကြော်ကြော် အော်ခေါ်နေသဖြင့် မေမေ မီးဖိုခန်းထဲမှ ထွက်လာသည်။

"ဘာလဲ သမီး"

"ဒီပန်းစည်း ဘယ်သူလာထားသွားတာလဲ သိလား"

ရှေ့ကို အတင်းထိုးပြနေသော ပန်းစည်းကြီးကို မေမေကြည့်ပြီး ပြုံးလိုက်သည်။

"မေ ဘာရယ်တာလဲလို့ မသိလို့ မေးပါတယ်ဆိုမှ ကျိုင်ပဲ"

"မျက်နှာရော သစ်ပြီးရဲ့လား သမီးရယ်၊ မျက်နှာလေး ဘာလေးသစ်ပြီးမှ မေမေ့ကို လာမေးပါတော့လား၊ ကြည့်ပါဦး ညဝတ်အင်္ကျီကြီးနဲ့"

မေမေ ပြောမှပင် မြဝါး ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်လိုက်သည်။

အဝါရောင် ဖျော့ဖျော့ပေါ်မှာ ကာတွန်းအရုပ်ကလေးတွေပါသော ဘောင်းဘီပွပွ အင်္ကျီပွပွ ညအိပ်ဝတ်စုံကြီး ဝတ်ထားပြီး ဖရိုဖရဲ ဆံပင်ကျနေသော မြဝါး၏ ပုံစံက တကယ့်ကို ဖရိုဖရဲ။

"အာ မေမေရာ ကိုယ့်အိမ်ပဲ၊ ဒါက အရေးမကြီးပါဘူး"

"အို မကြီးလို့ ရမလား၊ သမီးရဲ့ ခုလို ပုံစံ ဖရိုဖရဲကို ကြည့်သည်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သည့်တွေ မြင်သွားကြည့် ဝိုင်းရယ်ကြမှာပေါ့''

မေမေက ထမင်းစားခန်းထဲကို စိတ်မလုံသလို လှည့်ကြည့်ရင်း ပြောသဖြင့် မြဝါး ဒတ်လိုက်သည်။ ဒါဟာ ထမင်းစားခန်းထဲတွင် တစ်စုံတစ်ဦး ရောက်နေသည်ဆိုသည့် သဘော။

''အထဲမှာ ဘယ်သူရှိလို့လဲ မေမေ''

မေမေ ဘာမှမပြောဘဲ ရယ်သည်။ မေမေ ရယ်လျှင် လှသည်ဟု ဘာရယ်မဟုတ် စိတ်ထဲမှာ မှတ်ချက်ချလိုက်သေးသည်။

''မေ ပြောလေ ဘယ်ဧည့်သည် ရောက်နေတာလဲလို့၊ သမီးမေးတာ မဖြေဘဲ ဘာလို့ ရယ်နေတာလဲ''

ကလေးဆန်လွန်းစွာ နှုတ်ခမ်းစူပြီး ပြောလိုက်သော မြဝါး ပုံစံလေးကိုကြည့်ပြီး မေမေ ရယ်မြဲတိုင်းရယ်ကာ မြဝါးလက်ကလေးကို လှမ်းဆွဲ၏။

''လာ သမီး မေမေတို့ ထမင်းစားခန်းထဲ သွားကြမယ်''

မေမေ ဆွဲခေါ်ရာ ထမင်းစားခန်းဆီသို့ ဘုမသိဘမသိ လိုက်လာ လိုက်သည်။

ထမင်းစားခန်းထဲရောက်တော့ ဖြူဖြူခန့်ခန့်နှင့် မေမေနှင့် ရွယ်တူလောက်ရှိမည့် အလွန်ဆုံးကြီးလည်း နှစ်နှစ် သုံးနှစ်ခန့်ကြီးမည့် အန်ကယ်ကြီးတစ်ယောက်။ ပြုံးပြီး မြဝါးတို့သားအမိ ဝင်လာသည်ကို လှမ်းကြည့်နေသည်။

ရုတ်တရက် မြဝါး ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာပါ သမီးရဲ့"

မေမေ ဖွတ်အတင်းခေါ်သဖြင့် မြဝါးရုံ မဝံ့မရဲဖြင့် မေမေ ဆွဲခေါ်ရာနောက်သို့ ပေကပ်ကပ် လိုက်လာလိုက်သည်။

"မောနင်း သမီး မြဝါးရုံ"

"အဟင်း မော မောနင်းပါ အန်ကယ်"

မြဝါး အရှက်ပြေရယ်ကျဲကျဲ အမူအရာလေးနှင့် ခေါင်းလေး ဆတ်ကာ နှုတ်ဆက်လိုက်သည်။

ဒါ မေမေ့လူကြီးပဲဖြစ်လိမ့်မည်ဟု စိတ်မှာ တစ်ထစ်ချ တွေး လိုက်သည်။

"သမီး တအံ့တသြ ဖြစ်နေတဲ့ ပန်းစည်းလေးက ကိုထူးက သမီးအတွက် ဝယ်လာတာကွဲ့"

"ဟုတ်ပါတယ် သမီး၊ ဒီပန်းစည်းလေးနဲ့ သမီးလေးရဲ့ ဒယ်ဒီ ဖြစ်ခွင့်ပေးဖို့ တောင်းဆိုချင်တာပါ"

ယဉ်ကျေးပါးနပ်လွန်းနေသော စကားကြောင့် မြဝါး ရင်ထဲမှာ အနည်းငယ်တော့ နှစ်လိုသွားသည်။

"မေမေ လက်ထပ်မယ့် ခင်ပွန်းဟာ မြဝါးရုံရဲ့ အဖေဖြစ်ရမှာ ပေါ့ အန်ကယ်"

"အရမ်းဝမ်းသာပါတယ် သမီး၊ ဒါဆို သမီးက ဒယ်ဒီ့ကို ဖခင်အဖြစ် နွေးထွေးစွာ ကြိုဆိုလက်ခံပြီပေါ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မြဝါးရုံ အလိုက်သင့် ခေါင်းညိတ်လိုက်သည်။

"မေမေ သမီးအပေါ်မှာ မျက်နှာသစ် ရေမိုးချိုးလိုက်ဦးမယ်"

"အေး သွား သမီး၊ မေမေတို့ သမီးဆင်းလာမှ မောနင်းစာ စားမယ် ဟုတ်ပြီလား"

"ဟုတ်"

မြဝါးရုံ ပန်းစည်းလေးကိုင်ပြီး မေမေနှင့် ဖေဖေ အသာစ်ရှေ့မှ လှည့်ထွက်လာခဲ့လိုက်သည်။

ဒီနံနက်ခင်းရဲ့ ခံစားမှုကြီးက မြဝါးရုံအတွက်တော့ တအုံနွေး နွေးပါပဲလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"မြဝါးရေ ညည့်သည်"

လက်တော့ပ် တစ်လုံးဖြင့် အလုပ်ရှုပ်နေသော မြဝါးရဲ့ ညည့်သည်ဆီ၌ ကျွတ်ခနဲ စုတ်သပ်လိုက်သည်။ ရှိုးပွဲအတွက် အလုပ်တွေ ရှုပ်နေပါတယ်ဆိုမှ ဘယ်ကညည့်သည်က လာပြန်ပြီလဲ။

"ဝတ်စုံအပ်မယ့် ကာစတန်မာလား ဖွန်"

လှည့်မကြည့်ဘဲ မေးလိုက်သည်။

"ဝတ်စုံအပ်မယ့် ကာစတန်မာဆို ငါတို့ဖာသာ လက်ခံထားလိုက်လို့ရတယ်၊ အခု ညည့်သည်က နင် ကိုယ်တိုင် ထွက်တွေ့မှ ပြန်မယ့် ညည့်သည် လူ့ပေတလူးလေး"

ရယ်သံနှောပြီး ပြောနေသော ဖွန့်အသံကြောင့် မြဝါး သက်ပြင်းတို့ ဟင်းခနဲ ချလိုက်ပြီး ဒီဇိုင်းနမူနာထုပ်ထားသောပုံတွေကို ဆော့ဝဲထားခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဘောင်ကို ကျောပေးမှီရပ်နေသော ညီဇကို တွေ့တော့ မြဝါး မျက်နှာလေး တည်တင်းတင်းလေး ဖြစ်သွားသည်။

"မင်း အားလို့ လာလည်ပေမယ့် တို့ မအားဘူး ညီဇ အလုပ်တွေ ရှုပ်နေတယ်"

ညီဇ အုတ်ဘောင်ကို မှီရပ်နေရာမှ ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီး သေသေသပ်သပ် ခပ်တိုတိုညှပ်ထားသော ဆံနွယ်ပျော့ပျော့တွေထဲ လက်ချောင်းတွေ ထိုးသွင်းဆွဲဖွာရင်း ရယ်လိုက်သည်။

"ညေ့သည်နှင်တာလည်း ကဗျာမဆန်လိုက်တာ၊ ကိုယ်လာတာ အလုပ်ကိစ္စနဲ့လာတာ"

အလုပ်နှင့်လာတာဆို၍ နှုတ်ဆိတ်နားစွင့်လိုက်သည်။

"ကိုယ် သတို့သမီးဝတ်စုံ အပ်ချင်လို့"

မြဝါးရဲ့ မဲ့ပြုံးပြုံးလိုက်သည်။ ဖာတ်လမ်းလာထွင်နေတာကို မသိတာ မှတ်လို့။

"ဩော် ဘယ်သူလဲ ရှင်လား၊ ကျွန်မ မြင်တာတော့ ရှင်က ယောကျ်ားစစ်စစ်ကြီး ဘယ်လိုဖြစ်လို့ အသွင်ပြောင်းသွားတာလဲ၊ ကျေနှ သူတော်စင်သူတော်မြတ် ပုဂ္ဂိုလ်တစ်ပါးပါးကို ရှင် ပစ်မှားလိုက်ပြီထင် တယ်"

မြဝါး အတည်ပေါက်နှင့် နောက်လိုက်သည်။ ညီဇ မျက်နှာမှာ ရဲခနဲ ဖြစ်ပြီး မဲ့ဆင်းသွားသည်။

"ဟာ မဟုတ်ပါဘူး၊ ကိုယ့်ကောင်မလေးအတွက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဒါဆိုလည်း ရှင့်ကောင်မလေး သတို့သမီးလုပ်မယ့်သူကို ခေါ်ခဲ့လေ၊ အဲဒီကျမှ အလုပ်စကားပြောတာပေါ့၊ ခုတော့ ကျွန်မ အချိန်မပေးနိုင်သေးဘူး"

ညီဇ ရှေ့မှ မြဝါး လှည့်ထွက်ဖို့ ခြေလှမ်းပြင်လိုက်သည်။

"ဘယ်လိုခေါ်လာရမှာလဲ၊ ကိုယ့်ကောင်မလေး ဆိုတာ ကိုယ့်စိတ်ကူးအိပ်မက်ထဲမှာပဲ ရှိသေးတာ၊ အင်း စိတ်ကူးထဲက ကိုယ့် ကောင်မလေးပုံရိပ်က မြဝါးရုံလိုဖဲ အရပ်အမောင်း ပုံပန်းသဏ္ဍာန်အားလုံး အဆင်းတူလောက်ဖြစ်မယ် ထင်တယ်"

"ဒါဆိုလည်း ရှင့်ဖာသာ ရှင့်စိတ်ကူးနဲ့ပဲ ရူးပါတော့လား၊ ကျွန်မ ရှင့်လို ဂျလေပီ မဟုတ်ဘူးနော်၊ ကျွန်မကို လာမနှောင့်ယှက်နဲ့၊ ခုလို လာရောလို့လည်း ကျွန်မ ရှင့်ကို ရင်ခုန်မှာမဟုတ်ဘူး၊ ကျွန်မက အရည်မရ အဖတ်မရ ရှာစဉ်ကိုးစဉ်လျှောက်သွားပြီး အချိန်ဖြုန်းတတ်တဲ့ ယောကျ်ားမျိုးဆို အထင်မကြီးတတ်ဘူး၊ ဒီထက် နစ်နစ်နာနာ ထပ်ပြီး ပြောမထွက်ခင် ရှင်ဒီကနေ အမြန်လစ်လိုက်တော့"

မြဝါးရုံ ခပ်တင်းတင်း ပြောနေတာတောင် ညီဇ လုံးဝမမှုသည့် ပုံစံဖြင့် မျက်စလေး ပစ်ကာ ရယ်လိုက်သေးသည်။

ရှုပ်ယှက်ခတ်နေသော ဝတ်စားဆင်ယင်မှုနှင့် ခေတ်ရှေ့ပြေး လွန်းနေသော ညီဇ၏ပုံကို မြဝါးရုံ နည်းနည်းလေးမှ ကြည့်ရတာ မဟုတ်။

စူးရှသော မျက်ဝန်းတွေက ရဲတင်းလွန်းနေပြီး မြဝါးထံမှ ခွာ တော့သော ညီဇ၏ အကြည့်ရိုင်းတွေကို မြဝါးရုံ နည်းနည်းလေးမှ



www.burmeseclassic.com

www.burmeseclassic.com



မနေစေပြီ မိ။

ဒီလူကိုပြန်ရန် ဘယ်လိုနှင်ရမည်လဲ။

"ကဲ တအောင့်နေရင် မော်ဒယ်တစ်ယောက် ဝတ်စုံလာရွေးတော့မယ်၊ ကျွန်မနဲ့သူ အလုပ်ကိစ္စ စကားပြောစရာရှိတယ်၊ ဒီတော့ရှင် ပြန်ပေးဖို့ မေတ္တာရပ်ခံပါတယ်"

"အိုကေ ပြန်မယ်လေ၊ ညကျရင် ဖုန်းဆက်မယ်၊ ဖုန်းကိုင်မယ်လို့ ကတိပေးရင် ခုချက်ချင်း လှည့်ပြန်လိုက်မယ်"

"အင်း ကတိပေးတယ်၊ ရှင်ပြန်တော့၊ ခုချိန်မှာ ကျွန်မ စကားမပြောချင်ဆုံးသူက ရှင်ပဲလေ"

ညီဇ ပန်းနှစ်ဖက်ကို ဟန်ပါပါတွန့်ရင်း ဘောင်းဘီအိတ်ထဲလက်နှိုက် မြဝါးကို ခါးကိုင်းဦးညွှတ်ပြီး မြဝါးရှေ့မှ ထွက်သွားသည်။

မြဝါးရဲ့ ညီဇ ကျောပြင်ကို မကျေမနပ်ဖြင့် မျက်စောင်းရွယ်ပြီးအလုပ်ခန်းထဲသို့ လှည့်ဝင်ခဲ့လိုက်သည်။

အိမ်ထဲရောက်သည်နှင့် တခြား ဝန်ထမ်းမိန်းကလေးတွေကမြဝါးကို မသိမသာ လှမ်းကြည့်အကဲခတ်ကြသည်။

မြဝါး ခပ်တည်တည်ဖြင့် အလုပ်ခန်းထဲ ပြန်ဝင်လာလိုက်သည်။

ဖွန်နှင့်ခိုင်လေး မြဝါးနောက်မှ ကပ်လိုက်လာကြသည်။

"ဟော့ ဘာတွေလာချွေသွားတာလဲ မြဝါး"

ဖွန့်အမေးကြောင့် မြဝါး စိတ်ပျက်စွာဖြင့် မဲ့လိုက်သည်။

"အလကားပါဟာ ထုံးစံအတိုင်း လာကြော်တာပဲပေါ့၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် သူ့ကိုနှိမ်ချဝေဖန်လည်း သူ နာရကောင်းမှန်း မသိဘူး"

"နင့်ကို တကယ်ကြွေနေတာလားမှ မသိတာ"

"သူ့ဟာသူ ကြွေရုံမကလို့ ကြေပဲကြေကြေ ငါကတော့ လုံးဝ စိတ်မဝင်စားဘူး"

"နင် စိတ်ဝင်စားတဲ့သူကို ငါ သိပါတယ်"

ခိုင်လေး လေပြည်ထိုးကာ မချိုမချဉ် မျက်နှာထားဖြင့်ဆိုတော့ မြဝါးရုံ ခိုင်လေးကို မျက်လုံးအဝိုင်းသားနှင့်ကြည့်ကာ မေးဆတ်လိုက်ပြီး

"ငါ ဘယ်သူ့ကိုကြွေနေတယ်ဆိုတာ ငါ့ကိုယ်ငါတောင် မသိဘူး၊ နင်တို့က ငါ့ထက်ပိုသိတယ်ပေါ့ ဟုတ်လား"

"သိတာပေါ့"

ခိုင်လေး မျက်နှာကို မော့ပြီး ခပ်တေ့တေ့ပြုံးလိုက်သည်။

"ဒါဆို ဘယ်သူလဲ"

"ဗေလုဝ"

"ဟယ် အဟိ ငါက ဗေလုဝလိုလူမျိုးကို ကြိုက်နေတယ် ဟုတ်လား၊ နင်က ငါ့ထက်တောင် ပိုသိနေမှတော့ အဲဒီ ဗေလုဝကို နင် အရင်ကြိုက်ကြည့်လိုက်ပါလား အစုတ်ပလုပ်မရဲ့"

မြဝါးရုံ ခိုင်လေး ပြောသည့် ဗေလုဝကို မျက်စိထဲ ပြေးမြင်ကာ ရယ်လိုက်ပြီး ရယ်သံနှောရင်းနှင့်ပင် စကားနိုင်လုလိုက်သည်။

"ဟဲ့ ငါ ခုမှ သတိထားမိတယ်၊ နင့်ကို လာကြွေတဲ့ ယောက်ျားနှစ်ယောက်က နာမည်လေးတွေက ခပ်ဆင်ဆင်ပဲနော်၊ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က ညီခ တစ်ယောက်က ညီဖ၊ ညီအစ်ကိုတွေများ တော်နေမလား ပဲ"

ဖွန်က မထင်မှတ်ဘဲ နာမည်ချင်း ဆင်နေသည်ကို ရိုးမယ်ဖွဲ့ နေ၏။

"ဟာ ပေါက်ကရ အန်တီကောသိမှာ သားတစ်ယောက်ထဲရှိတာ၊ ညီခကလည်း သူ့မှာ ညီအစ်ကိုရှိတယ်လို့ မပြောဖူးပါဘူး၊ ရုပ်ချင်းက လည်း တခြားစီပဲ၊ တူမှ မတူတာ"

"ရုပ်ချင်းမတူပေမယ့် ချောတာတော့ တစ်ယောက်တစ်မျိုးစီ ချောတာနော်၊ ကာရိုက်တာချင်းကလည်း တမျိုးစီ၊ ကိုညီခက ဆရာဝန် ပီပီ ပြောတာဆိုတာ ဣန္ဒြေရှိတယ်၊ မြဝါးကိုလည်း အထင်ကြီးလေးစား မြတ်နိုးမယ့်ပုံ"

တစ်ယောက်ချင်း ဝေဖန်နေသော ဖွန့်ကိုကြည့်ကာ မြဝါးရုံ မပြီးတော့ဘူးဟူသော အမူအရာဖြင့် ကြည့်လိုက်ပြီး နှာခေါင်းလေး ရှုံ့ ပြီး မျက်စောင်းချိုလိုက်သည်။

"ဟိုတစ်ယောက်ကျတော့ ဂျစ်ပစီဆန်တယ်၊ ရဲတင်းပွင့်လင်း တယ်၊ သူ့ရင်ထဲမှာ မြဝါးကို ဘယ်လောက်ချစ်သလဲဆိုတာ ရင်ဖွင့်ဖို့ ဝန်မလေးဘူး၊ တဖွတ်ထိုးဆန်တယ်"

"ကဲ မိဖွန် ဒီနေ့ ကျုပ် အလုပ်လုပ်ရတော့မှာလား ပြော၊ ရှင်တို့ ဝေဖန်ရေးတွေကို အချိန်ပုတ်ခံပြီး နားထောင်နေရတော့ သိပ်တော့ မမိုက်တော့ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ခုတော့ ငါတို့ကို ဘေးတိုက်လိုက်ဦးပေါ့၊ အဲဒီနှစ်ယောက်ထဲက တစ်ယောက်ကို ချစ်သွားမှ ငါတို့ကို ရင်လာမဖွင့်နဲ့၊ နိုးပဲ လုံးဝ နားမထောင်ပေးဘူး-လာ ခိုင်လေး သွားမယ်"

နှစ်ယောက်သား မြဝါးရုံကို ပွစိပွစိ ပြောပြီး အခန်းထဲမှ ထွက်သွားကြသည်။

မြဝါး သူငယ်ချင်း သာလိကာမနှစ်ယောက်ကိုကြည့်ပြီး တစ်ယောက်တည်း သဘောကျရယ်လိုက်သည်။

ခုထိတော့ တစ်ယောက်မှကို သဘောမကျသေးသလို တစ်ယောက်မှလည်း ချစ်ရေး မဆိုသေးပါဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဪ ညီခ မတွေ့တာတောင် ကြာနေပြီပဲ ရှင် ဘယ်ပျောက်နေလဲ"

လှေကားမှ ဆင်းဆင်းချင်း အပေါ်ကို တက်လာသော ညီခကို တွေ့လိုက်၍ မြဝါးရုံ မျက်နှာလေး ပြုံးရွှင်သွားသည်။

"ကိုယ် မြောင်းမြဘက်ကို အောက်ဒိုးဆင်းနေရလို့ အလောတကြီး သွားရတာမို့ မြဝါးရုံဆီကို ဖုန်းဆက်ပြီး မနှုတ်ဆက်ဖြစ်လိုက်ဘူး"

"ဪ ရပါတယ် ညီခရယ်၊ ကျွန်မက အရေးမကြီးပါဘူး"

"မြဝါးရုံ ဘယ်သွားမလို့လဲ"

"ကျွန်မ စီးတီးမတ် ခဏသွားမလို့ ဝယ်စရာရှိတာ သွားဝယ်မလို့"

"ဪ ဟုတ်လား"

ညီခ လေသံမျှော်လင့်ချက်မဲ့သူလို တိုးဖျော့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြဝါးရုံ ရိပ်မိလိုက်သည်နှင့်အတူ ညီခကို အားနာသွားသည်။

"ညီခ ကိစ္စရှိလို့လားဟင် အန်တီကေ ဘာမှာလိုက်လို့လဲ"

"မမှာပါဘူး ဟိုလေ ကိုယ် ဒီဘက်မှာ ပေးရှင့်တစ်ယောက်လာကြည့်ရင်း မြဝါးရုံကို သတိရသွားလို့ ဝင်လာရုံသက်သက်ပါ"

"ဒါဆို ရှင့်ကို တစ်ခုခု လိုက်ကျွေးမယ်လေ"

"ဟာ အိုကေ အစီအစဉ်မိုက်တယ်၊ ကိုယ်လည်း ဗိုက်ဆာနေတာ မြဝါးရုံဆီရောက်ရင် ကော်ဖီလေးတစ်ခွက်လောက်တော့ တိုက်မှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ ဘာမှတောင် မစားခဲ့မိဘူး"

"အဟင်း ဒါဆို ရှင်က အကြံနဲ့လာတာပေါ့"

"ဒါ အမှန်ပဲ"

မြဝါးရုံ ညီခ၏ မပြောင်တတ် ပြောင်တတ်နှင့် ပြောင်စပ်စပ် ပြောနေသော အမူအရာကို ကြည့်ပြီး ရယ်လိုက်သည်။

"ဒီနေ့ ကိုယ် ဂျူတီအောဖ်လေ၊ အချိန်တော်တော်များများ ပိုတယ်၊ နေ့လယ် နှစ်နာရီလောက်မှ စာကြည့်တိုက်မှာ စာသွားဖတ်မှာ"

"ဒါဆို ကျွန်မနဲ့ ဈေးဝယ်အတူလိုက်ချင်တယ်ဆိုတဲ့ သဘောမျိုးပေါ့"

"မဆိုးဘူး မြဝါးရုံ ပါးနပ်တယ်"

ညီခနှင့်မြဝါးရုံ လှေကားမှ အတူဆင်းလာကြသည်။

"အဆင်ပြေမယ်ဆိုရင် မြဝါးရုံ ကိုယ့်ကားနဲ့ပဲ လိုက်ခဲ့လေ။ ပြီးရင် ကိုယ်ပြန်ပို့ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ရတယ်လေ၊ ကျွန်မကလည်း ကားမောင်းပျင်းတာနဲ့ အတော်ပဲ"

"ကိုယ်က ကားမောင်းရတာ ပျော်တယ်၊ ဒါဆို ကိုယ့်ကို မြဝါးရုံ ရဲ့ ကားဒရိုင်ဘာအဖြစ်ပါ ခန့်လိုက်ပါလား"

ညီခ စကားကြောင့် ကားတံခါး ဖွင့်ကာ ဝင်ထိုင်ရင်း မြဝါးရုံ ရယ်လိုက်သည်။

"မလုပ်ပါနဲ့ရှင် တော်ကြာ ဆရာဝန်တစ်ယောက်က ဖက်ရှင် ဒီဇိုင်နာတစ်ယောက်ရဲ့ ဒရိုင်ဘာမန်း လုပ်နေရတယ်ဆိုပြီး ဝင်္ဂဆိုက်ပေါ် တင်ခံနေရဦးမယ်"

မြဝါးရုံ မျက်နှာလေးကို ခပ်ပင့်ပင့်လေး မော့ပြီး ရယ်လိုက်သည်။ ပါးပြင်မှ အကြော်စိမ်းလေးများ ထင်းနေသော မြဝါးရုံ၏ မျက်နှာ လှလှလေးအား ညီခ ခိုးကြည့်မိရင်း ရင်ထဲမှာ အမြတ်တနိုး ဖြစ်သွားမိသည်။

မြဝါးရုံ ဆံပင်တွေကို ဆတ်ခနဲ ခါတင်လိုက်ပြီး ခိုးကြည့်နေသော ညီခကို ပြုံးပြသည်။

"မောင်းတော့လေ ဘာလဲ ကျွန်မ အမိန့်မရသေးလို့လား"

မြဝါးရုံ အစည်ပေါက်နှင့် နောက်ပြောင်သဖြင့် ညီခ သူခိုး လူမိသွားသဖြင့် အရှက်ပြေရယ်လိုက်ပြီး ကားစက်နှိုးလိုက်သည်။

"ရှင် ဗိုက်ဆာနေပြီဆိုတော့ ကော်ဖီလောက်နဲ့ ဇီဇာပြည့်မှာ မဟုတ်ဘူး ထင်တယ်၊ အကင်ဆိုင်သွားမလား၊ ဒါမှမဟုတ် ရှမ်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိုင်ဆိုင်သွားမလား၊ ကိုရီးယားအစားအသောက်တွေရတဲ့ဆိုင်သွား မလား။ ဒါမှမဟုတ် ယိုးဒယားအစားအစာဆိုင်သွားလည်း အဆင်ပြေ တယ်နော်"

"ကဲပါ ပြည်လမ်းပေါ်က ကိုယ့်အသိဆိုင်ကို သွားမယ်လေ၊ အဲဒီဆိုင်မှာက အခု မြဝါးရုံ ရွတ်ပြတဲ့ အနောက်တိုင်းအစားအစာ အကုန်ရှိတယ်"

"ဟာ ဒါဆို ပိုအဆင်ပြေတယ်"

"အဆင်ပြေတယ်ဆိုရင် ကိုယ် ဒကာခံမယ်လေ"

"ဒါတော့ နိုးပဲနော် မရဘူး။ ဒီနေ့အဖို့ ရှင်က ကျွန်မရဲ့ဧည့်သည် ကျွန်မက ရှင့်ရဲ့အိမ်ရှင်ဆိုတော့ အိမ်ရှင်ကျွေးသမျှ အကုန်စားရမယ်"

စေတနာတွေပိုလျှံနေသော မြဝါးရုံကြောင့် ညီခ ရင်ထဲမှာ ကြည်နူးသလိုလို ပျော်သလိုလိုနှင့် ဘယ်လိုခံစားမှုကြီးမှန်းကိုပင် မသိ တော့။

ဖြစ်နိုင်လျှင် ထိုတဒင်္ဂလေးကို ကိုယ့်အနားက အငွေ့ပျံ ထွက် မသွားအောင် အမိအရ ဖမ်းဆုပ်ထားလိုက်ချင်၏။

သေချာပါပြီ ညီခ မြဝါးရုံကို ချစ်နေသည်ဆိုတာ. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဒီနေ့ မေမေနှင့် ဦးညီထူးသာ တရားရုံးမှာ လက်မှတ်ထိုးသော နေ့ ဖြစ်သလို မြဝါးရုံတို့ သားအမိ ဦးညီထူးသာတို့အိမ်သို့ ပြောင်းသွား သောနေ့လည်း ဖြစ်သည်။

ကျယ်ဝန်းပြီး အိမ်တွေ အများကြီး ဆောက်ထားသော ထို ခြံကြီးကို မြဝါး တအံ့တဩ ငေးမောနေသဖြင့် ကားရပ်လို့ရပ်သွားမှန်း ပင် မသိ။

ဦးညီထူးသာမှာ သူ့ကားနှင့်ပင် မြဝါးတို့ သားအမိကို တင်ခေါ် လာသဖြင့် မြဝါး၏ ကားလေးကို ခိုင်လေးအား ပေးမောင်းလိုက်သည်။

အိမ်ထောင်ပစ္စည်းတွေ ဘာမျှသယ်စရာမလို၍ အဝတ်အစား အသုံးအဆောင်သေတ္တာတွေလောက်သာ သယ်လာရသည်။ ထိုသေတ္တာ တွေကို ဦးညီထူးသာ သူ့မန်နေဂျာအား ကြိုတင် သယ်ခိုင်းထားသဖြင့် မနက်ကတည်းက ရောက်နှင့်နေပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



ခြံကြီးထဲကို ကားတွေဝင်လာကတည်းက ဒယ်ဒီ့ရဲ့ တတိယ မြောက် သတို့သမီးနှင့် လိုက်ပွဲလေးပါ ပါလာမည်ဆိုတာ ညီဇ သိပြီးဖြစ် ၍ အိပ်ခန်းထဲမှ မသိမသာ ခိုးကြည့်လိုက်သည်။

ကားထဲမှ ဒယ်ဒီ အရင်ဆင်းလာသည်။ မဟော်သီကြီး၏တံခါး ကို အငမ်းမရ ဖွင့်လိုက်သည်။ ထိုသို့ပင် ပိုးစိုးပက်စက် ဝေဖန်လိုက်ချင် တော့၏။ ညီဇ မျက်လုံးထဲမှာ ဒယ်ဒီ့ပုံစံက နည်းနည်းလေးမှ ထောင့် ကျိုးတာတော့ အမှန်။ မိန်းမလုံးဝမယူရသေးသည့် သားတွေကိုမှ အားမနာ။ သူ့ခမျာ ခုမှ မိန်းမရတာ ကျနေတာပဲ။ ပြော မပြောလိုက်ချင် ဘူး။

ကားထဲမှ ဒယ်ဒီ့ မဟေသီကြီး ကြွကြွရွရွလေး ဆင်းလာသည်။ အင်း ပုံစံကတော့ မဆိုးပါဘူး။ ဒယ်ဒီနဲ့တော့ လိုက်ဖက်သားပဲ။ ဒယ်ဒီ နဲ့က ဒီတစ်ယောက်နဲ့တင် လိုက်ဖက်တာ မဟုတ်ပါဘူး။ ညီခ အမေ ဒေါ်ကေသီနဲ့လည်း လိုက်ဖက်တာပဲ၊ ကိုယ့်မာမီနဲ့လည်း လိုက်တာပဲ၊ အခု တတိယမြောက် မိန်းမနဲ့လည်း လိုက်ဖက်တယ်ဟု ပြောရမလိုပင်။

ဒယ်ဒီက ဇနီးရွေးတဲ့နေရာမှာတော့ ဆရာကျသလား မမေးနဲ့ အကောင်းမှ ကိုင်တတ်တယ်လို့ မေးငေါ့ရမလိုပင်။

ကံမကောင်းတာက အဲဒီအကောင်းတွေက ဒယ်ဒီ့အတွက်တော့ ဘဖြည်းဖြည်း ဆိုးသွားတာချည်းပဲ။

ဒီတစ်ယောက်လည်း ဘယ်တော့ ဆိုးလာမလဲ မသိ။ ဆိုးမည် ဆိုလည်း မြန်မြန်သာဆို။ မြန်မြန်ဆိုးတော့ ဒယ်ဒီက မြန်မြန်ကွာရှင်း။



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရှိတုန်း နောက်တစ်ယောက် ထပ်ယူလို့ရအောင် ပြောပါတယ်၊ ဆယ်နှစ် ဆယ့်ငါးနှစ်လောက်ပေါင်းပြီးမှ ဆိုးကြောင်းပြရင်တော့ ခုလို အလန်းတွေ ရလောက်မှာ မဟုတ်ဘော့ပေမယ့် အသက်ကလည်း အိုဗာ အရွယ်အစားနဲ့ နုပျိုမှုကလည်း အိုပယ်ဖြစ်သွားလျှင် ဒယ်ဒီတော့ ဘိုးဘွား ရိပ်သာသွားရုံပင် ရှိတော့မည်။

"ဟာ မြတ်စွာဘုရား ဗုဒ္ဓေါ"

အတွေးတွေဖြင့် ချောင်းနေတုန်း ကားနောက်ခန်းမှ ဆင်းလာသော ကောင်မလေးကို ရုတ်တရက် တွေ့လိုက်ရတော့ ခုတင်ပေါ် လေးဘက်ထောက်ပြီး လိုက်ကာကြားမှ ချောင်းနေသော ညီဇ နောက်ကိုဆုတ်ပြီး အလန့်တကြား လှဲချလိုက်တာ အရှိန်လွန်ပြီး ခုတင်ပေါ်မှ ဒလိမ့်ခေါက်ကွေး ပြုတ်ကျလေသည်။

"မြ မြဝါးရုံပါလား၊ လိုက်ပွဲ အပိုပါတယ်ဆိုတာ မြဝါးရုံကို ပြောတာလား"

ရင်ထဲမှာ ပျော်သလိုလို စိတ်ညစ်သလိုလို ရှက်သလိုလိုနှင့် ဘယ်လိုဖြစ်သွားမှန်းပင် မသိတော့။

ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဆိုတာ ခုမှ လက်တွေ့ ကိုယ်ခရေစီဖြစ်နေတဲ့ ကောင်မလေးက ကိုယ့်ဒယ်ဒီရဲ့ မယားပါ သမီးဖြစ်တယ်လို့ ကိုယ်တောင် ခုမှသိပြီး ထိုမျှလောက် အံ့ဩနေရင်း မြဝါးရုံဆိုလျှင် ပိုပြီး အထိတ်တလန့်ဖြစ် ရှက်သွားမှာ အသေအချာ။

ညီဇ မြဝါးရုံနှင့် ဘယ်လိုမျက်နှာချင်းဆိုင်ရမှန်းပင် မစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ဘတ်တော့။

စိတ်တွေ လှုပ်ရှားလွန်းသဖြင့် ညီဇ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိ၏။ ဘယ်နှကြိမ်မြောက်မှန်းတောင် မစဉ်းစားမိတော့။

ညီဇ ခုလောလောဆယ် မြဝါးရုံနှင့် ဘယ်လိုမှ ရင်မဆိုင်ရဲ။ ထို့ကြောင့် ခုတင်ပေါ်မှာ ချွတ်ပြီး ပစ်ထားသော စပို့ရှပ်ကို ကောက်စွပ်လိုက်ပြီး ကားသော့နှင့် ဖုန်းကောက်ယူကာ အခန်းအပြင်သို့ ထွက်ခဲ့၏။

အိမ်ပေါက်ဝရောက်ကာမှ ပိုက်ဆံအိတ်မေ့ခဲ့၍ အခန်းထဲ ပြန်ဝင်ပြီး မှန်တင်ခုံပေါ် တင်ထားသော လယ်ယာခေါက်အိတ်အမည်ကို ဆွဲယူကာ ခါးကြားထိုးပြီး အမြန်ပြန်ထွက်ခဲ့လိုက်သည်။

ဘာကြောင့်မှန်းမသိ ညီဇ စိတ်တွေ အရမ်းလှုပ်ရှားနေ၏။

ဒီမျက်နှာလေးကို နေ့စဉ် မြင်တွေ့ရတော့မှာမို့လည်း စိတ်လှုပ်ရှားတာ ဖြစ်နိုင်သည်လေ။

မြဝါးရုံကတော့ ညီဇကို တွေ့ချင်မှာမဟုတ်။ ညီဇဟာ သူ့ပထွေးရဲ့ သားဆိုတာသိလျှင် သူ့အိမ်ကိုတောင် ပြန်ပြောင်းမလား မသိ။

ဒီလို မဖြစ်ပါစေနဲ့။ ကိုယ့်အနား ရောက်လာမှတော့ အဝေးကို ပြန်ပြီး အရောက်မခံနိုင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

"သမီး ဒီတိုက်ကလေးမှာ နေရတာ အဆင်ပြေရဲ့လားကွယ် အကယ်၍ သမီးတစ်ယောက်ထဲ မနေချင်ရင် ဒယ်ဒီတို့ တိုက်ကြီးမှာပဲ လာပြောင်းနေပါလား"

ဦးညီထူးသာ မြဝါးရုံအား ဖနီးဘက်မှပါသော သမီးမို့ ထားစရာ နေရာမရှိအောင်ပင် ဂရုစိုက်လွှန်းနေ၏။ ကိုယ့်မျက်နှာနှင့် လိုက်နေရ သည့်အတွက် လိုအပ်ချက်ဆိုတာ မရှိစေချင်သလို ဘယ်လို စိတ် အနှောင့်အယှက်မျိုးကိုမှလည်း အဝင်မခံနိုင်။

"ရပါတယ် အန်ကယ်၊ မြဝါး ဒီတိုက်ကလေးမှာပဲ နေပါ့မယ် မြဝါး နေတတ်ပါတယ်၊ ဒါနဲ့ အရင်က ဒီတိုက်မှာ ဘယ်သူနေသွားလို့ လဲ"

"ဪ ဒီတိုက်မှာက ဒယ်ဒီ့သား အကြီးဆုံး နေတယ်၊ တိုက် ရဲ့ ဟိုဘက်တိုက် ပန်းရောင်လေးက ဒယ်ဒီ့သား အငယ်ဆုံးနေတယ်လေ



www.burmeseclassic.com

www.burmeseclassic.com



အခု လက်ရှိ ဒယ်ဒီနဲ့ အတူနေတာက အငယ်ကောင်လေ၊ အကြီးကောင်က သူ့မာမီနဲ့သွားနေတယ်၊ တစ်ခါတလေ စိတ်လိုလက်ရရှိမှ ဒယ်ဒီ့ကို လာတွေ့တတ်တယ်''

''ဒါဆို ဒီတိုက်မှာ မြဝါး နေလို့ ဖြစ်ပါ့မလား အန်ကယ်၊ အန်ကယ့်သားအကြီးလာရင် သူ့အိမ်ပေါ် တက်နေနေတယ်ဆိုပြီး မြဝါးကို အပြစ်မြင်နေပါဦးမယ်''

''ဟာ ဒါတော့ ဘာမှမစိုးရိမ်နဲ့ သမီး၊ သားကြီးက လူကြီးစိတ်သူတစ်ဖက်သားအပေါ် အကောင်းမြင်ဝါဒီနဲ့ပဲ ကြည့်တတ်တဲ့သူ သမီးဒီမှာနေလို့လည်း သူ့ ထူးပြီး စိတ်အနှောင့်အယှက် ဖြစ်မှာ မဟုတ်ဘူး''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်ကယ်''

''ကိုထူးရေ ကြည်ဖြူ ထမင်းပွဲ ပြင်ပြီးသွားပြီနော်''

မေမေ ဧည့်ခန်းထဲဝင်လာသဖြင့် စကားစပြတ်သွားကြသည်။

''လာပြီ ကြည်ဖြူ ဒီမှာ သမီးများ ဘာလိုအပ်သလဲ လာမေးတာလေ''

''ကိုထူးလည်း ကြည်ဖြူတို့ သားအမိရောက်လာမှ ပိုပြီး အလုပ်ရှုပ်နေတယ်''

''ဟာ ကြည်ဖြူရယ် အဲဒီလို သူစိမ်းဆန်တဲ့စကား မပြောပါနဲ့ကွာ၊ ကြည်ဖြူ သမီးဟာ ကိုယ့်သမီးပဲမဟုတ်လား၊ အလုပ်ရှုပ်တယ်ဆိုတာ မရှိပါဘူး၊ ကိုယ် စိုးရိမ်တာ တစ်ခုပဲရှိတယ်ကွ''

''ဘာများလဲ ကိုထူးရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်သား အငယ်ကောင်က နည်းနည်း အစအနောက်သန်တယ်လေ၊ သူက လူတစ်ဖက်သား စိတ်မဆိုးဆိုးအောင်ကို စတာ၊ ခုတောင် ကြည်ဖြူနဲ့အတူ သမီးလေးပါတာကို မသိသေးလို့ သိရင် သူနဲ့ ရွယ်တူပဲဆိုပြီး ရင်းရင်းနှီးနှီးနဲ့ လာပြီး နောက်ပြောင်ဦးမှာ"

ဦးညီထူးသာ ကိုယ့်သားအကြောင်း ကိုယ်သိ၍ စကားဖြင့်ကြိုတင်ကာထားခြင်း ဖြစ်သည်။

မြဝါးရုံလေးက ချောလည်းချော အရွယ်ကလည်းတူဆိုတော့ သူ လာကြောင်ဦးမှာ အသေအချာ။ မိတမျက်နှာ ပျက်အောင် မလုပ်ပါစေနဲ့လို့ပဲ ဆုတောင်းရမှာပင်။

"ရပါတယ် ကိုထူးရယ်၊ မောင်နှမအချင်းချင်း နောက်တာပြောင်တာလောက်တော့ သမီးလည်း စိတ်မဆိုးတတ်ပါဘူး၊ သိပ်ပြီး မစိုးရိမ်နဲ့ကဲ လာ ထမင်းသွားစားမယ်၊ သမီးလည်း လာ"

မေမေ မြဝါးရုံ လက်ကိုဆွဲပြီး ခေါ်သဖြင့် မြဝါး ဗိုက်မဆာသေးပေမယ့် ရောက်တာ သိပ်မကြာသေး၍ ဘာတစ်ခုမှ ဆန့်ကျင်ဘက်မလုပ်မိအောင် သတိထားနေရ၏။

ခုချိန်ထိတော့ အန်ကယ် ညီထူးသာ၏ သားဆိုတာကိုတော့ လုံးဝ မတွေ့ရသေး။

မြဝါးအနေနဲ့ ထိုလူပြောင်နှင့် လိုက်လျောညီထွေစွာ နေမယ်လို့ စိတ်မှာ ပိုင်းဖြတ်ပြီးသားပါ။ ကြားထဲက မေမေနှင့်အန်ကယ့်ကို ကိုယ့်ကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေချင်တာလည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲရောက်တော့ အိမ်ကူ ဒေါ်ဝိုင်းက ထမင်းပွဲ ခုးတွင်ရပ်ကာ ယပ်ခတ်ပေးနေရှာ၏။

"ဒေါ်ဝိုင်းရေ ဟိုဘက်တိုက်မှာ သားရှိလား သွားကြည့်စမ်းပါ။ ရှိရင် ထမင်း တစ်ခါတည်း လာစားလို့ ခေါ်လိုက်"

ဦးညီထူးသာ ထမင်းဝိုင်းမှာ ကြည်ဖြူတို့သားအမိနှင့် မိတ်ဆက် ပေးရန် သားအား သွားခေါ်ခိုင်းလိုက်သည်။

"မရှိဘူး ဆရာကြီး ဇ ကလေး မနက်အစောကြီးကတည်းက ထွက်သွားတယ်၊ ကျွန်မပြင်ပေးတဲ့ မနက်စာတောင် စားမသွားဘူး"

"ဒီကောင့်ကို ခုတလော ဖမ်းရတာ ငါးရှဉ့်ဖမ်းရတာထက် တောင် ခက်ပါသေးလား"

ဦးညီထူးသာ ထမင်းပန်းကန်ပေါ်တွင် တင်ထားသော ဇွန်း ခက်ရင်းကို ဟန်ပါပါ ကိုင်ရင်း သားဖြစ်သူကို အပြစ်တင်စကား ဆို လိုက်သည်။

ဒီကောင် ခုတလော ဘာတွေခြေရှုပ်နေသလဲ မသိ။ အိမ်ကို ကပ်ဘူး။ ကြည်ဖြူနှင့် မြဝါးရုံလေးကို သားနှင့်မိတ်ဆက်ပေးမလို့ ဆို လည်း ပြန်လာနိုး ပြန်လာနိုးနှင့်စောင့် မလာနိုင်သည့်အဆုံး ရာဝင် လိုက်ရတာချည်းပဲ။

ဒီနေ့တော့ မဖြစ်တော့။ ပွဲရုံကို ဖုန်းဆက်ခေါ်ပြီး အပြင်မှာ သားအဖနှစ်ယောက်တွေ့ပြီး ဆူသင့်တာ ဆူထားမှ ဖြစ်တော့မည်။

ဦးညီထူးသာ စိတ်ထဲမှ သားဖြစ်သူကို ကျိန်းဝါးရင်း ထမင်းစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

မိသားစုအသစ်၏ ထမင်းဝိုင်းလေးသည် တိတ်ဆိတ်နွေးထွေးစွာဖြင့် ပြီးဆုံးသွားသည်။

မြဝါးရုံ ဦးညီထူးသား၏သားက ဘာကြောင့် သူမတို့ သားအမိအား ရှောင်နေရသနည်းဟု တွေးပြီး စိတ်ထဲမှာ နည်းနည်းတော့ တင်းချင်သည်။

မြဝါး ဒီမှာနေတာကို မလိုလားပုံပြလို့ကတော့ ဆောရီးပဲ။ မြဝါးရုံ ဆိုတာလည်း အခြေမဲ့အနေမဲ့မှ မဟုတ်တာ။

သူ့မာနလောက်က စာမဖွဲ့ဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဒယ်ဒီ သားကို အရေးတကြီး ဖုန်းဆက်ခေါ်တာ ဘာကိစ္စလဲ"

ကားသော့ကို ဖခင် စားပွဲပေါ် ပစ်တင်ရင်း ထောင့်မကျိုးစွာ ဝင်လိုက်သော သားဖြစ်သူကို ဦးညီထူးသာ ဘုကြည့်ကြည့်လိုက်သည်။

"မင်း ခုတလော ဘာတွေခြေရှုပ်နေလဲ ညီဇ"

"ဟာ ဒယ်ဒီကလည်း မွေးကတည်းက နှစ်ချောင်းတည်းရှိတဲ့ ခြေထောက်၊ ဘယ်လို ရှုပ်စရာ အကြောင်းရှိလဲ၊ ဆယ်ချောင်းလောက် ရှိတယ်ဆိုရင်တော့ ထားပါတော့"

"ဟော့ကောင် ဒါ အိမ်မဟုတ်ဘူးနော်၊ ငါ့ရုံးခန်း၊ ငါ့ဝန်ထမ်းတွေ ရှေ့မှာ မထိမ့်မြင်စကားတွေ လာမပြောနဲ့၊ ငါ ခွင့်မလွှတ်ဘူး"

ဖခင် အတည်ပေါက်နှင့် ပြောသဖြင့် ညီဇ မျက်နှာ အနည်းငယ် တည်သွားပြီး

"ကျွတ် ရေလည် ပွားတယ်ကွာ၊ မသိရင် သားဖြစ်သူကပဲ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကြီးကြီးလုပ်ထားသလိုလို"

"မင်းကို ကြည်ဖြူတို့သားအမိနဲ့ မိတ်ဆက်ပေးမယ်၊ ထမင်းစား ပွဲမှာ ဆုံကြရအောင်လို့ ငါ ဘယ်နှခါရှိပြီလဲ၊ မင်းကို ပြောထားတာ"

"လေးခါထဲ ရှိသေးတယ်"

"ဟ အဲဒီလေးခါက နည်းသလား၊ မင်း ဒါ မိဘကို မထီမဲ့မြင် လုပ်တာပဲ"

ခပ်ကြိတ်ကြိတ် ပြောဆိုဆူပူဟောက်နေသော ဖခင်ဖြစ်သူကို ကြည့်ပြီး ညီဇ ခေါင်းတွေ တဗျင်းဗျင်း ကုတ်လိုက်သည်။

"ဒယ်ဒီ မသိပါဘူး ဒယ်ဒီရာ၊ သားကလေ မြဝါးရုံကို ဒယ်ဒီ မိတ်ဆက်ပေးချင်တာထက် ပိုပြီးတော့ကို တွေ့ချင်မြင်ချင်နေတာ၊ ဒါပေမဲ့ ဒယ်ဒီ့သားဟာ သားဆိုတာသိသွားရင် သူ ဒီမှာမနေဘဲ ဒီအိမ်က ထွက် သွားမှာဗျ၊ ဒါကို ဒယ်ဒီ သိလား"

"ဟင် ဒါဆို မင်းနဲ့မြဝါးရုံက အရင်ကတည်းက သိနေကြတာ ပေါ့ ဟုတ်လား"

"သိပ်မှန်တာပေါ့ ဒယ်ဒီရာ၊ သားက မြဝါးရုံကို ချစ်နေတာဗျ ဒါပေမဲ့ သူက သားကို ကြည့်မရဘူး၊ ခုလိုမျိုး မိသားစုလို နေရမယ်ဆိုရင် သူ တော်တော်လေး သွေးပျက်သွားမှာ၊ ဒါကြောင့်သားနဲ့မတွေ့အောင် သူ့ကို ရှောင်တဲ့အနေနဲ့ မိုးလင်းက မိုးချုပ် အပြင်မှာပဲ လိုက်ပွေနေရတာ ပေါ့ ဒယ်ဒီရဲ့ သားဘက်က ကြည့်ရင် ဘယ်လောက်သနားစရာကောင်း လဲဆိုတာ စဉ်းစားသာကြည့်ပါတော့ ဒယ်ဒီရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ မင်းအပြစ်နဲ့မင်းလေကွာ၊ မင်းကိုယ်၌ကလည်း မိန်းမတစ်ယောက် အထင်ကြီးအောင်နေပေါ့ကွ၊ မင်းက ကိုယ်တတ်ထား တဲ့ပညာကို ကျောင်းထဲထိုးထားပြီး လူပျင်းဘွဲ့ ဂျူလေပီတွဲ့ခံယူထားမှတော့ ဘယ်မိန်းကလေးက မင်းကို အထင်ကြီးတော့မှာလဲ၊ ငါ စိုးရိမ်ခဲ့တာက အရင်ကတည်းက ကြုံဖြစ်နေတော့လည်း ဘာတတ်နိုင်မှာလဲ"

"သား သူ့ကို သဘောကျတယ် ဒယ်ဒီရာ၊ ဖေဖေ့မိန်းမကို တစ်ခါတည်း ဖွင့်ပြောပြီး သားနဲ့မြဝါးရုံကို တစ်လက်စတည်း လက်ထပ် ပေးလိုက်ပါလား"

ညီဇ လိုချင်တာကို ကလေးတစ်ယောက်လို ဖွတ်အတင်း ပူဆာ တော့၏။

"ဟေ့ ဟေ့ တော် တော် ဒီစကား ဒီမှာတင်ရပ် မင်းအစွမ်းအစ မရှိတိုင်း ငါ့ကို လူမိုက်လာမငှားနဲ့၊ မြဝါးရုံကို သဘောကျရင် မြဝါးရုံ အထင်ကြီးလေးစားလာအောင် မင်းရဲ့အရည်အချင်းကောင်းတွေကို ထုတ် ပြလေ၊ မင်းတို့ လူငယ်ချင်း အချစ်မပါပဲနဲ့တော့ ငါက လုံးဝ မပေးစား ဘူး။ ကြည်ဖြူ့ကိုလည်း မပြောပေးဘူး"

"ဒယ်ဒီ မပြောရင်နေ၊ သားဘာသာ ပြောမယ်"

"ဘာ"

ဦးညီထူးသာ၏ အသံက ရုံးခန်းထဲမှာ ဟိန်းသွားသည်။ ညီဇ ခန္ဓာကိုယ် ဆတ်ခနဲ တွန့်သွား၏။

ဖြည်းဖြည်းအေးပါ ဒယ်ဒီရာ၊ ဒီလောက် နီးနီးလေးကို မလို



www.burmeseclassic.com

www.burmeseclassic.com



အစ်ဘဲနဲ့ အင်အားတွေ မဖြုန်းတီးစမ်းပါနဲ့''

ညီဇ လေသံ ခပ်အေးအေးဖြင့်ပင် ဖခင်ကိုပြန်ပြော၍ ဦးညီထူး သာ ဒေါသတွေ အလုံးလိုက် အရင်းလိုက် ထွက်နေရ၏။

''မင်းသတ္တိရှိရင် ကြည်ဖြူ့ကို ပြောလိုက်လေ၊ ငါက ဒီအတိုင်း ငြိမ်နေမယ် ထင်လား။ မင်းမကောင်းကြောင်းတွေ ဖွပြီး ဒီကောင့်ကို သမီးနဲ့လုံးဝ မပေးစားနဲ့လို့ ကန့်ကွက်လိုက်မှာပေါ့''

''ဟာ ဒယ်ဒီ အဲဒီလိုတော့ မညစ်နဲ့လေ၊ သားအဖချင်းချင်း ညစ်စရာလား၊ ဒယ်ဒီညစ်ရင် သား မာမီ့ကို လှမ်းတိုင်လိုက်မှာနော်၊ မာမီနဲ့သား နှစ်ယောက်ပေါင်းလိုက်ရင် ဒယ်ဒီ ဘယ်လောက်စိတ်ဆင်းရဲ ရလဲဆိုတာ သိတယ်မဟုတ်လား''

ဦးညီထူးသာ ညီဇ စကားကြောင့် မျက်လုံးပြူးသွားသည်။ ကြည်ဖြူနှင့်ဒေလီယာ ခုံလို့မဖြစ်။ ကြည်ဖြူက အအေးသမား။ ဒေလီ ယာက အပူသမား။ ဒေလီယာ့ဒဏ်ကို ကြည်ဖြူ ခံနိုင်မှာမဟုတ်သလို ကိုယ့်အနေနဲ့လည်း ဒေလီယာ ပြန်လာမှာကို မလိုလား။

''မင်းနော် ညီဇ ဒီလိုကြေးလား၊ ရတယ် တိုင်လိုက်လေ၊ မင်းအမေ အပူလှိုင်း အယ်နီညိုမကြီး ပြန်လာရင် ငါက ဒီမှာမနေဘူး။ ကြည်ဖြူတို့တိုက်မှာသွားနေလိုက်မယ်၊ အဲဒီအခါ မြဝါးရုံလေးလည်း ငါတို့နဲ့အတူ အော်တို ပြောင်းပြီးသား ဖြစ်သွားမယ်၊ မင်းအစ ငါက မင်းထက် အစွမ်းရှိပါတယ်''

သားအဖနှစ်ယောက် သူနိုင်ကိုယ်နိုင် ပြောကြရင်းမှ ညီဇ



www.burmeseclassic.com

www.burmeseclassic.com



မနိုင်မှန်းသိ၍ အရှုံးကွက်နင်းကာ တဟားဟား အော်ရယ်လိုက်သည်။

"ဟော့ကောင် ဒါ ဘီယာဝိုင်းမဟုတ်ဘူးနော် တိုးတိုးရယ်"

"အဟတ် မ မဟုတ်ပါဘူး၊ ဒယ်ဒီ့ပုံစံကြီးက ရယ်စရာကောင်းနေလို့ပါ၊ တကယ့်ကလေးဆိုးကြီးကျနေတာပဲ၊ အဟား ဟား ဟား"

ညီဇ ကိုယ်ကိုလှုပ်ရမ်းသည်အထိ ရယ်၍ မဆုံးတော့။

ဦးညီထူးသာ ညီဇကို မရယ်ချင်အောင် မနည်းထိန်းထားရသော မျက်နှာမျိုးကြီးဖြင့် ဘုဆတ်ဆတ် လှမ်းကြည့်လိုက်သည်။

"အဟမ်း တကယ်လို့ သားဘက်က အရင်လို အချိုးအတိုင်း မနေတော့ဘူးဆိုရင် ဒယ်ဒီ မြဝါးရုံနဲ့ သားကို ကူညီမှာလား"

"ဒါပေါ့ ကိုယ့်သားမှာ ဘဝ အာမခံချက်ရှိတဲ့ အရည်အချင်းတွေသာ ထုတ်သုံးပြပြီး လူတော်လူကောင်းလေးလုပ်ပြရင် ဒယ်ဒီ ရအောင် ကူညီမှာပေါ့"

"အိုကေ သား ကတိပေးတယ်၊ ဒီနေ့ကစပြီး မြဝါးရုံ အထင်ကြီးအောင် ကြိုးစားပြမယ်"

"ဒါဆို ဒီည ထမင်းဝိုင်းအမီ အိမ်ပြန်ခဲ့"

"ဒီည မဟုတ်ဘူး ခုကို ပြန်တော့မှာ ရှင်းလား"

ညီဇ ရွှတ်နောက်နောက် ပြောရင်း ထိုင်ရာမှ ထလိုက်သည်။

"မင်း ခုပြန်လည်း ကြည်ဖြူပဲ ရှိလိမ့်မယ်၊ မြဝါးရုံလေးက သူ့အလုပ်သူ သွားနေလောက်ပြီ"

"ကျွတ် လွယ်ပါတယ် ဒယ်ဒီရာ၊ ဒယ်ဒီ့သားပါ"



www.burmeseclassic.com

www.burmeseclassic.com



ညီဖ လက်မထောင်ပြကာ ကားသော့ကို ဆတ်ခနဲ ကောက်ယူပြီး ရုံးခန်းထဲမှ ပြန်ထွက်သွားသည်။

ဦးညီထူးသာ စိတ်မောလူမောဖြင့် ကျန်ရစ်ခဲ့သည်။

ဒီကောင် တကယ်မလွယ်တဲ့ကောင်၊ အကြီးကောင် ညီခနဲ့တော့ လုံးဝ ကွာပါ့။

တွေးရင်းဖြင့် သားကြီး ညီခကို သတိရသွားသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟင် ရှင်ပြန်လာပြီလား"

မြဝါးရုံ ခေါင်းထဲ ငြီးစီစီ ဖြစ်နေရတဲ့ကြားထဲ ညီဇော်မြင့်လိုက်နေတော့ ပိုပြီး ခေါင်းနောက်သွားရသည်။

ထို့ကြောင့် လေသံ အနည်းငယ် မာတင်းသွားသည်။

"ပြန်တော့မလို့လား မြဝါးရုံ"

"ကားနားရောက်နေမှတော့ ကျွန်မက မပြန်လို့ ဒီကားကို အလှလာဆင်းကြည့်ရမှာလား"

"ဆောရီးပါ မင်းမျှား တစ်နေရာရာ ဝင်ဦးမလားလို့ မေးကြည့်တဲ့သဘောပါ"

"ဒါ ရှင့်အပူ မပါဘူး၊ ကျွန်မကိစ္စ"

ညီအား ကွေ့ရှောင်ပြီး ကားရပ်ထားရာသို့ လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီဇ ကိုယ့်အကြံနှင့်ကိုယ်မို့ ကားထဲဝင်ထိုင်လိုက်သော မြဝါးရုံကို ကြည့်ပြီး တစ်ဖက်လှည့်၍ ရယ်လိုက်သည်။

မြဝါးရုံ ညီဇကို လုံးဝ လှည့်မကြည့်ဘဲ ကားစက်နှိုးလိုက်သည်။ ကားစက်သံကြီးက တစ်မျိုးကြီး ဖြစ်နေသည်။

မြဝါးရုံ စိတ်ရှုပ်ထွေးစွာဖြင့် ကားပေါ်မှ ပြန်ဆင်းလိုက်သည်။ မနက်က မောင်းလာတုန်းက အကောင်း။ ခုမှ ဘာထဖြစ်တာပါလိမ့်။

"ကား ဘာဖြစ်လို့လဲ မြဝါးရုံ"

ညီဇ သူ့ကားကို မှီရပ်ရင်း မြဝါးရုံကို လှမ်းမေးလိုက်သည်။

"ရှင် မမြင်ဘူးလား၊ ဘာဖြစ်တယ်ဆိုတာ"

"မြင်တယ်လေ၊ ကိုယ်မှ စစ်မကြည့်ရသေးတာ၊ ဒီတော့ ကား ဘာဖြစ်တယ်ဆိုတာ ဘယ်လို သိမလဲ၊ ခွင့်ပြုမယ်ဆိုရင်တော့ မြဝါးရုံ ကားကို ကိုယ် စစ်ပေးလို့ရတယ်"

မြဝါးရုံ ဘာမှပြန်မပြောသဖြင့် ခွင့်ပြုသည်ဟု မှတ်ကာ ကားရှေ့ဖုံးကို ဖွင့်လိုက်သည်။

ထို့နောက် ဟိုနေရာလေး ကိုင်ကြည့်၊ ဒီနေရာလေးကိုင်ကြည့်နှင့် ဟန်ရေးပြလိုက်သည်။

"ပန်ကာကြိုး ပြတ်သွားတာ မြဝါးရုံ"

"ဘယ်လို ပန်ကာကြိုး ပြတ်သွားတယ် ဟုတ်လား၊ မောင်း အကောင်းကြီးကနေ ထဖောက်ပြန်ပြီကွာ"

မြဝါးရုံ ခြေဆောင့်ပြီး စူပွပွ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်ကာကြီးအသစ်တပ်တာက ဝပ်ရှော့ခ်မှာပဲ လုပ်လို့ရမယ်"

"ရှင်နဲ့တွေ့တာ တကယ့်ကို လာဘ်ပိတ်တယ် သိလား"

"အံမယ် ခင်ဗျားလေးကပဲ ပြောရတယ်ရှိသေး၊ ဒီလို အခက်တွေ့တဲ့အချိန်မှာ ကိုယ့်ကိုတွေ့လိုက်ရလို့ ကယ်တင်ရှင်လို့တောင် သဘောထားရဦးမယ်"

ညီဇ သူ့ကိုယ်သူ အမွှန်းတင်နေသဖြင့် မြဝါးရုံ ညီဇအား နှုတ်ခမ်းစူကာ မျက်စောင်းထိုးလိုက်သည်။

ရွှေအိုရောင် ညနေခင်းလေးမှာ ညီဇအဖို့တော့ မြဝါးရုံ၏ မျက်စောင်းလေးသည် ရွှန်းစိုတောက်ပလွန်းသည်ဟု စိတ်ထဲမှ မှတ်ချက်ချလိုက်သည်။

"ကဲ ကားပေါ်တက် မင်းသွားမယ့်နေရာ ကိုယ်လိုက်ပို့ပေးမယ်"

မြဝါးရုံ နှုတ်ခမ်းစူကာ ခြေဆောင့်လိုက်သည်။

"မလိုပါဘူး ကိုယ့်ဟာကိုယ် တက္ကစီနဲ့ပြန်မယ်"

"မြဝါးလေး ကလေးဆိုးကြီးလို ဂျစ်မတိုက်ပါနဲ့ကွာ၊ ကိုယ် မြဝါးလေးကို ပြန်လိုက်ပို့ပေးပါရစေလို့ ခွင့်တောင်းနေတာပါ၊ ကိုယ့်အကူအညီ ယူရတယ်လို့သဘောမထားနဲ့ ဟုတ်ပြီလား၊ ကိုယ့်ကိုလည်း ဘေးဖူးမတင်နဲ့"

မြဝါးရုံ တောင်းပန်တိုးလျှိုးနေသော ညီဇကို လှစ်ခနဲ တစ်ချက် မဲ့ကြည့်သည်။

"တက်လေ"



www.burmeseclassic.com

www.burmeseclassic.com



မြဝါး ခိုးကြည့်တော လူမိသွားသည်။ ရှက်ရှက်နှင့်မျက်နှာပြန်လွှဲလိုက်သည်။

"ကဲ အပေါ်က အဖွဲ့ကတော့ ဒီဇာတ်ဝင်ခန်းက အရမ်းလှတယ်ဆိုပြီး အားပေးကုန်ကြပြီ"

ညီဇအပေါ်သို့ မျက်စပစ်ပြီး မထိတထိပြောလိုက်သဖြင့် မြဝါးရဲ့ပါ အပေါ်ထပ်ကို မော့ကြည့်လိုက်သည်။

BURMESE CLASSIC

နိုင်လေးနှင့် စက်ချုပ်သမကလေးများ ပြုံးဖြဲဖြဲဖြင့် ငုံ့ကြည့်နေကြသည်။ နိုင်လေးက တာ့တာ လှမ်းပြသည်။

"ကဲ မြင်ပြီနော်၊ တက်စရာမလိုဘူးလို့ ငြင်းနေရင်တော့ ကိုယ်ကိုယ်တိုင် ပွေ့ချီရလိမ့်မယ်"

"ဟင် ရှင်နော်၊ လူကို ဘယ်အစားထဲကများ မှတ်နေလဲ"

"ဘယ်အစားထဲကမှ မမှတ်ဘူး။ တန်ဖိုးကြီးတဲ့အမျိုးကောင်းသမီးလေးလို့ မှတ်ယူပြီးသား။ ဒါကြောင့် တလေးတစားနဲ့ လိုက်ပို့ပါရစေလို့ ခွင့်တောင်းတာပေါ့"

ညီဇ အပြောကောင်းတာက တစ်ကြောင်း သူငယ်ချင်းတွေ ဝိုင်းကြည့်နေသည်က တစ်သွယ်မို့ မြဝါးရဲ့ ဆက်ပြီး ငြင်းမနေတော့ဘဲ ညီဇ၏ကားတံခါးကို ခပ်ဆောင့်ဆောင့်လေး ဆွဲဖွင့်ပြီး ကားထဲဝင်ထိုင်လိုက်သည်။

ညီဇ နိုင်လေးတို့အုပ်စုကို လက်လှမ်းပြပြီး ကားထဲဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက မြဝါးရုံတို့ ခြံထဲက ဖြည်းဖြည်းချင်း မောင်းထွက်သွားသည်။

ညီဇ ကိုယ့်ဘေးမှာ နူတ်ခမ်းစူလိုက်လာသော မြဝါးရုံကို မြတ်နိုးဘယ်မက်စွာ ငေးကြည့်လိုက်မိသည်။

နီရဲရဲစိုဖူးသော နူတ်ခမ်းအိအိလေးကို တစ်ချက်မက်မက် နမ်းလိုက်ရရင်ဖြင့် ဆိုသော ဆန္ဒထူးလေးကို ရင်ထဲမှာ သိမ်းဝှက်ရင်း ညီဇ အက်ပြင်းခပ်ဖျော့ဖျော့လေး ချလိုက်သည်။

မင်းဟာ တကယ့်ကို ကိုယ့်ရဲ့နတ်သမီးလေးပါ။

BURMESE CLASSIC

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ဒီမှာ ကားကိုပဲ ဖွတ်မောင်းမနေနဲ့လေ၊ ဘယ်ကိုသွားမှာလဲ ဆိုတာရော မမေးတော့ဘူးလား"

မြဝါးရုံ မျက်ခုံးကလေးချီကာ ခပ်ဝင့်ဝင့်လေး ပြောလိုက်ပုံက အထက်စီးနင်းဆန်နေပေမယ့် ညီဇာအဖို့တော့ သိပ်ကို ချစ်စရာကောင်း သည့် ဟန်ပန်လေးတစ်ခုအဖြစ် ရင်ထဲမှာ စွဲသွားရသည်။

"မြဝါးရုံ ဘယ်ပြန်မှာလဲဆိုတာ ကိုယ်သိနေလို့ မမေးတာပေါ့ မြဝါးရုံကလေးရယ်"

မြဝါးရုံ နှုတ်ခမ်းလေးကို ခပ်တင်းတင်းစေ့လိုက်ပြီး

"ဪ ဒါဆို ရှင်က ကျွန်မနောက်ကနေ ခိုးကြောင်ခိုးဝှက် လိုက်ကြည့်နေတယ်ပေါ့ ဟုတ်လား"

"အဲဒီလိုလည်း မဟုတ်ဘူး၊ ကိုယ့်ရင်ထဲမှာ မြဝါးရုံကို စွဲစွဲထင် ထင် ဖြစ်နေမိကတည်းက မြဝါးရုံရဲ့ကိစ္စမှန်သမျှ ကိုယ့်စိတ်က အလိုလို



www.burmeseclassic.com

www.burmeseclassic.com



ဲနေတာ''

''ရှင်က အကြားအမြင်ဆရာလား၊ မှော်အောင်နေတဲ့လူတစ်ယောက်လား''

''မဟုတ်ဘူး ရင်ခုန်သံချင်း ဆက်ချင်နေတဲ့သူတစ်ယောက်''

''လဲသေလိုက်''

''ဟာ လူကို ဘလိုင်းကြီး မသေခိုင်းနဲ့ ကားမောင်းနေတဲ့ဟာကို''

တစ်လမ်းလုံး မြဝါး စိတ်မဆိုးဆိုးအောင် နောက်ပြောင်လာရင်း ငုံ့ပင် အိမ်သို့ ရောက်လာကြသည်။

''ကဲ ခြံထဲဝင်စရာမလိုဘူး၊ ဒီမှာပဲဆင်းမယ်၊ ပြီးရင် ရှင့်ကား နှလှည့်ပြီး ဒီအိမ်ရှေ့က မြန်မြန်မောင်းသွားတော့၊ တော်ကြာ ကျွန်မကို ကျွန်မ အမေက ရှင်နဲ့တစ်မျိုး ထင်သွားလိမ့်မယ်''

ညီဇ မြဝါးရဲ့ ပြောနေသော အကြောင်းအရာကို မကြားဟန်ပြု ဘာ ပိတ်ထားသော ခြံတံခါးရှေ့မှာ ရပ်ပြီး ဟွန်းတစ်ချက် နှစ်ချက် ဆင့်တီးလိုက်သည်။

ဒေါ်ပိုင်း အိမ်ကြီးထဲမှ ပြေးထွက်လာကာ ခြံတံခါးလာဖွင့်ပေး သည်။

မြဝါးရုံ ကားပေါ်မှ ကပျာကယာ ဆင်းလိုက်သည်။ ကိုယ် ဆင်းသေးရင် ခြံထဲအထိ လိုက်ဝင်မယ့်ပုံ။ အရေးထဲ ဒေါ်ပိုင်းက ဘာမသိဘာမသိနှင့် ခြံတံခါး လာဖွင့်နေသေးတယ်။ ဘေးမလှယ်ပေါက်က



www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်လည်း ဖြစ်တာပဲ။

အတွေးနှင့် မြဝါးရုံ ဘေးတံခါး လူတစ်ကိုယ်စာ ဝင်ပေါက်ကလေးမှ ခြံထဲသို့ ဝင်လိုက်သည်။

"ဒေါ်ပိုင်း အဲဒီတံခါးကြီးဖွင့်မနေနဲ့တော့လေ"

မြဝါးရုံ ခြံထဲရောက်သည်နှင့် သံပန်းတံခါးကြီးကို တွန်းဖွင့်နေသော ဒေါ်ပိုင်းကို လှမ်းပြောလိုက်သည်။

"ရှင် ဟိုမှာ ကားဝင်ရဦးမယ်လေ တူမ"

"အို မဝင်ခိုင်းနေနဲ့၊ ဝင်ခိုင်းစရာ ဘာအကြောင်းမှ မရှိဘူး"

မြဝါးရုံ ညီဇ ကားကို မျက်စောင်းလှမ်းထိုးရင်း ခပ်စူးစူးလေး ဆိုသောအခါ ဒေါ်ပိုင်းမှာ အူကြောင်ကြောင်ဖြင့် ညီဇ ကားကိုတစ်လှည့် မြဝါးရုံကိုတစ်လှည့် ကြည့်လိုက်သည်။

မြဝါးရုံ ပြောသလို မဖွင့်ပြန်ရင်လည်း ညီဇ အဆူအပေါက် ခံရဦးမည်။ မြဝါးရုံ စကားကို နားထောင်ပြီး မဖွင့်ပေးလို့တော့ လုံး မရ။ ဒါဟာ ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်သွားမှာပေါ့။

ဒေါ်ပိုင်း ခြံတံခါးကို အဆုံးအထိ တွန်းဖွင့်ပေးလိုက်သည်။

ညီဇ ကားလေးက ခြံထဲသို့ ဖြည်းဖြည်းချင်း ဘီးလိမ့်က ဝင်ခဲ့လိုက်သည်။

ကားခြံထဲသို့ရောက်သည်နှင့် ဒေါ်ပိုင်း ခြံတံခါးကြီးကို ပြန်ပိတ် လိုက်သည်။

မြဝါးရုံ ပြောင်စပ်စပ် အမူအရာဖြင့် ပဲ့တွန့်ပြနေသော ညီ



www.burmeseclassic.com

www.burmeseclassic.com



ကို မကျေမနပ် ကြည့်လိုက်သည်။ ဒီလူ နည်းနည်းတော့ တရားလွန်လာ ပြီ။ ဒါမြဝါးရုံကို ဂရုမစိုက်ဘူးဆိုတဲ့ သဘောပေါ့။

"ဟော့ ရှင် ဘာလို့ ခြံထဲ ဝင်လာရတာလဲ၊ ရှင့်ကိုကျွန်မမှ မခေါ်တာ၊ ရှင် တော်တော် အရှက်နည်းပါလား၊ ဘာလဲ အိမ်ကို လိုက် ပို့တယ်ဆိုပြီး လူကို အခွင့်အရေးယူမလို့လား၊ ဆောရီးနော်၊ တခြား နေရာကလေးသာရှာပါ၊ မြဝါးရုံကိုတော့ မရဘူးမှတ်ပါ"

လက်ကိုင်အိတ်ကို ပခုံးမှာ လွယ်လိုက်ပြီး စကားကလေးကို ပြီး ခါးထောက်ရန်တွေ့လိုက်သည်။

ညီဇ ကက်ကက်လန်အောင် ရန်တွေ့နေသော မြဝါးရုံကို ကြည့် ပြီး ခပ်မိန့်မိန့် ရယ်လိုက်သည်။ ပြီးနောက် ကားပေါ်မှ ဆင်းလိုက်၏။

"ဒီမှာ ကိုယ့်ကို စွတ်ကောမနေနဲ့၊ ကိုယ်ဘယ်သူလဲဆိုတာ အရင် စုံစမ်းလိုက်ဦး၊ ပတ်ဝန်းကျင်လေ့လာမှု မရှိဘဲနဲ့ လူတစ်ဖက်သားကို ဆင်ရာစွတ်မပြောရဘူး၊ အရမ်းကလေးဆန်တယ်ကွ"

"ဘာပြောတယ်"

မြဝါးရုံ အကျယ်ကြီး အော်လိုက်သဖြင့် ဒေါ်ပိုင်းပင် လန့်သွား ကာ အိမ်ထဲသို့ ခပ်ကုတ်ကုတ် ပြန်ဝင်သွားသည်။

လူငယ်တွေ အခြေအတင်ဖြစ်တဲ့ပွဲမှာ ဝင်မပါတာ အကောင်း ဆုံးဟု တွေးသွားပုံလည်း ရသည်။

"ကြားတဲ့အတိုင်းပဲလေ၊ မကြားရင် အနားလာပြီး ကပ်ပြော မလား၊ အဟဲ စိတ်မထိန်းနိုင်ဘဲ နမ်းမိသွားရင်တော့ ကိုယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မယူဘူး"

"ရှင်နော်"

ညီဇ လှည့်မကြည့်တော့ဘဲ အိမ်ကြီးထဲသို့ ဝင်သွားသည်။ မြဝါးရုံ အနောက်မှ ခပ်သွက်သွက်လိုက်ဝင်သွားသည်။

ဒီလူ မြဝါးရုံကို ဒေါသမထွက်ထွက်အောင် လာစမ်းနေတာပဲ တွေ့ကြသေးတာပေါ့။

မြဝါးစိတ်ထဲမှာ ကျိန်းဝါးလိုက်ပြီး ညီဇ နောက်မှ အမှီလိုက်ခဲ့သည်။

ဧည့်ခန်းထဲတွင် မေမေနှင့် အန်ကယ် ထိုင်နေသည်။

ညီဇနှင့်အတူ နောက်မှ ပျာယီပျာယာ ဝင်လာသော မြဝါးရုံကို ပြုံးပြုံးကြီး ကြည့်နေကြသည်။

"ဟော ဒီနေ့တော့ သားရော သမီးရော ဆုံပြီး ပြန်လာကြပါလား။ အေးကွာ မိသားစုထမင်းဝိုင်းလေးတော့ ဒီနေ့ပိုပြီး အသက်ဝင်တော့မှာပဲ"

အန်ကယ် အမူအရာနှင့် ဘာမှမပြောင်းလဲသော ဖော်ရွေမှုတွေကြောင့် ဒေါသတွေဖြင့် တွန်းအားပေးခြင်းခံနေရသော မြဝါး၏ခြေလှမ်းတွေ အင်အားမဲ့သွားလို တုံ့ဆိုင်း၍သွားသည်။

"အန်တီမေ ဒီနေ့မှ လာနှုတ်ဆက်ဖြစ်တာ ဆောရီးပါ"

သူမတူအောင် ယဉ်ကျေးနေသော ညီဇနှင့်အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး မြဝါး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် သားရယ်၊ သား ကွန်ဒိုတစ်ခု လက်ခံပြီး ဆောက် ... အလုပ်များနေတယ်ဆို သား ဒယ်ဒီပြောတယ်"

အန်တီမေ့ စကားကြောင့် ညီဇ စိတ်ထဲ ရယ်ချင်သွားသည်။ ...သားဖြစ်သူကို ဖနီးနှင့် ဖနီးပါသမီး မြဝါးရဲ့ အထင်မသေးအောင် အကြီး... ...ကြီး ပြောထားသည်ပဲ။

"ဟုတ်ကဲ့ အန်တီမေ အဲဒီအတွက် မြေနေရာတွေ သွားကြည့် ...အပ်တဲ့ကုန်ကြမ်းတွေ နိုင်ငံခြားကို မှာနဲ့ဆိုတော့ နည်းနည်းမှ မအား ...ဘူး"

ညီဇပါ ချော်လဲရောထိုင် လိုက်သည်။

ဒယ်ဒီပြောသလို ညီဇက အင်ဂျင်နီယာဘွဲ့ရပြီးသားပါ။ ဘာ ...အလုပ်မှ မယ်မယ်ရရ သိပ်မလုပ်ဘဲ ဟိုအလုပ်ကောင်းနိုးနိုး ဒီအလုပ် ...ကောင်းနိုးနိုးနဲ့ သွေးတိုးလိုက်စမ်းနေသူတစ်ယောက် ဖြစ်သည်။

"ကောင်းပါတယ်ကွယ်၊ ခုလို အိုင်တီခေတ်ကြီးမှာ သားတို့လို ...ငယ်လေးတွေက ကမ္ဘာကြီးကို ဦးဆောင်ပြီး တိုးတက်ဖို့ လမ်းစတွေ ...ဖော်ထွင်းနေတာတွေ့ရတော့ အန်တီမေ ကြည့်လည်း ကြည့်နူး ...ယ်၊ ဂုဏ်လည်းယူတယ်၊ လေးလည်း လေးစားတယ်"

အပေးအယူ တည့်နေကြသော မေမေနှင့် ညီဇကို ကြည့်ပြီး ...ပုတ်တယ်ဆိုမလားပဲ။ မြဝါးရဲ့ ရင်ထဲ သိပ်မနှစ်မြို့ချင်တော့။

"မေမေနဲ့အန်ကယ် သမီး အခန်းပြန်နားလိုက်ဦးမယ်"

ပြီးစလွယ် နှုတ်ဆက်လိုက်ပြီး လှည့်ထွက်မည်အပြု



www.burmeseclassic.com

www.burmeseclassic.com



"ဩော် သမီးနဲ့သားကို ဒယ်ဒီ မိတ်ဆက်ပေးရဦးမယ်လေ ရောက်ကတည်းက မိတ်ဆက်ပေးဖို့ဟာ ဒီကောင်က သူ့အလုပ်နဲ့သူ ရှုပ်နေတာနဲ့ပဲ ဒယ်ဒီလည်း မိတ်ဆက်မပေးဖြစ်ဘူး၊ လမ်းမှာ တွေ့ရင် တောင် တစ်အိမ်တည်းနေတဲ့သူတွေပဲဆိုပြီး သိကြမှာမဟုတ်ဘူး၊ ဒါ ဒယ်ဒီ့ရဲ့သားအငယ်ကောင် ညီဇ တဲ့၊ အင်ဂျင်နီယာ တစ်ယောက်ပေါ့"

"ဟုတ်ကဲ့ အန်ကယ် မြဝါး မှတ်ထားပါ့မယ်"

ထင်မှတ်မထားသော အခြေအနေတစ်ခုထဲကို ပြုန်းခနဲ ခုန်ဝင် လိုက်ရသလို မြဝါးရုံအတွက် ဘာမှ ကြိုတင်ပြင်ဆင်မှု မရရှိခဲ့။ အလိုက် သင့်လေးသာ ခေါင်းညိတ်လိုက်ရသည်။ ညီဇအပေါ်မှာ ကျေနပ်မိသလား မကျေနပ်ဘူးလား အားနာစရာလား၊ အားနာစရာမဟုတ်ဘူးလားဆိုတာ ပင် လတ်တလော အခြေအနေအရ ခွဲခြား၍မရနိုင်သေး။

ရင်ထဲမှာ အကြီးအကျယ် အုံ့ဩနေတာကလွဲ၍ပေါ့။ ညီဇက တော့ စပ်ဖြဲဖြဲ အမူအရာနှင့် မြဝါးရုံကို တရိုတသေ အမူအရာနှင့် ခေါင်းတစ်ချက် ညိတ်ပြသည်။

"သားငယ် ဒါ အန်တီမေ့သမီးလေး မြဝါးရုံ တဲ့၊ ဖက်ရှင်ဒီဇိုင် နာတစ်ယောက်ပေါ့၊ သား သိပြီးရင်လည်း သိပြီးနေမှာပါ"

"ဟုတ်ကဲ့ အန်တီမေ၊ ဒီလောက် ကျော်ကြားတဲ့ ဒီဇိုင်နာတစ် ယောက်ကို ကျွန်တော်မသိရင် ကျွန်တော့်လောက် ညံ့တဲ့သူ ဘာသုတ နည်းတဲ့သူ ကမ္ဘာပေါ်မှာ ရှိပါဦးမလား"

မေမေ သဘောကျ နှစ်သက်အောင် ဒိုင်တွေ တစ်လုံးပြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



လုံး ပစ်သွင်းနေသော ညီဇကို ချဉ်စူးစူးအကြည့်ဖြင့် သူ့အဖေ မမြင်အောင် ကြည့်လိုက်သည်။

ဒီလိုလူနှင့် တစ်မိသားစုတည်း လာစုံရလိမ့်မည်ဟု မြဝါး ဘယ်တုန်းကမှ တွေးမထင်ထားခဲ့မိဘူးပါ။

အဲဒီလိုသာ ကြိုသိခဲ့လျှင် မြဝါး မေမေနှင့် လုံးဝ အတိုက်အခံပြုပြီး မြဝါး အိမ်ကလေးမှာပဲ နေခဲ့မိမှာ သေချာသည်။

သူ့ရဲ့ မချိုမချဉ် မျက်နှာကြီးက မုန်းချင်စရာကြီး ဖြစ်၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"တီ တီ တီ"

ခွဲစိတ်ခန်းထဲမှ ထွက်လာလာချင်း မြည်လာသော ဖုန်းကြောင့် ခွဲစိတ်ခန်းဝတ်စုံအောက်ရှိ ဘောင်းဘီအိတ်ကို လက်လျှိုနှိုက်ယူလိုက်သည်။

"ဟဲလို ဒယ်ဒီ"

ဖခင်ဆီမှ ဖုန်းဖြစ်သဖြင့် ညီခ အပြုံးဖြင့် ဖုန်းထူးလိုက်သည်။

"ဟုတ်ကဲ့ အခု ဆေးရုံမှာ ဒယ်ဒီ၊ ခုပဲ သားခွဲစိတ်ခန်းထဲက ထွက်လာတာ၊ ညနေလား အင်း လူနာတစ်ယောက် သွားကြည့်ဖို့တော့ ရှိတယ် ဒယ်ဒီ၊ ဒါပေမဲ့ ဒယ်ဒီ လာစေချင်တယ်ဆိုရင်တော့ အဲဒီက အပြန် လှည့်ဝင်လာခဲ့မယ်လေ၊ ဟုတ်ကဲ့ ဟုတ်ကဲ့ ဒယ်ဒီ ပါပဲနော် ဟုတ် ဆီးယူ ဒယ်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ့ကို ဖုန်းပြောပြီး ဆရာဝန်များ နားနေခန်းထဲသို့ ဝင်လိုက်ပြီး ရေခဲသေတ္တာထဲမှ ဖန်ခွက်နှင့်ရေဘူးကို ထုတ်ကာ ရေကို တဝကြီး သောက်လိုက်သည်။

"ဟေး ဒေါက်တာညီ ရင်တွေ အရမ်းပူနေတယ် ထင်ပါ့"

"အိုဂျီ ဒေါက်တာ ဒေါ်စန္ဒာဝင်းက ဆေးကျမ်းစာအုပ် ဖတ်နေရာမှ ညီခကို လှမ်းနောက်နေသော်၍ ညီခ အသံထွက်အောင် ရယ်လိုက်ပြီး"

"ဟုတ်တယ် မမရေ ရင်ပူစရာတွေ ဘာမှမစားဘဲနဲ့ ဘာကြောင့် ရင်ပူနေမှန်း မသိဘူး"

"အဟင်း ကိုယ့် ဂျူတီမဟုတ်ဘဲ ခွဲခန်းဝင်ပေးလိုက်ရလို့ နေမှာပေါ့"

"ဟုတ်မယ် ဟုတ်မယ်"

အိုဂျီ မမကို အလိုက်အထိုက် ပြောလိုက်ပြီး ခွဲခန်းဝတ်စုံကို ချွတ်လိုက်သည်။

"ဒါနဲ့ မင်းဒယ်ဒီရော နေကောင်းရဲ့လား ဒေါက်တာ ညီ"

"ဟုတ်ကဲ့ ကောင်းပါတယ် မမ"

"အေးကွယ် မမကို သတိမှရသေးရဲ့လား မသိဘူး။ မမကတော့ အမြဲတမ်း သတိရနေပါတယ်လို့ ကြုံရင် ပြောလိုက်စမ်းပါကွယ်"

"ဟုတ်ကဲ့ ကြုံတယ် မမ၊ ဒီည ဒယ်ဒီ ကျွန်တော့်ကို ဒင်နာ ဖိတ်ထားတယ်၊ မိသားစု တွေ့ဆုံပွဲလေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ဟုတ်လား ညနေ ဆေးခန်းထိုင်စရာရှိနေလို့ပေါ့။ နိုမိုဆို မမပါ မင်းနဲ့ လိုက်ခဲ့တယ် သိလား။ ကိုညီကို မတွေ့ရတာ တော်တော်လေး ကြာနေလို့လေ အဟင်း ဟင်း ဟင်း"

အပျိုကြီး အိုက်ဂျီမမမှာ ဒယ်ဒီ၏ တတိယမြောက် ဇနီးနေရာကို မျှော်လင့်နေခြင်းဖြစ်သည်။

ဒယ်ဒီ တတိယမြောက် ဇနီး ပိုင်ဆိုင်သွားပြီဆိုတာကို နည်းနည်းလေးမှ ရိပ်မိပုံ မပေါ်သေး။

ညီခ ဖွင့်ပြောဖို့ ကြံရွယ်ကာ နှုတ်ခမ်းပြင်လိုက်ပြီးကာမှ အိုက်ဂျီ မမအား မလိုအပ်ဘဲ ခံစားချက်တွေ မပေးချင်တော့၍ မပြောဘဲ နှုတ်ဆိတ်နေလိုက်သည်။

■ ■ ■

ဆေးရုံမှအပြန် သတ်မှတ်ထားသော အချိန်ထက် စောပြီး လူနာကိုဝင်ကြည့်ခဲ့ပြီး ဒယ်ဒီ့ဒင်နာပွဲတက်ရန် အချိန်စောနေသေးသဖြင့် မြဝါးရုံဆီသို့ လမ်းကြောင်း ဦးတည်လိုက်သည်။

ကားမောင်းနေရင်းမှ နာရီကြည့်လိုက်တော့ ညနေ ခြောက်နာရီ ပင် ခွဲတော့မည်။ ဒီအချိန်ဆို မြဝါးရုံ သူငယ်ချင်းတွေလည်း အလုပ်သိမ်းပြီး ပြန်လောက်ပြီ။

ဒီတော့ မြဝါးရုံနှင့် အေးအေးဆေးဆေး စကားပြောနိုင်ပြီ တွေးရင်းဖြင့် မြဝါးရုံ မျက်နှာလေး အာရုံမှာ အရိပ်ထင်လာသည်။

ညီခ ကားမောင်းနေရင်းမှ ပြုံးလိုက်သည်။ အချိန်ကာလတို



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ မြဝါးရုံကို နှစ်နှစ်ကာကာ စွဲလန်းလာလိမ့်မည်ဟု ညီခကြိုတင် မတွေးခဲ့မိ။ ခုတော့ မြဝါးရုံအတွက်ဆိုလျှင် ရင်ခုန်သံတွေဟာ အဓိပ္ပာယ်မျိုးစုံနှင့် သက်ဝင်လို့နေ၏။

မြဝါးရုံတို့ ခြံရှေ့ရောက်တော့ အတွေးဖြင့် ကြည်နူးလာသော ကြည်နူးမှုလေး သက်ပြင်းမောနှင့်အတူ ပြာကျသွားသည်။

ခြံကို သော့ခတ်ထား၍ မြဝါးရုံ မရှိဘူးဆိုတာ သေချာသွားသဖြင့် ကားကို ပြန်ကွေ့လိုက်သည်။

အပြန်လမ်းတစ်လျှောက် အလာတုန်းကလောက် မသွက်လက်တော့။ ညနေစောင်းမှ ဘယ်ကိုသွားကြတာလဲဟု ဇဝေဇဝါ တွေးလိုက်သည်။

ထို့နောက် ဒယ်ဒီ့အိမ်သို့ လမ်းကြောင်း ပြန်ဦးတည်လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

အဆင်သင့် ဖွင့်ထားသော ခြံကြီးထဲသို့ ကားကို ချိုးကွေ့ဝင်လိုက်သည်နှင့် ညီခ၏မျက်လုံးတွေက တံခါးပွင့်နေသော မိမိအိမ်ဆီသို့ အကြည့်ရောက်သွားသည်။

ကားကို ဒယ်ဒီအိမ်ရှေ့ထိ မမောင်းဘဲ လမ်းခုလတ်မှာတင် ရပ်လိုက်သည်။

ဘာကြောင့် အိမ်တံခါးတွေ ပြတင်းပေါက်တွေ ဖွင့်ထားရသလဲ။ ညီဖများ ဝင်နေလို့လား။ ညီဖ အိမ်ဘက်ကိုကြည့်လိုက်ပြန်တော့လည်း ညီဖအိမ်တံခါး ဖွင့်ထားသည်။ ဒါဆို ဘယ်သူရောက်နေတာလဲ၊ ဒေါ်မိုင်းများ အိမ်ဝင်ရှင်းနေတာလား။

ညီဖ ခြေလှမ်းတွေ အုတ်လှေကားထစ်တွေအတိုင်း တက်လာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်က တံခါးသော ဖွင့်ထားသည်။ လူအရိပ်အခြေလုံးဝ မတွေ့ရ။ ညီခ အိမ်အတွင်းခန်းထဲသို့ ဝင်လာလိုက်သည်။ မိမိခုတင်နှင့် အသုံးအဆောင်ပစ္စည်းအချို့ထားသော အခန်းတံခါးပွင့်နေ၍ ထိုအခန်းဆီသို့ ဦးတည်လိုက်သည်။

"ဟာ"

အခန်းဝမှာ ရပ်လိုက်သည်နှင့် ညီခ ဝင်လာမိတာ မှားပြီဟု သော နောင်တနှင့်အတူ တအံ့တသြ နူတ်မှ ရေရွတ်လိုက်သည်။

ညီခ အသံကြောင့် ကျောပေးပြီး အင်္ကျီလဲနေသော အမျိုးသမီး အလန့်တကြား လှည့်ကြည့်၏။

နှစ်ယောက်စလုံး မျက်နှာချင်းဆိုင် သွားမိပြီး မြဝါးရဲ့ မျက်နှာ သွေးစုပ်ဖြူလျော်ကာ မိမိ၏ အတွင်းသား အချို့ကို နီးစပ်ရာ အဝတ်စ တစ်ခုဖြင့် လုံအောင်ကာလိုက်သည်။

"ရှင် ညီ ညီခ"

"ဆော ဆောရီး မြဝါးရဲ့ ဒီအထဲမှာ မင်းရှိနေမယ် မထင်လိုက်လို့ ကိုယ် ဝင်လာမိတာ"

ညီခ ချက်ချင်း မျက်နှာလွှဲလိုက်ပြီး အငမ်းမရ ရှင်းပြလိုက်သည်။ မြဝါး ချက်ချင်းပဲ တံခါးပြေးပိတ်လိုက်သည်။ ပြီးနောက် ကမန်းကတန်း ဝတ်လက်စ အင်္ကျီကို အပြီးသတ် ဝတ်လိုက်သည်။

ပြီးနောက် အခန်းအပြင်သို့ ရှက်ရိပ်ထင်သော မျက်နှာဖြင့် ထွက်လာလိုက်သည်။ ဧည့်ခန်းထဲရောက်တော့ ညီခ ခေါင်းကိုက်စိုက်ချပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသည်။

မြဝါး၏ မျက်နှာပူပူနှင့်ပင် ညီခအနားသို့ လျှောက်သွားလိုက်သည်။

ညီခ ခြေသံကြား၍ မော့ကြည့်သည်။

"မြဝါး စောစောကအတွက် ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်နော်၊ ကိုယ် အဲဒီလို လုံးဝ မရည်ရွယ်ပါဘူး၊ ဒါနဲ့ မြဝါးက ဒီကို ဘယ်လိုရောက်နေတာလဲ"

ညီခ မေးသာမေးရသည် ရင်တထိတ်ထိတ် မတွေးအပ် မတွေးကောင်းတာတွေ တွေးပြီး မမေးသင့်တာတွေ မေးမိမည်စိုး၍ ဒီလောက်မေးခွန်းလေးကိုပဲ မေးလိုက်သည်။

ဒယ်ဒီ တတိယမိန်းမဟာ မြဝါး မဖြစ်ပါစေနှင့်လို့သာ ရင်ထဲမှာ သွေးရူးသွေးတန်း ဆုတောင်းမိသည်။

"ဒီမေးခွန်းကို ကျွန်မက မေးရမှာမဟုတ်ဘူးလား ညီခ"

ဘလောက်စ်အင်္ကျီအဝါနုလေးကို ခါးမှ ဆွဲချပြီး ညီခနှင့် မျက်နှာ ချင်းဆိုင် ထိုင်လိုက်သည်။

ညီခ နှာသီးဝသို့ ရှင်မတောင် သနပ်ခါးရနံ့ သင်းသင်းလေး တိုးဝင်လာသည်။ ရေချိုးပြီးစ သနပ်ခါး မခြောက်တခြောက်နှင့် ယဉ်ယဉ်လေး လှနေသော မြဝါး၏ကို မငုံမရဲ ဖျတ်ခနဲ ကြည့်လိုက်သည်။

"ဒီမေးခွန်းကို နှစ်ယောက်စလုံး မေးခွင့်ရှိတယ်နော့် ကိုယ်တို့ သတ်မှတ်ကြရအောင်၊ ကိုယ်စောစောက ဆေးရုံကပြန် မြဝါးတို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



ာက် ရောက်ခဲ့တယ်၊ ခြံတံခါးသော့ခတ်ထားတာနဲ့ ကိုယ် ဒယ်ဒီ့ဆီကို
ာက်လာတာ၊ ဒီရောက်တော့ ကိုယ့်အိမ်လေး တံခါးဖွင့်ထားတာတွေ့
ာနဲ့ ညီဖများ ဝင်နေတာလား ဒါမှမဟုတ် ဒေါ်ပိုင်းများ သန့်ရှင်းရေး
ာပ်နေတာလားဆိုတဲ့ အထင်နဲ့ ကိုယ် စွတ်ပြီး ဝင်လာခဲ့မိတာ မထင်မှတ်
ဲ မြဝါးကို ဗြုန်းခနဲ တွေ့လိုက်တာ"

မြဝါး မျက်ဝန်းလေးတွေ အံ့သြစိတ်ဖြင့် ဝိုင်းစက်ဖြူဖွေးသွား
ည်။ ကံကြမ္မာက မြဝါးရှံနှင့် ထိုယောက်ျားနှစ်ယောက်ကို ဒီထက်
ာန်းကြယ်သော ဆုံတွေ့မှုတွေနှင့် ဆုံအောင် လုပ်ပေးလျှင်တောင် ယခု
ာင်ဆိုင်နေရသော အဖြစ်အပျက်တွေလောက် ဆန်းကြယ်ပါဦးမလား။

ညီဖနှင့်ညီခက ညီအစ်ကို။ ဒါ့အပြင် မြဝါးရှံ ပထွေး၏ သား
ာယောက်။ ဒီနေ့လေးဟာ ဇာက်ဖဲတွေ တစ်ချပ်ပြီးတစ်ချပ် ပေါ်သောနေ့
ဖြစ်သည်။

မြဝါး သူတို့ညီအစ်ကိုနှစ်ဦးအား မည်သို့ ရင်ဆိုင်ရမည်မှန်း
ာင် မစဉ်းစားတတ်။ တလှိမ့်လှိမ့် တက်လာသော ရှက်ရွံ့ဝမ်းနည်းခြင်း
ာွက မျက်နှာပေါ်သို့ ဆန်တက်ကာ မျက်ရည်အဖြစ်သို့ ကူးပြောင်းလာ
ကြသည်။

နှာသီးဖျားလေးတွေ နီရဲလာသည့်အထိ မြဝါးရှံ မျက်နှာမှာ
ာင်ရိပ်တွေ လုံးထွေးရစ်ပတ်ကာ ကျလုဆဲဆဲ မျက်ရည်ဥတွေကို မျက်
ာင်ဖျားဖြင့် ပုတ်ခတ် ထိန်းညှိလိုက်သည်။

ညီခ အဖြစ်မှန်ကိုသိလျှင် မြဝါးရှံတို့ သားအမိတွေကို ခဲထင်



www.burmeseclassic.com

www.burmeseclassic.com



သေးသွားမှာ ကျိန်းသေသည်။

ယခု မြဝါး ရှင်းပြရမည့် အလှည့်ရောက်ပြီ။ ညီခကို မြဝါး ဒီကို ဘာကြောင့် ရောက်နေရသည်ဆိုတာကို ရှင်းပြရတော့မည်။

မြဝါး နှုတ်တွေ ဆွံ့အနေသည်။ ဘယ်က ဘယ်လို စပြီး ရှင်းပြရမှန်းတောင် မသိတော့။ မြဝါး အာရုံတွေ လမ်းသွားရင်း လမ်း ပျောက်သူလို ဖြစ်နေသည်။

"ဒီအိမ်လေးမှာ နေခွင့်ပြုထားတာ အန်ကယ် ဦးညီထူးသာပါ"

"ဟင် ဒါဆို ဒယ်ဒီနဲ့မြဝါးနဲ့က ဘယ်က ဘယ်လို ပတ် သက်"

ညီခ စိုးတထိတ်ထိတ်ဖြင့် ရှေ့ဆက်မမေးရဲတော့။ မြဝါး နှုတ်မှ ထွက်ကျလာမည့် အဖြေတွေကို ညီခ နားထောင်ရန် အမှန်ပင် အင်အား မရှိ။

"တလွဲမတွေးပါနဲ့ ညီခ၊ အန်ကယ် ဦးညီထူးသာက လက်ရှိ အခြေအနေမှာ မြဝါးရဲ့အဖေအသစ် ဖြစ်သွားပြီလေ၊ ဒါကြောင့် ဒီကို မေမေနဲ့အတူ မြဝါးပါ လိုက်လာခဲ့ရတာပေါ့"

ရင်ထဲမှ အလုံးကြီး ယခုမှပင် ဂလုခနဲ ကျသွားတော့သည်။ တော်ပါသေးရဲ့။ ညီခ တွေးထင်ထားသလို ဖြစ်မလာတာပဲ။

"ကိုယ်တို့အတွက် တကယ့်ကို ထင်မှတ်မထားတာကြီးပဲ ရင် ဆိုင်လိုက်ရတာပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ် ကျေနပ်ပါတယ်၊ မြဝါးနဲ့ ကိုယ်နဲ့ ဒီထက်ပိုပြီး ရင်းနှီးသွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မြဝါးတို့သားအမိကို နည်းနည်းတော့ အထင်သေးသွားဘယ် မဟုတ်လား" ..

မြဝါး မျက်ဝန်းကလေး ဆတ်ခနဲပင့်ကာ မေးလိုက်သည်။ ညီခ ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်သည်။

"အတိတ်ကံက ဒီအချိန်မှာ ဆုံဖို့အကြောင်းဖန်လာရင် ဆုံကို ဆုံရမှာပ်လေ၊ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ်ပေါ့"

"ကိုယ်တို့ မြဝါးတို့ဆိုတာ လောကဓာတ်ခုံပေါ်မှာ ကပြအသုံးတော်ခံနေနေရတဲ့ ဘဝရဲ့ ကကြိုးဓာတ်ရုပ်တွေပဲ"

"မကောင်းဘူး ကောင်းတယ်ဆိုတာ ဝေဖန်လို့ပဲ ရမယ်၊ စောဒက တက်ခွင့်မရှိဘူး"

"လောကကံကြမ္မာနဲ့ ကိုယ်တို့ လူသားတွေကြားမှာ ခုံရုံးမရှိဘူး။ ဒီတော့ အလိုက်သင့်လေး မျောလိုက်ကြရုံပေါ့ မဟုတ်ဘူးလား"

နားလည်စာနာပေးနိုင်သော ညီခကို မြဝါးရဲ့ စိတ်ထဲ လေးစားသွားမိတာတော့ အမှန်ပင်။

ဟိုကောင် ညီဖနောင့်တော့ လုံးဝ ဆန့်ကျင်ဘက်ပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မြဝါး ထမင်းသာ စားနေရသည်။ စိတ်နှင့်လူနှင့်မကပ်သလို လျှာပေါ်တင်လိုက်သည့် ထမင်းလုပ်တိုင်းကိုလည်း အရသာခံဖို့ကိုပင် မေ့နေလောက်အောင် အာရုံတွေ လွတ်ထွက်နေသည်။

မေမေ မြဝါးကို အကဲခတ်ကြည့်နေမှန်း မြဝါး သိပေမယ့် တမင်ပင် မသိချင်ဟန်ဆောင်လိုက်သည်။

"သမီး ထမင်းစား မကောင်းဘူးလား၊ သမီး စားနေပုံကို ကြည့်ရတာ ခံတွင်း မတွေ့သလိုပဲ"

အန်ကယ် ဦးညီထူးသာ၏ အမေးကြောင့် ညီခနှင့်ညီဇတို့၏ အကြည့်တွေက မြဝါးရှိဆီသို့ စုပြုံရောက်လာကြသည်။

"ဟင့်အင်း စားကောင်းပါတယ် အန်ကယ်၊ မြဝါး ဗိုက်မဆာသေးဘဲ စားလိုက်ရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ညီဇ ထမင်း ပလုပ်ပလောင်း ဝါးရင်းမှ မြဝါးကိုကြည့်ပြီး

"မိသားစုတွေပဲ ဖြစ်နေပြီ ကိုယ်တို့အဖေကို ဒယ်ဒီလို့ ပြောင်းခေါ်လို့ မရဘူးလား"

"ဟော့ကောင် သား ညီဇ မင်းဘာတွေ လျှောက်ပြောနေတာလဲ သမီးကို ပရက်ရှာ မပေးပါနဲ့၊ သူ့စိတ်ထဲရှိတဲ့အတိုင်း ခေါ်ပါစေ"

ဦးညီထူးသာ ဘွင့်ဘွင့်ကြီး ပြောချလိုက်သော ညီဇ စကားကြောင့် မျက်နှာပျက်ယွင်းသွားသော မြဝါးကို အလွန်အမင်း အားနာသွားသည်။

"သားက အမှန်အကန် လမ်းကြောင်းတည့်ပေးတာပါ ဒယ်ဒီရာ၊ အားလုံးလည်း မိသားစုလို တစ်ပြေးညီတည်း ဖြစ်သွားအောင်ပေါ့၊ ခုဟာက အန်ကယ် အန်ကယ်နဲ့ စိမ်းစိမ်းကြီးဖြစ်နေတယ်"

"သား ပြောတာ ဟုတ်တယ် သမီး၊ မေမေလည်း အခေါ်အဝေါ်ကို ပြောင်းခေါ်ခိုင်းမလို့ပဲ၊ သားညီဇက အရင်ဦးသွားတော့လည်း မေမေ ပြောစရာ မလိုတော့ဘူးပေါ့"

မေမေကပါ ဝင်ပြီးပြောနေ၍ မြဝါး ပို၍ စိတ်ရှုပ်သွားသည်။ ထို့သော် အားလုံးရဲ့ရှေ့မှာ မေမေ့ကို စောဒက မတက်ချင်သလို ဆရာကြီး အတွက် လာနင်းနေသော ညီဇကိုလည်း ပြန်ပြီး ရန်မထောင်ချင်။

ဦးညီထူးသာ မျက်နှာက ရှိသေးသည်လေ။

ညီဇကတော့ ဘာမျှ ဝင်ရောက်စွက်ဖက် ပြောဆိုခြင်းမရှိဘဲ ထမင်းကိုသာ တိတ်ဆိတ်စွာဖြင့် စားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး နှုတ်ကျင့် မဖြစ်သေးလို့ပါ မေမေ၊ သမီး ကြိုးစားကြည့်ပါမယ်"

"ဒီကိစ္စကို စိတ်ထဲ သိပ်မထည့်ထားပါနဲ့၊ သမီးလည်း အလုပ်များတဲ့သူပဲ သိပ်စိတ်ရှုပ်မခံနဲ့၊ ဒယ်ဒီ့သမီးအပေါ် နားလည်ပေးနိုင်ပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန် အဲ ဒယ် ဒီ"

နှုတ်တွန့်ဆွံ့အနေသော မြဝါး၏ အခေါ်အဝေါ် တုံးတိတိကြောင့် ညီဇ လှောင်ရယ်ကလေး ရယ်သည်။

ညီခ ညီဇအား လှမ်းကြည့်သည်။ အပြစ်တင်သည့်အကြည့်မျိုး

သူ့အား မယားပါသမီးက ဒယ်ဒီဟု ခေါ်သဖြင့် ဦးညီထူးသာ သဘောတွေ့သွားကာ ပီတိသံကြီးဖြင့် တဟဲဟဲ ရယ်သည်။

"သမီးတစ်ယောက်ရဲ့ ဒယ်ဒီလို့ ခေါ်သံကို ပထမဦးဆုံး ကြားလိုက်ရလို့လား မသိဘူး ကြည်ဖြူရေ ကိုယ်တော့ နားထဲမှာ ချိုအီဆိမ့်သွားတာပဲကွာ"

ဝမ်းသာသံကြီးဖြင့် ပြောနေသော ဒယ်ဒီ့ကို ကြည့်ပြီး ညီခ သက်ပြင်း ခပ်ပျော့ပျော့ကို မသိမသာ ချလိုက်သည်။

မိသားစု ထမင်းဝိုင်းလေးမှာ တစ်စထက်တစ်စ ပို၍ စိုပြည်လာသည်။

ညီဇ မျက်နှာချင်းဆိုင်မှာ ထိုင်သော မြဝါးရဲ့ ပန်းကန်ထဲသို့ ဟင်းတွေ ထည့်ပေးကာ



www.burmeseclassic.com

www.burmeseclassic.com



"စားနော် ပုစွန်ထုပ်အကြွပ်ကြော်ကို ဒေါ်ဝိုင်းက မြဝါး ကြိုက် တယ်ဆိုပြီး ကြော်နေတာ ကိုယ်သိတယ်၊ နောက်ရက်တွေလည်း စားချင် တာရှိရင် ဒေါ်ဝိုင်းကို ကြိုပြော သိလား မြဝါး၊ ဒေါ်ဝိုင်းက ဟင်းချက် အရမ်းကောင်းတယ်၊

အဟဲ ကိုယ် ဟိုတယ်ဖွင့်ဖြစ်ရင် ဒေါ်ဝိုင်းကို ပထမတန်းစား မြန်မာထမင်းဟင်းချက် စားဖိုမှူးအဖြစ် ခန့်မှာ၊ ဝါသနာပါရင် ချက်နည်း ပြုတ်နည်းပါ သင်ထားလို့ရတယ်၊ ဒါမှ တစ်ချိန် မြဝါး အိမ်ထောင်ပြုတဲ့ အခါ ကိုယ့်အိမ်ထောင်ဖက်က ကိုယ့်အပေါ် ယုံကြည်လေးစားမှုရှိလာ အောင် လက်စွမ်းပြလို့ ရမှာ"

ညီဇ စကားရော ဖောရော ပြောနေသဖြင့် မြဝါး ညီဇ အပေါ် သိပ်ပြီး မကျေနပ်ချင်။

ထမင်းစားဝိုင်းထဲမှာ သူ့အဖေကြီးတစ်ယောက်လုံး ထိုင်နေလို့ သာပေါ့။ မရှိများ မရှိလို့ကတော့ လက်ထဲမှာ ကိုင်ထားသော ခက်ရင်းဖြင့် ထိပ်ပေါက်အောင် ပစ်ပေါက်လိုက်ပြီးသား။

"သား ငယ်ငယ်တုန်းက အကျင့်က ခုထိကို မပျောက်သေး ဘူး"

ဒယ်ဒီ့စကားကြောင့် ညီဇ ဖွန်းကြီးကို ပါးစပ်ထဲထည့်ကာ ဘင်းရည်သောက်ရင်း တန်းလန်းဖြင့် ဖခင်ဖြစ်သူကို ပြုံးကြည့်လိုက် သည်။

"ဗျာ..ဘာအကျင့်လဲ ဒယ်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားရင် စကားအများကြီးပြောတဲ့အကျင့်လေ၊ မင်း အစ်ကိုကျတော့ ထမင်းစားရင် ထမင်းကိုပဲ အာရုံစိုက်တာ၊ စကား သိပ်မပြောဘူး၊ တော်တော်လေး လိုအပ်မှ ပြောတယ်"

ညီဇ ပါးစပ်ထဲမှာ တန်းလန်းဖြစ်နေသော ဇွန်းကို ထုတ်ယူ ပြီး ညီခကို ရှုံ့မဲ့မဲ့လှမ်းကြည့်လိုက်သည်။

ဒီလို တေမိမင်းသားနဲ့ လာနှိုင်းနေသေးတယ်ဟု စိတ်ထဲမှ ဒယ်ဒီ့ကို ကြိတ်ပြီး အပြစ်တင်လိုက်သည်။

"မတူဘူးလေ ဒယ်ဒီရဲ့၊ သူနဲ့သားနဲ့က အမြဲတမ်း ဆန့်ကျင် ဘက်ပဲ၊ သားက သူ့လို မြူစိစိကြီး မနေချင်ပါဘူး၊ ပါးစပ်လေဝင်လေ ထွက်မကောင်းလို့ ကြာရင် လျှာတွေ သွားတွေ မှိုတက်မယ့်ကောင်"

ချဉ်တူးတူး ပြောချလိုက်သော ညီဇ စကားကြောင့် ညီခစကား ကြောင့် ညီခမှလွဲ၍ အားလုံး ဝိုင်းရယ်ကြသည်။ ညီခ ညီဇအား စိတ်ထဲမှ ကြိတ်ပြီး ကျိန်ဆဲလိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ညီခ ကော်ဖီဆိုင်သွားရအောင်ဟု ခေါ်သဖြင့် မြဝါး မလိုက်ချင်ပေမယ့်လည်း အားနာပါးနာ လိုက်ခဲ့ရသည်။

"လူ့ဘဝကြီးက အရမ်းပဋ္ဌလက်ဆန်တယ်နော် မြဝါး"

ကော်ဖီအေးကို ပိုက်ကလေးနှင့် ဖိမ်ခံသောက်နေရင်းမှ ကောက်ကာငင်ကာ ထပြောလိုက်သော ညီခ၏ ဒဿနစကားကြောင့် မြဝါး မျက်လုံးလေး ဝင့်ကြည့်သည်။

"ဟင် ဘာကိုဆိုလိုချင်တာလဲ ညီခ"

ညီခ ပြောသော စကားအဓိပ္ပာယ်ကို မြဝါး နားလည်သလိုလို ရှိပေမယ့် ဒီထက်ပိုပြီး မစဉ်းစားချင်သဖြင့် ရိုးသားစွာ မေးလိုက်ခြင်း ဖြစ်သည်။

"ကိုယ်နဲ့ မြဝါး အဖြစ်ကို ပြောပါတယ်၊ မြဝါးကို ကိုယ့်အနေနဲ့ ဒီလိုပုံစံမျိုးနဲ့ ပတ်သက်ရလိမ့်မယ်လို့ လုံးဝ ထင်မထားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း ရှင့်လိုပဲပေါ့"

"ကိုယ် အံ့လည်း အံ့ဩတယ်၊ နောက်ပြီး မြဝါးနဲ့ ကိုယ် အရင်ကထက် ပိုပြီး ရင်းနှီးသွားပါလားလို့ စိတ်မှာ ခံစားမိလိုက်တယ်၊ ပျော်သလိုလိုလည်း ဖြစ်သွားတယ်"

"ဟင့်အင်း ကျွန်မက ရှက်တယ်"

မြဝါး ဤသို့ မပွင့်တပွင့် အပြုံးယဲ့ယဲ့လေးဆိုတော့ ညီခပါ အားနာသောအကြည့်ဖြင့် ကြည့်ကာ ခပ်တိုးတိုး ရယ်သည်။

"ဘာရှက်တာလဲ"

"ကျွန်မအမေက ရှင့်အဖေရဲ့ တတိယ ဇနီးဖြစ်ပြီး ကျွန်မက မယားပါ သမီးဖြစ်နေလို့ နောက်ပြီး ရှင်တို့အိမ်မှာ လိုက်ကပ်နေရသလို ပုံစံဖြစ်နေလို့"

"ဟာ ဘာဆိုင်လဲကွာ"

"ဆိုင်တာပေါ့ ကျွန်မ ဒီအိမ်မှာ လိုက်မနေဘူးလို့ မေမေ့ကို အရမ်းငြင်းသေးတယ်၊ ဒါပေမဲ့ ဘယ်လိုမှ ငြင်းမရတာနဲ့ ကျွန်မ လက်လျှော့ပြီး လိုက်လာဖြစ်ခဲ့ရတယ်၊ နောက်ပြီး ရှင့်အိမ်မှာ ပိုင်စိုးပိုင်နင်း လာပြီး တကဲနေသေးတယ်၊ ဖော်ဖော်ဆိုးတဲ့ ကောင်မလေးလို့ ရှင် မထင်ဘူးလား"

"မထင်ပါဘူး ကိုယ် အပိုင်ရတဲ့ တိုက်ခန်းလေးမှာ မြဝါး နေ နေတယ်ဆိုတာ သိလို့ ကိုယ့်ရင်ထဲ နွေးသလိုတောင် ခံစားလိုက်သေး တယ်၊ ကိုယ့်အငွေ့အသက်နဲ့ မြဝါး တစ်အိမ်တည်း တစ်မိုးတည်းမှာ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အတွက် ကိုယ်ကတော့ ကြည့်နူးသလိုလိုတောင် ခံစားမိလိုက်သေးတယ်''

''ကျွန်မကတော့ အဲဒီလောက် ခပ်ကြောင်ကြောင် မတွေးမိပါဘူး။ ဒီအချိန် ဒီနေ့မတိုင်ခင် မနေ့ကအထိတော့ ကျွန်မ စိတ်ထဲ ရှင်းနေတာပဲလေ''

''ဟာ အခု မရှင်းတော့ဘူးလား''

''ဟုတ်တယ် မရှင်းတော့ဘူး''

''မရှင်းတာကို ရှင်းအောင် ကိုယ် ဘယ်လိုလုပ်ပေးရမလဲကွာ၊ မြဝါးရင်ထဲမှာ အမြဲတမ်း ရှင်းနေတာကိုပဲ ကိုယ် မျှော်လင့်ချင်တယ် တကယ်ပြောတာ''

''ဘာလဲ ဒါဆိုရင် ကျွန်မ ရင်ထဲဝင်ပြီး ရှုပ်နေတာတွေ ရှင်းပေးနိုင်တဲ့ မျှော်အစွမ်းတွေ ရှိနေတယ်ပေါ့''

''အဲလို ရှိနေရင် ကောင်းတာပေါ့၊ ဒါဆို မြဝါး ရင်ထဲမှာ ဘယ်သူရှိလဲ၊ ဖူးစာရှင်ကို ကျူးပစ်ကလေးက ဘယ်လို ရွေးချယ်ပေးထားသလဲဆိုတာပါ လှမ်းပြီး ကြည့်လို့ရတယ်လေ''

ညီခေါ်၏ စကားလမ်းကြောင်းက နှလုံးသားရေးရာဘက်သို့ တဖြည်းဖြည်း စီးမျောလာသည်။

''ဒါနဲ့ ရှင့်အဖေ ခုလိုမျိုး နောက်အိမ်ထောင်ထူတာ အစ်ကို့ ဘာမှအပြစ်မပြောဘူးလား''

မြဝါး တမင် စကားလမ်းကြောင်းလွှဲလိုက်ခြင်း ဖြစ်သည်။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ညီခ မြဝါးကို ချစ်ရေးဆိုလျှင် မြဝါးမှာ ခေါင်းညိတ်အဖြေပေး နိုင်မယ့် ခံစားမှုမျိုး ရင်ထဲမှာ မဖြစ်ထွန်းသေး။

"ညီဇ အမေ အန်တီဒေဝေတောင် ဘာမှမတုန်လှုပ်သေးတာ၊ ကိုယ့်မာမီဆိုရင်တော့ အဝေးကြီးပေါ့ မြဝါးရယ်၊ အမှန်အတိုင်းပြောရရင် ကိုယ့်မာမီက ကိုယ့်အဖေကို လုံးဝ မချစ်ဘဲ လက်ထပ်လိုက်ရတာ"

"ဟယ် မချစ်ဘဲနဲ့ လက်ထပ်လို့ရတယ် ဟုတ်လား"

"ရတယ်လေ ဒါကြောင့်လည်း ကိုယ် ငယ်ငယ်လေးနဲ့ပဲ မာမီ နဲ့ဒယ်ဒီ တရားဝင် ကွာရှင်းခဲ့ကြတာပေါ့၊ ဒယ်ဒီနဲ့ ကွာရှင်းလိုက်ရလို့ မာမီရော ဒယ်ဒီရော ဘယ်လိုမှ မခံစားကြရပါဘူး။ တကယ်တမ်း ခံစား ရတာကတော့ ကိုယ်ပေါ့"

မြဝါး ဘာကြောင့်ရယ်မသိ ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘားစုနှင့် အတူ စည်းစည်းလုံးလုံး မနေခဲ့ရရှာသော ညီဇကို ရင်မှာ ကရုဏာသက် မိသွားသည်။

"ကိုယ့်လိုပဲ ညီဇလည်း ခံစားရမှာပေါ့။ ညီဇကတော့ ကိုယ့် လောက် မဆိုးပါဘူး၊ အန်တီဒေနဲ့ဒယ်ဒီနဲ့က ညီဇ ဆယ်တန်းအောင်ပြီးမှ ကွဲသွားတာဆိုတော့ ညီဇကတော့ဖအေစုံ မအေစုံနဲ့ အရသာလေးကို အပီအပြင် ခံစားလိုက်ရသေးတယ်၊ ဒါပေမဲ့ ဒယ်ဒီက ကိုယ့်ကိုရော ညီဇကိုရော တစ်ပြေးညီ ချစ်တာတော့ အမှန်ပဲ၊ သားနှစ်ယောက်ကို အပိုအလိုမရှိ အတူတူချစ်တယ်၊ တန်းတူအခွင့်အရေး ပေးတယ်၊ ခုချိန်ထိ ကိုယ့်ကို ဒယ်ဒီ တစ်ခါမှ ရိုက်နှက်ပြီးဆုံးမရတာ မှတ်မိပါတော်ပြီး ဆုံးမ



www.burmeseclassic.com

www.burmeseclassic.com



ရတာ တစ်ခါမှ မရှိသေးဘူး။

ကိုယ့်ကြောင့် ဒယ်ဒီဟာ အမြဲတမ်း ဂုဏ်ယူဝံ့ကြွားစွာ ပြုံးနိုင်ခဲ့သလို ဂုဏ်လည်းတက်ခဲ့ရတယ်"

သူ့ဘဝ ဇာတ်ကြောင်းလေးကို ရီဝေသော အကြည့်အပြုံးနှင့် ပြောနေသဖြင့် မြဝါး စိတ်ပါလက်ပါ နားထောင်ပေးလိုက်ပါ၏။

ညီဇနှင့်ညီခ စရိုက်ချင်း မတူတာတော့ ကြည့်ရုံနှင့် သိ၏။ ညီခနှင့် ခင်လာကတည်းက မြဝါးကို စိတ်အနှောင့်အယှက် ဖြစ်စေမည့် စကားမျိုးကို တစ်ခါမှ မပြောခဲ့ဖူး။ သူ့ကြောင့်လည်း မြဝါး စိတ်အနှောင့်အယှက် တစ်ခါမှ မဖြစ်ဖူးခဲ့။

တကယ်တမ်း စိတ်အနှောင့်အယှက် ဖြစ်နေရတာက ဟိုကောင် ညီဇကြောင့်မဲ ဖြစ်သည်။

ညီဇအကြောင်းဆိုရင် ညီခအကြောင်းထက် ပို၍ တွေးဖြစ်သည်။ တွေးဖြစ်တိုင်းလည်း ဒေါသထွက်မိသည်။

မြဝါး ညီဇကို ကြည့်မရတာတော့ အမှန်ပင် ဖြစ်သည်။

မုန်းလို့လားဆိုတော့လည်း မဟုတ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"မြဝါးလေးရေ ညီဇာက ထမင်းစားမယ်တဲ့၊ ဒေါ်ပိုင်းကို လာ
ပြောခိုင်းတယ်၊ အခု ထမင်းစားခန်းထဲမှာ ထိုင်စောင့်နေတယ်"

ဧည့်ခန်းဝတွင် လာရပ်ပြီး ပြောသော ဒေါ်ပိုင်းကြောင့် အင်တာ
နက်ထဲမှ ဒီဇိုင်းဝေဖန်သုံးသပ်ချက်တွေကို ဖတ်နေရင်းမှ အာရုံနောက်
သွားရသည်။

"ဒယ်ဒီနဲ့မေမေရော"

"ဆရာကြီးနဲ့ မမကြီးက ဒီညဲ ဒင်နာတစ်ခု သွားကြတယ်လေ
မရှိကြဘူး၊ မြဝါးလေး အလုပ်က ပြန်မရောက်ခင်ကတည်းက ထွက်သွား
ကြတာ"

"ဟင် ဒါဆို မြဝါးနဲ့ညီဇာ နှစ်ယောက်ပဲ ကျန်တာပေါ့၊ ဒေါ်ပိုင်း
ရော စားပြီးပြီလား"

"အင်း စားပြီးပြီ မြဝါး၊ ဒေါ်ပိုင်းက သက်သက်လွတ်စားတာ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဒါကြောင့် ခပ်စောစော စားတယ်''

မြဝါး လက်တော့စ်ကို ပိတ်လိုက်ပြီး ဆံပင်လေးကို ဖျတ်ခနဲ ဝေ့ဝဲသွားအောင် ခါယမ်းလိုက်ပြီး မျက်နှာလေး ရှုံ့မဲ့စွာဖြင့်

''မြဝါး သူနဲ့အတူ မစားချင်ပါဘူး ဒေါ်ပိုင်းရယ်၊ ကလေးမဟုတ် သူငယ်မဟုတ်နဲ့ ထမင်းစားရင် သိပ်စကားများတာ မြဝါးက နားညည်း ခံချင်ဘူး''

''ဒါဆို မြဝါး မစားသေးဘူးလို့ ပြောလိုက်ရမလား''

''အင်း ပြောလိုက် ဒေါ်ပိုင်း မြဝါး သူ စားပြီးမှ စားမယ်''

''ဒါဆို ဒေါ်ပိုင်း သွားတော့မယ်နော်''

''ဟုတ်''

ဒေါ်ပိုင်း အိပွဲ့အိပွဲ့နှင့် ညှော်ခန်းဝမှ လှည့်ထွက်သွားသည်။ မြဝါး အလုပ်ထဲ အာရုံပြန်နှစ်ကာ ဝေဖန်စာတွေကို ပြန်ပြီး ဆက်ဖတ် နေလိုက်သည်။

အင်တာနက်ထဲမှ ဝေဖန်စာအချို့ကို ဖတ်ရသည်မှာ မြဝါး၏ မျှော်လင့်ချက်တွေကိုပို၍ အရောင်တောက်လာသလို ခံစားရသလို ဒီထက် ဒီထက် ပို၍ ကြိုးစားရမည်ဟူသော ရင်တွင်းသတိပေးချက်ဖြင့် ကိုယ့် ကိုယ်ကိုယ် ပြန်လည်အားဖြည့်လိုက်သည်။

''ဟော့ အဲဒီအလုပ်က ဘယ်အချိန်လုပ်လုပ် ရတယ်လေ၊ ထမင်း ကတော့ အချိန်နဲ့အခါနဲ့ စားရတယ်ကွ၊ ဒါမှ ပုံမှန်အစာကြေညက်မှာ ပြီး ကျန်းမာရေးနဲ့ ညီညွတ်မှာ၊ ခေတ်ပညာတတ် တစ်ယောက်လုပ်ပြီး

www.burmeseclassic.com



ကျန်းမာရေး ဗဟုသုတ နည်းနည်းလေးမှ ရှိမယ့်ပုံ မပေါ်ဘူးထင်တယ်၊ အံ့သြစရာကြီး"

ထမင်းပန်းကန်တွေ ဟင်းပန်းကန်တွေကို ဗန်းကြီးထဲထည့်ကာ မ,လာသော ညီဇာကိုကြည့်ပြီး မြဝါး ကျွတ်ခနဲ စုတ်သပ်လိုက်သည်။

"ရှင် ဒါ ဘာလုပ်ချလာပြန်ပြီလဲ"

"ထမင်းစားဖို့ လာတာလေ"

"ရှင့်ကို စားမယ်လို့ ဘယ်သူပြောလို့လဲ၊ အလကား အရည်မရ အဖတ်မရတွေ လုပ်ချလာတယ်"

"ဒါ အရည်မရ အဖတ်မရ လုပ်တာ မဟုတ်ဘူး၊ ဒယ်ဒီရော မာမီရော မရှိဘူး။ ဒီည ထမင်းစားဖို့က မင်းနဲ့ငါနဲ့နှစ်ယောက်ပဲရှိတာ၊ တစ်ယောက်တစ်ကွဲ စားနေလို့ ဘယ်လိုလုပ် အရသာရှိပြီး ထမင်းမြိန်မှာလဲ၊ ငါ အပြင်က ပြန်လာလို့ မင်းအတွက် ဘဲကင်ပါဝယ်လာလို့ တစ်ခါတည်းစား"

ဆရာကြီးလေသံဖြင့် ပြောလာသော ညီဇာကို မြဝါး မျက်စောင်းလှမ်းထိုးလိုက်သည်။

"မစားဘူး"

"မစားလို့ မရဘူး စားရမယ်"

"ရှင်နော် ဘယ်လိုလာဖြစ်နေတာလဲ မစားပါဘူးဆို"

"မဆိုးနဲ့ မြဝါးရယ် ကိုယ်တစ်ယောက်တည်း ထမင်းစားရတာ အရမ်းပျင်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပျင်းရင် ရှင့်အပေါင်းအသင်းတွေ ခေါ်ပြီး ကခိုင်း သူတို့ ကတာကို ထိုင်ကြည့်ရင်း စား"

မြဝါး ခပ်ရွှတ်ရွှတ် ပြောလိုက်သည်။

"ဟာ ဘာဆိုင်လဲ၊ အဓိပ္ပာယ်မရှိ၊ လာပါကွာ ခေါင်းမမာပါနဲ့ စားပါ ကိုယ် မင်းနဲ့အတူတူ စားချင်လို့ပါ"

ညီဇ တောင်းတောင်းပန်ပန်လေးဖြင့် ထမင်းလာစားရန်ခေါ်၏။

မြဝါးကလည်း ခေါင်းမာဆဲ။

ညီဇ ထိုင်ရာမှထကာ မြဝါးအနီးမှာ လာထိုင်သည်။

"ကိုယ်က ထမင်းစားရင် တစ်ယောက်တည်းစားရမှာလောက် ပျင်းတာ မရှိဘူး၊ ဟင်းဘယ်လောက်ကောင်းကောင်း တစ်ယောက်တည်း ထိုင်စားလို့ကတော့ လုံးဝ ထမင်းစား မမြိန်ဘူး"

မြဝါး ဘာမှပြန်မပြောတော့ဘဲ ကိုယ့်အလုပ်ကိုယ် မဲလုပ်နေ လိုက်သည်။

ညီဇ တည်တင်းတင်းလေးဖြစ်နေသော မြဝါးပုံစံလေးကိုကြည့် ပြီး အသည်းထဲမှာ ယားကျိယားကျိ ဖြစ်လာသည်။

ထို့နောက် တဟားဟားဖြင့် အော်ရယ်လိုက်သည်။ ထိုရယ်သံ သည် လုပ်ပြီးရယ်သော ရယ်သံမျိုး။

ညီဇ၏ ခြောက်ကပ်ကပ် ရယ်သံကြောင့် မြဝါး စာကြည့်မျက်မှန် ကလေးကို လက်ခလယ်လေးဖြင့် ပင့်တင်လိုက်ပြီး ညီဇကို ကြောင် သိုက်တာဟူသော အကြည့်ဖြင့် ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းစားမလား မစားဘူးလား ငါ ဗိုက်အရမ်းဆာလာပြီ မြဝါးရယ်"

ညီဇ ဗိုက်ကလေးကို နှိပ်ပြီး မိန်းမတွေလို မာယာများပြသည်။

"လုံးဝ မစားဘူး"

"စားပါ"

"ရှင်နော် လာနွဲ့မနေနဲ့၊ လုံးဝပဲ"

"အိုကေ မစားရင်တော့ မင်းကို ကိုယ် စိတ်အနှောင့်အယှက် ပေးရသေးတာပေါ့"

ညီဇ မြဝါးနားမှာ ဆတ်ခနဲ ဝင်ထိုင်ပြီး မြဝါး၏ ပါးကို ရွတ်ခနဲ အကြင်နာပေးလိုက်သည်။

ထိုအထိအတွေ့ နွေးနွေးသည် မြဝါးအတွက်တော့ ရင်ဘတ်ထဲမှာ အကြီးစား လျှော်လှုပ်သလို ခံစားလိုက်ရပေမယ့် ညီဇအတွက်တော့ စိမ့်စိမ့်ကလေး ကြည်နူးနွေးထွေးသွားသည်။

လောကမှာ ညီဇဘဝမှာ ထိုတဒင်္ဂသည် အချိုမြိန်ဆုံးပဲ ဖြစ်သည်။

ထိုချိုမြိန်ခြင်းနှင့်အတူ ပါးတစ်ဖက် ပူခနဲ ဖြစ်သွားသည်။

လူသေးသလောက် မြဝါးတို့ လက်သံပြောင်လိုက်ပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟဲ့ သမီး ဒါက ဘယ်လိုဖြစ်နေတာတုန်း"

ဝုန်းဒိုင်းကြဲ သောင်းကျန်းနေသော မြဝါးကိုကြည့်ပြီး ဒေါ်ကြည် အထိတ်တလန့် မေးပြီး မြဝါးနားသို့ အလောတကြီးနိုင်သော ခြေလှမ်း ဖြင့် လျှောက်လာသည်။

"သမီး ဒီမှာ မနေနိုင်တော့ဘူး မေမေ၊ ဒီကောင် လူပါးဝတယ်"

ဒေါ်သဖြစ်လွန်း၍ မြဝါးရဲ့ မျက်နှာပြင်မှာ နီရဲနေသည်။ ရှက် ကြောင့် ဒေါ်သတွေနှင့်အပြိုင် လူက စိတ်နှင့်ကိုယ်နှင့် မကပ်။

ထိုအထိအတွေ့က ပါးပြင်မှာ နွေးနေလေလေ မြဝါးရင်ထဲက ဒေါ်သတွေက ဖြေမဆည်လိုက်လေ။ ကိုယ့်ကို ခပ်ပေါ့ပေါ့ မိန်းမလို ဆက်ဆံသွားသည့် ဒွင်းကို မြဝါး လုံးဝ မကျေနပ်။

"ဘာကြောင့် ဒီမှာ မနေနိုင်တာလဲ သမီး"

မြဝါး ဘာမျှပြန်မဖြေဘဲနှင့် လက်ဆွဲသေတ္တာအိတ်ကို ဇီရှိ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ အဝတ်တွေကို ယူပြီး အကုန်စုပြို ထည့်နေသည်။

"ဟဲ့ သမီး မေမေ မေးနေတယ်လေ သမီးရယ်၊ ဘာကြောင့် ဒီမှာ မနေချင်တာလဲ"

"ဒီကောင် သိပ်မိုက်ရိုင်းတယ် မေမေ"

"ဘုရား ဘုရား သမီး ဘယ်သူကိုပြောနေတာလဲ မေမေ ရင် ထိတ်လိုက်တာကွယ်၊ မေမေ့ကိုရှင်းအောင် ပြောစမ်းပါ"

"ညီဇ သိပ်ယုတ်မာတယ် မေမေ၊ ဒီအိမ်အရိပ်မှာ လာနေတဲ့ မိထွေးပါ သမီးဆိုပြီး အကဲလာစမ်းတယ်၊ သမီး သိပ်ရှက်တယ်"

"အိုကွယ် သမီး စကားတွေကို မေမေ နားမလည်နိုင်တော့ဘူး ညီဇက သမီးကို ဘာလုပ်လိုက်လို့လဲ၊ မေမေ့ကို ရှင်းအောင်ပြောဆို"

"သမီး သမီးပါးကို နမ်းသွားတယ် မေမေရဲ့"

မြဝါး ပြောလည်းပြော ငိုလည်းငိုရင်း မိခင်ရင်ခွင်ထဲ တိုးဝင် လိုက်သည်။

"သ သမီးကို ခင်လို့ စသွားတာနေမှာပါ သမီးရယ်၊ ပြီးတော့ သမီးကို ညီမလေးတစ်ယောက်လို သဘောထားလို့နေမှာပေါ့ကွယ်"

ဒေါ်ကြည်ဖြူ ဒေါသတွေ အထွတ်အထိပ်ရောက်နေသော သမီး ဖြစ်သူကို ပြေရာပြေကြောင်းလေး ဖြေသိမ့်ပေးလိုက်သည်။

"အို မေမေကလည်း သူ့ဘက်ကချည်း ကာကွယ်ပြောပေးမနေ နဲ့လေ၊ အညွှန့်ချိုးခံလိုက်ရတာက ကိုယ့်သမီးဆိုတာကို နည်းနည်း စဉ်းစား ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မြဝါးရဲ့ မိခင်ကိုပါ အနည်းငယ် တင်းသွား၍ လေသံပင် မာဆတ်ဆတ်ဖြစ်သွားသည်။

"အေး အေးပါ မေမေ ကိုထူးကို အကျိုးအကြောင်းပြောပါ့မယ်၊ သူ့ကိုလည်း မေမေ ပြောပေးပါ့မယ်"

မေမေက ဖြေရှင်းပေးမည်ဆိုပြန်တော့ မြဝါး မျက်လုံးပြူးကာ အလန့်တကြားဖြင့်

"မေမေ သူ သမီးကို နမ်းသွားတာ သူနဲ့သမီးပဲ သိတာလေ၊ အခု မေမေက ဒယ်ဒီ့ကိုပါ လျှောက်ဖွမယ်ဆိုရင် သမီးပိုပြီး အရှက်မကွဲဘူးလား မေမေရာ"

"ဟင် ဒါဆို မေမေက ဒီကိစ္စကို ဘယ်လိုဖြေရှင်းပေးရမလဲကွာ"

ဒေါ်ကြည်ဖြူ ဘယ်လို ဖြေရှင်းပေးရမှန်း မသိ၍ အမှန်တကယ် မေးလိုက်ခြင်း ဖြစ်သည်။

"သမီးကို အိမ်မှာ ပြန်နေခွင့်ပြုပါ မေမေ၊ သမီး သူနဲ့ မျက်နှာချင်း မဆိုင်ချင်တော့ဘူး၊ သူ့အစော်ကားကိုလည်း ထပ်ပြီး မခံနိုင်တော့ဘူး"

"ဒါတော့ မဖြစ်ဘူး သမီး၊ ဒီကိစ္စကို မေမေ တစ်ခြားနည်းလမ်းနဲ့ ဖြေရှင်းဆိုရင် ဖြေရှင်းပေးမယ်၊ ဒါပေမဲ့ သမီးကိုတော့ အိမ်မှာတစ်ယောက်ထဲ ပြန်မနေစေချင်ဘူး၊ မေမေ ဘယ်လိုမှ စိတ်မချနိုင်ဘူး"

"ဒီမှာ နေတာထက်စာရင် သမီးဟိုမှာ သွားနေတာပိုပြီး လုံခြုံ

www.burmeseclassic.com



စိတ်ချရတယ် မေမေ"

"သမီး မြဝါးရယ် မေမေ့ကို အနေခက်အောင် မလုပ်ပါနဲ့ မေမေ တောင်းပန်ပါတယ်၊ ဒီကောင်လေး စရိုက်ကို သိထားရင် သမီး အနေနဲ့မတွေ့အောင် ရှောင်နေပါလို့ မေမေ ပြောချင်တယ်ကွယ်၊ နောက် ပြီး မေမေ ဒီအတိုင်း ငြိမ်မခံပါဘူး၊ ရှင်းကို ရှင်းမှာပါ"

"ဟာကွာ မရှင်းနဲ့ မေမေ"

"မရှင်းလို့ မရဘူး သမီး၊ ဒါမှ သမီးကို နောက်ခုလိုမျိုး လက်ရဲ ဇက်ရဲမလုပ်ရဲမှာ၊ ဒါကြောင့် သမီးကို အိမ်ထောင်ပြုပါလို့ ပြော တာပေါ့"

အရေးထဲ မေမေက ခေတ်ပြားဟောင်းကြီး ပြန်ဖွင့် မြဝါး ပို၍ပင် စိတ်ရှုပ်သွားမိသေးသည်။

မြဝါး စိတ်ရှုပ်လွန်း၍ အာခေါင်ခြစ်ပြီး အော်ဟစ်လိုက်သည်။

မေမေ မြဝါးကို ကြည့်ပြီး သက်ပြင်းကို ဟင်းခနဲ ချကာ အခန်းထဲမှ ပြန်၍ ထွက်သွားသည်။

မြဝါး၏ ရင်ထဲက ဒေါသတွေကို ဆက်လက်မွှေးမြူဆဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

ဒယ်ဒီ့ပေါက်ကွဲသံစဉ်ကြောင့် ညီဇ ဘာမျှစောဒက မတက်ရဲဘဲ ငြိမ်ကုပ်နေရသည်။

"မင်းမို့ ဒီလူမဆန်တဲ့အလုပ်မျိုး လုပ်ရက်တယ် ညီဇရော၊ ခု တော့ ကြည်ဖြူတို့ သားအမိကို ငါ ဘယ်လိုမျက်နှာမျိုးနဲ့ တောင်းပန်ရ မှန်းတောင် မသိတော့ဘူး"

"အို တောင်းပန်စရာ မလိုပါဘူး၊ ကိုထူးရယ်၊ ကလေးတွေ သူတို့အချင်းချင်း စိတ်အခန့်မသင့်လို့ ဖြစ်ကြတာပဲ၊ ဘာကို ဖွဲပယူစရာ သိုလဲ ထားလိုက်ပါ"

ဒေါ်ကြည်ဖြူ ဦးညီထူးသာ ညီဇအပေါ် ဖြစ်နေသည့် ဒေါသတွေ ပြေစေရန် စိတ်မဆိုးသည့်အကြောင်း တွင်တွင်ပြောနေ၏။

"စိတ်အခန့်မသင့်တိုင်း ဒီလို လုပ်စရာလား ကြည်ဖြူရယ်၊ တော့ သမီးလေး မြဝါးရဲ့ ရှက်ရှာမှာပေါ့၊ မင်း ကျေနပ်တဲ့အထိ သွား



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ရမယ်၊ မြဝါးရုံလေး မကျေနပ်မချင်း မင်းကိုလည်း ငါ့သား အဖြစ် မသတ်မှတ်ဘူး''

''ကျွတ် ဒယ်ဒီရာ သားလည်း သူ့ကို စဖြစ်ကတည်းက တောင်းပန်ပါတယ်၊ သူ ပါးရိုက်လိုက်တာတောင် အပြုံးမပျက်ဘဲ ချစ်လို့ ဖြစ်သွားတာပါလို့ တောင်းပန်တာပဲ၊ ဒီထက်ပိုပြီး ဘယ်လိုထပ် တောင်းပန် ရမှာလဲ''

ညီဇ ဖြေပုံကိုက သိပ်ပြီး အချိုးမပြေလှ။

''ဒယ်ဒီ ကျွန်မကို ခေါ်တယ်ဆို''

ဧည့်ခန်းဝတွင် လာရပ်နေသော မြဝါးရုံကြောင့် ဦးညီထူးသာ ဒေါသတွေဖြင့် တင်းနေသော မျက်နှာကြောကို အနည်းငယ်လျှော့လိုက် သည်။

''ဟုတ်တယ် သမီး လာ ထိုင် ခုပဲ ဒီကောင့်ကို ဆုံးမနေတာ''

မြဝါး ညီဇကို လှမ်းကြည့်ပြီး မျက်စောင်းထိုးလိုက်သည်။ ရုပ်ကို က ကျက်သရေမရှိတဲ့ ကျက်သတုံး။ စိတ်ထဲက ခပ်ပြစ်ပြစ် ဆဲလိုက်သည်။

ထို့နောက် မေမေ့ဘေးမှာ ဝင်ထိုင်လိုက်သည်။

''သမီးရယ် ဒယ်ဒီ ဒီကောင့်အစား သမီးကို တောင်းပန်ပါတယ် နောက်တစ်ခါ သမီးကို အဲဒီလို ဖြစ်ရပ်မျိုးနဲ့ အလားတူ တုံ့ပြန်လာဦး မယ်ဆိုရင် ဒီတစ်ခါ ပါးရိုက်ရုံတင် မဟုတ်ဘူး မီးဖိုခန်းက ဒါးယူပြီး တစ်ခါတည်းသာ ထိုးသတ်လိုက်''

''အို ဒယ်ဒီကြီး ကလေးတွေကို ဘာတွေလျှောက်မြှောက်ပေး



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ၊ သား ညီဇလည်း တောင်းပန်ပြီးပြီပဲ တော်ပါတော့၊ သမီးလည်း ကျေနပ်လိုက်ပါတော့နော် သမီး''

မြဝါးရုံ ဘာမှပြန်မပြောဘဲ ခေါင်းငုံ့ထားလိုက်သည်။

''ဟော့ကောင် အခု မိဘတွေရှေ့မှာ ထပ်တောင်းပန်စမ်း။ သမီး မကျေနပ်မချင်း တောင်းပန်''

မြဝါးရုံ မျက်နှာပူလာသည်။ ကိုယ့်မှာ အနှမ်းလည်းခံရသေးသည်။ ထိုအနှမ်းခံရသည့်ကိစ္စကြီးကိုပဲ ထပ်ခါတလဲလဲ ဖြေရှင်းနေရတာ နောက်ဆုံး အရှက်ရသူက ကိုယ်ပဲဖြစ်သည်။

''မြဝါး ဟိုနေ့က မထင်မှတ်ဘဲ ဖြစ်သွားခဲ့တဲ့အတွက် တောင်းပန်ပါတယ်၊ ကိုယ့်ကို မကျေနပ်သေးရင် မြဝါး ကြိုက်တဲ့အပြစ်ပေးပါ''

မိဘတွေရှေ့မှာမို့ နူးညံ့ပြနေသည်ဟု မြဝါး စိတ်ထဲမှာ တွေးလိုက်သည်။

''ရှင့်ကို ဒယ်ဒီ့မျက်နှာကြောင့် ကျွန်မ ခွင့်လွှတ်လိုက်မယ်''

လေသံ ခပ်ဆတ်ဆတ်ဖြင့် မျက်စောင်းချီကာ ပြောတော့မှ ဦးညီထူးသာ မျက်နှာမှာ ပြုံးနိုင်ရှင်နိုင်တော့၏။

ဒါပေမဲ့ ညီဇ မျက်နှာက မချိုမချဉ် ပြုံးနေဆဲ။ မြဝါးရုံ စိတ်ထဲ သိပ်မတွေ့ပေမယ့် လူကြီးတွေရှေ့မှာမို့ မသိကျိုးကျွံ ပြုလိုက်သည်။

''သမီး အလုပ်သွားတော့မယ် ဒယ်ဒီ''

ညီဇရှေ့မှ မြန်မြန်ထွက်ချင်သဖြင့် မြဝါးရုံ အလုပ်ကို အကြောင်းပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြော် အေး သမီး၊ ကားကို ဖြည်းဖြည်းမောင်းနော်၊ စိတ်ထဲမှာ ရှင်းသွားပြီ မဟုတ်လား၊ နောက်တစ်ခါ သမီးကို ဒီကောင် စိတ်ဆိုးအောင် ဘာမှမလုပ်စေရတော့ဘူး သိလား"

"ဟုတ်ကဲ့ပါ"

မြဝါး မြန်မြန်နှုတ်ဆက်ကာ ဧည့်ခန်းထဲမှ လစ်ထွက်ခဲ့ရတော့သည်။

စိတ်ထဲမှာလည်း ရယ်ချင်နေမိသည်။ မိသားစုထဲမှာ ညီဇ မြဝါးရုံကို နမ်းသည့်ကိစ္စ ဟိုးလေးတကြော်ကြော်ဖြစ်ပြီး အတော်လေးကို ဂယက်ရိုက်ခဲ့သည်ပဲ။

အတွေးတို့ဖြင့် ကားသော့နှင့် လက်ကိုင်အိတ် ဝင်ယူရန် မြဝါး ၏အိမ်ကလေးဆီသို့ ခပ်သွက်သွက် လျှောက်လာလိုက်သည်။

ခြံထဲသို့ ညီခကား ဝင်လာသည်။ မြဝါးကို တွေ့တော့ ကားကို မှေးရပ်ပြီး တပ်ထားသော နေကာမျက်မှန်ကိုချွတ်လိုက်ပြီး မြဝါးကို ရယ်ပြသည်။

"တော်သေးတာပေါ့ မြဝါးနဲ့မှီလို့ ကိုယ့်စိတ်ထဲ မြဝါး သွားလောက်ပြီ ထင်နေတာ"

"ခုပဲ သွားတော့မလို့ ညီခ"

"ဒါဆို ကိုယ့်ကို ခဏစောင့်၊ ဒယ်ဒီ့ကို အားဆေးလာပို့တာ ပြီးတာနဲ့ ချက်ချင်းပြန်ထွက်လာမယ် ကားမယူနဲ့"

"အို ရှင်လည်း အလုပ်ရှိတာပဲ နေပါ ကျွန်မ ဘာသာပဲ သွား



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်"

"အလုပ်မရှိတော့ဘူး၊ ခုပဲ ဆေးရုံက ပြန်လာတာ၊ ညက နိုက်ဂျူတီလေ၊ ဒီတစ်နေ့ခင်းလုံး အားတယ်၊ ခုထိလည်း ဘာမှမစားရသေးဘူး"

ညီခ ပြောချင်တာတွေ တရစပ်ပြောပြီး သူ့အဖေ အိမ်ရှေ့သို့ ကားကို ဖြည်းဖြည်းချင်း မောင်းသွားသည်။

မြဝါးရုံ အိမ်ထဲသို့ဝင်လာပြီး ကားသော့မယူတော့ဘဲ လက်ကိုင်အိတ်နှင့် ဒီဇိုင်းအသစ် ထုတ်ထားသော ဖိုင်တွဲကိုပါ ယူခဲ့လိုက်သည်။

မြဝါး စိတ်ရင်းအမှန်ဆိုလျှင် ညီခကားနှင့်လည်း မသွားချင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ညီခ ကားမောင်းနေရင်းမှ ဒယ်ဒီ့ဆီမှ ကြားခဲ့ရသော သတင်းကြောင့် စိတ်ထဲမှာ မပျော်သလိုကြီးဖြစ်သွားသည်။

ဘေးမှ တိတ်ဆိတ်စွာ လိုက်ပါလာသော မြဝါးရုံကို ကားမောင်းနေရင်းမှ မကြာခဏ ခိုးကြည့်လိုက်သည်။

မွှေးညင်းစိမ်းလေးတွေဖြင့် ဖြူဖွေးကြည်သန့်နေသော မြဝါးရုံ၏ပါးကို ညီဇ နမ်းလိုက်သတဲ့။ ရင်ထဲမှာ ခံပြင်းစိတ်ဖြင့် အံကိုတင်းတင်းကြိတ်လိုက်သည်။

စိတ်ထဲမှာ မြဝါးကို ဒယ်ဒီ့အိမ်မှာ သိပ်မနေစေချင်တော့။

ညီဇ ရှိနေသမျှ မြဝါးရုံ၏လုံခြုံမှုက စိတ်မချရ။ ဒီကောင်က ဇာတ်ရှုပ်။ မိန်းမတွေနှင့်ယဉ်ပါးနေကျ။ ဒါကြောင့်လည်း မြဝါးကို နှင်းခဲ့တာပေါ့။

"ညီခ ဘာတွေ တွေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ မြဝါးရုံ အမေးကြောင့် ညီခ ပျက်ယွင်းနေသော မျက်နှာကို ထိန်းရင်း မြဝါးရုံကို ငဲ့စောင်းကြည့်လိုက်သည်။ ထို့နောက် ဘာတွေတွေးနေသည်ဆိုတာကိုလည်း အမှန်အတိုင်းပြောဖို့ မရည်ရွယ်တဲ့ တခြားအကြောင်းအရာကို အပြေးအလွှား စဉ်းစားလိုက်သည်။

"ဪ ညက လူနာအကြောင်းစဉ်းစားမိသွားလို့ပါ မြဝါးရယ် ဆောရီးနော်"

အလျှောက်ကောင်း၍ အထောင်းသက်သာဆိုသလို အဖြီးမှန်သွား၍ မြဝါးရုံ တကယ်ထင်သွားကာ ခပ်ဖျော့ဖျော့ ပြုံးသည်။

"အဟင်း ရပါတယ် ညီခရယ်"

"ကိုယ်တို့ တစ်ခုခု ဝင်စားရအောင် မြဝါးရော ဘာစားပြီးပြီလဲ"

"ပေါင်မုန့်မီးကင်နဲ့ ကော်ဖီ"

"ဘယ်ဗိုက်ပြည့်မှာလည်း ကိုယ်တို့ ကြက်ဆီထမင်း သွားစားမလား"

"စားလေ ညီခ ဗိုက်ဆာနေတာပဲ"

မြဝါးရုံ လက်မှနာရီကို ငုံ့ကြည့်လိုက်ပြီး ညီခကို ပြောသဖြင့် အရိပ်အကဲ နားလည်သူပီပီ

"ကိုယ်တို့ဆိုင်မှာ မစားဘဲနဲ့ မြဝါးရုံ အလုပ်ခန်းကို ဝယ်သွားမလား၊ မြဝါးရုံ သူငယ်ချင်းတွေလည်း စားရအောင်လို့လေ"

မြဝါး အတော်ဖြစ်သွားသည်။ အားနာလို့သာ ဆိုင်မှာ ဝင်စားဖို့



www.burmeseclassic.com

www.burmeseclassic.com



သဘောတူနေတာ တကာယ်တမ်း မြဝါးမှာ အလုပ်ကိစ္စတွေ အများကြီး ရှိသည်။

"ညီခ သဘောလေ"

ညီခ ကြက်ဆီထမင်းရသော ရှမ်းဆိုင်ရှေ့မှာ ရပ်လိုက်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။

"ညီခ ကျွန်မပိုက်ဆံနဲ့ ဝယ်မှာနော်"

မြဝါးရုံပါ ကားပေါ်မှ လိုက်ဆင်းလိုက်သည်။

ဆိုင်ထဲရောက်တော့ ကြက်ဆီထမင်း ငါးပွဲမှာပြီး ကောင်တာမှာ နှစ်ယောက်သား လုရှင်းနေကြသဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ရယ်လိုက်ကြသည်။

ထိုစဉ် ညီခထံမှ ဖုန်းသံမြည်လာသဖြင့် လက်ထဲမှ ကြက်ဆီ ထမင်းထုပ်တွေကို မြဝါးရုံကို လှမ်းပေးပြီး ဘောင်းဘီအိတ်ထဲမှ ဖုန်းကို ထုတ်ယူလိုက်သည်။

"ဟဲလို အေး ပြော ညီဇ"

ညီဇ ဆို၍ မြဝါး ကားဆီသို့ လျှောက်သွားသော ခြေလှမ်းတွေ ရပ်ကာ ညီခအသံကို နားစွင့်လိုက်သည်။

"ငါလား မအားဘူး၊ ဆေးကုမ္ပဏီ သွားစရာရှိတယ်"

ညီခ ပေါ်တင်ကြီး လိမ်နေသဖြင့် မြဝါးရုံ ခစ်ခနဲ ရယ်လိုက် သည်။

"ဟာ နောက်မှသွားလို့ မရဘူး၊ ခုပဲ ကုမ္ပဏီရှေ့ရောက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ခင်းကိုစွရှိရင် နောက်မှပြောကွာ”

မြဝါး ဆက်နားမထောင်တော့ဘဲ ကားထဲ ဝင်ထိုင်နေလိုက်သည်။ ညီခ ညီဇနှင့် ဘာတွေ အခြေအတင် ပြောနေမှန်းမသိ။

ငါးမိနစ်ခန့်ကြာမှ ကားထဲဝင်လာပြီး ကားစက်နှိုးလိုက်သည်။

“သက်သက်မဲ့ လူကိုလှမ်းပြီး ခေါင်းစားတာကွာ”

ခပ်ညည်းညည်းလေး ပြောပြီး ကားကို ငြိမ့်ခနဲ မောင်းထွက်သွားလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

မြဝါးတို့ခြံထဲ ကားဝင်လိုက်သည်နှင့် မြဝါး မျက်လုံးလေးပြူး သွားသည်။

"ဟောတော် ကျွန်မကားက ဒီကို ဘယ်လိုလုပ် ရောက်လာ ရတာလဲ"

မြဝါးရဲ့ ကားရပ်လိုက်သည်နှင့် ကားပေါ်မှ ကမန်းကတန်း ဆင်းလိုက်သည်။

ကားက မြဝါး ရပ်နေကျနေရာမှာ အခန့်သား။

"အိမ်က တစ်ယောက်ယောက် လာပို့သွားတာ ထင်တယ်"

"ဟုတ်လိမ့်မယ် ညီခ၊ ကျွန်မအထင် ရှင့်ညီ ညီဖေပဲဖြစ်လိမ့်မ လာ ကျွန်မတို့ အပေါ်တက်ကြမယ်"

မြဝါးရဲ့ ရှေ့မှဦးဆောင်ပြီး အပေါ်ထပ်ကို တက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီခ မြဝါးရုံအနောက်မှ ကြက်ဆီထမင်းထုပ်တွေကိုင်ပြီး လိုက်တက်ခဲ့လိုက်သည်။

ရင်ထဲမှာတော့ စိုးထိတ်ခြင်း တစ်စုံတစ်ရာဖြင့် သက်ပြင်းမောကို ချလိုက်သည်။

မြဝါးကိုချစ်နေတာ ကိုယ်တစ်ယောက်တည်း မဟုတ်တော့ပါသား။

ခေါင်မိုးပေါ်ရှိ မြဝါး ရုံးခန်းထဲတွင် ညီဇ အခန့်သား ထိုင်နေသည်ကို တွေ့လိုက်ရ၍ မြဝါးရုံ မျက်နှာလေး တည်တင်းတင်းလေး ဖြစ်သွားသည်။

"ကားကို ဘာဖြစ်လို့ ယူမသွားတာလဲ မြဝါးရုံ"

ဆရာကြီးလေသံဖြင့် မေးနေသော ညီဇကို ကြည့်ပြီး မြဝါးရုံ စိတ်ရှုပ်သွားသည်။

"လယ်ထွန်သွား နွားမေ့ဆိုတာမျိုး ဖြစ်နေပြီပေါ့၊ အေးလေ ကြိုက်ပို့မယ့်သူက အဆင်သင့်ဆိုတော့လည်း ကားမောင်းစရာ ဘယ်လို လာမလဲ အဟိ ခစ် ခစ်"

ခိုင်လေးနှင့်ဖွန်တို့ပါ အနောက်မှ ပါလာသော ညီခကိုကြည့်ပြီး နောက်ကြသည်။ ညီခ ရှက်ကျဲကျဲ ရယ်လိုက်သည်။ ညီဇဘက်ကို တော့ ယောင်လို့တောင် လှည့်မကြည့်ဘဲ ဖွန့်ကို ကြက်ဆီထမင်းဘူးတွေ ပေးလိုက်သည်။

"ရော့ မဖွန် အားလုံးအတူတူစားဖို့ ဝယ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် အတော်ပဲ ဒီနေ့ အိမ်က ထည့်ပေးလိုက်တဲ့ဟင်းက သိပ်မကောင်းတာနဲ့တော့"

"မင်းပြောတော့ ဆေးကုမ္ပဏီကို သွားရမယ်ဆို၊ ခုပဲ ကုမ္ပဏီ ရှေ့ရောက်မလိုလို ဘာလိုလိုနဲ့ ဆရာဝန်တစ်ယောက်ဖြစ်ပြီး ခုလို လိမ်ရလား"

ညီဇ ပုံစံက မခိုးမခန့် ဂျစ်ကန်ကန် မြဝါးရုံနှင့်အတူရှိနေသော ညီခအား သိပ်ပြီး ကြည့်လင်ပုံမရ။

"ဆရာဝန်ဖြစ်တိုင်း မလိမ်ရတော့ဘူးလား"

"သူများ အယုံအကြည်ကင်းမဲ့တာပေါ့"

"ဒါပေါ့ကွာ တစ်ခါတလေ မင်းလို အရည်မရ အဖတ်မရတွေ လုပ်ပြီး ယောင်ခြောက်ဆယ်ကောင်ကို လိမ်လိုက်ရတာ ငါ့အတွက် အကျိုး ရှိတယ်လေ၊ လူမိုက်ကို မပေါင်းသင်းခြင်းသည် မင်္ဂလာတဲ့၊ ဒါကြောင့် မင်းလို လူမိုက်ကိုရှောင်တဲ့အနေနဲ့ လိမ်လိုက်ရတဲ့အတွက် မင်္ဂလာတစ်ပါး ပဲ အပြစ် မဖြစ်ပါဘူး"

ညီဇ တင်းသွားသည်။ မြဝါးရုံရှေ့မှာ သက်သက်မဲ့ ဒေါက်ဖြုတ် လိုက်ခြင်း ဖြစ်သဖြင့် ညီခကို မကျေမနပ်ဖြင့် ကြည့်ပြီး မြဝါးရုံရှေ့မှာ ဒေါသတွေ သိပ်မသုံးသင့်မှန်း ဆင်ခြင်မိလိုက်သဖြင့် တည်နေသော မျက်နှာကို အရယ်ဘက်သို့ ချက်ချင်း ပြောင်းပစ်လိုက်သည်။

"အဟုတ် အေးပေါ့လေ မင်းကြောင့် ငါက လူမိုက်ကြီးလုံးလုံး ဖြစ်သွားရတာပေါ့ ဟား ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ညီဇ အရှက်ပြေ တဟားဟား ရယ်သည်။ မြဝါးရဲ့ ညီဇအား ...ဝ အရေးမစိုက်ဘဲ အလုပ်စားပွဲမှာ ဝင်ထိုင်လိုက်သည်။

"မြဝါး အလုပ်စားပွဲ မထိုင်ခင် ကြက်ဆီထမင်း အရင်စားလိုက် ...လား။ ပူပူလေးဆိုတော့ ပိုစားကောင်းအောင်လို့လေ"

"အင်း ဟုတ်သားပဲ၊ ရှင်လည်း စားလေ၊ စောစောကတော့ ...က်ဆာတယ်ဆိုပြီး"

ညီဇ ရှေ့မှာမို့ ညီခကို ဂရုစိုက်ဟန် တမင်ပြလိုက်သည်။ ...မှ ဒင်း နေမထိထိုင်မသာ ဖြစ်နေမှာ။

"ဒါဆို ငါ စားဖို့ ပြင်လိုက်ရတော့မလား မြဝါး"

ဖွန့်အမေးကြောင့် မြဝါး ခေါင်းလေး ဆတ်ပြလိုက်သည်။ ဖွန် ...နိုင်ဖ်လေး အတွင်းခန်း ထမင်းစားပွဲရှိရာ အခန်းသို့ ဝင်သွားကြသည်။

ရုံးခန်းထဲတွင် မြဝါးနှင့်အတူ ညီခနှင့်ညီဇသာ ကျန်ခဲ့ကြသည်။ ...ယောက်သား ဘာစကားမှ မပြောဖြစ်ကြဘဲ ငြိမ်နေကြသည်။

ညီဇ တိတ်ဆိတ်မှုကို လှုပ်နှိုးသည့်အနေဖြင့် စကားစလိုက် ...သည်။

"မင်းနဲ့မြဝါးနဲ့ ဒီလောက်အချိန်တိုအတွင်းမှာ ခင်သွားတာ ...အံ့သြတယ်"

ညီဇ စကားကြောင့် မြဝါးရဲ့ ညီဇကို ဖျတ်ခနဲ လှမ်းကြည့်သည်။

"ကျွန်မနဲ့ညီခက ဒယ်ဒီ မိတ်ဆက်ပေးမှ စခင်ခဲ့တာ မဟုတ် ...။ အရင်ကတည်းက ညီခနဲ့ကျွန်မက သူငယ်ချင်းတွေ၊ ညီခအမေ



www.burmeseclassic.com

www.burmeseclassic.com



အန်တီကေသီက ကျွန်မရဲ့ ကာစတန်မာလေ၊ ဒီတော့ ညီခနဲ့ပါ ခင်သွား
တာပေါ့၊ ညီခလို ဂုဏ်သရေရှိ လူကြီးလူကောင်းကို ခင်မင်ခွင့်ရတာ
ကျွန်မအတွက်တော့ မင်္ဂလာတစ်ပါးပဲ''

မြဝါးရုံ လိုတာထက်ပိုကာ အရွှတိုက် ပြောလိုက်သည်။

"ဒါဆို ကိုယ်ကရော အန်တီမေနဲ့ ဒယ်ဒီနဲ့ မညားခင်ကတည်း
က ကိုယ်နဲ့သိခဲ့ကြတာလေ၊ ဘာကြောင့် ကိုယ့်ကိုကျတော့ မုန်းနေရတာ
လဲ''

ညီဇ ကလေးဆန်စွာ မေးလိုက်သည်။

"ရှင်က လူကြီးလူကောင်းဆန်တဲ့လုပ်ရပ်မျိုးနဲ့ ကျွန်မ အထင်
ကြီးအောင် နေဖူးလို့လား၊ ရှင်က လူ့အတ္တသမားပဲ၊ မိန်းကလေးတစ်
ယောက်ရဲ့ဂုဏ်သိက္ခာကို အလေးအနက် မထားတဲ့သူ၊ ဒါကြောင့် ကျွန်မ
ရှင့်ကို ခင်လို့ လုံးဝမရဘူး''

ညီဇ ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

"အဲဒါ အတ္တ မဟုတ်ဘူး မြဝါးရဲ့၊ ပွင့်လင်းတာ ကိုယ်ချစ်တဲ့
မိန်းမတစ်ယောက်ကိုချစ်လို့ ဟန်ဆောင်မှုတွေ လုပ်မနေဘဲ ပွင့်လင်း
လိုက်တာ''

ညီဇ၏ ပြောင်ကျသော စကားကြောင့် ညီခ မျက်ခုံး
ကွက်ခနဲ ပျက်ယွင်းသွားသည်။

"အဲဒီမှာပဲ လဲသေလိုက် ညီဇ၊ ရှင့်ကို ရာဇဝင်ပန် နှိုးပဲ
ကိုယ့်ရင်ဘတ်ထဲက ခံစားမှုကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ချင်



www.burmeseclassic.com

www.burmeseclassic.com



ာမှ ဒီလိုအဖြေမျိုးနဲ့ ကိုယ် ဘယ်လိုတင်းတိမ်နိုင်မှာလဲ မြဝါးရယ်။ ကိုယ် ဆက်ကြိုးစားဦးမှာပါ။

"ကဲ ကိုယ် လစ်ပြီ၊ ညီခ မင်းနဲ့ငါနဲ့ နောက်မှ အေးအေးဆေး ဆေး တွေ့ကြတာပေါ့၊ အဟား မင်းရဲ့ခယ်မလောင်းလေးကို ခုလို ဂရု ာစိုက် လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးပဲ"

ထိုင်ရာမှ ထကာ ညီခ၏ပခုံးကို ဆုပ်ကိုင်ပြီး ကျေးဇူးတင် ကား ဆိုသွားသော ညီဇစကားကြောင့် ညီခရော မြဝါးရော အောင့် ာက်သက်နှင့် ကျန်ခဲ့ကြသည်။

မြဝါး ရင်ထဲက စိတ်လှုပ်ရှားခြင်းတွေသည် ဒေါသနှင့်အပြိုင် ဘောင်ဘင်ခတ်နေသည်။

သူ့ကြောင့် မြဝါး စိတ်လှုပ်ရှားခဲ့ရတာ အကြိမ်ကြိမ်ပဲလေ။

"မြဝါး"

ညီခ၏ တိုးသဲ့သဲ့ ခေါ်သံကြောင့် မြဝါး၏ စူပုတ်ပုတ် မျက်နှာ ရောင် ဖျော့သွားသည်။ ညီခကို လှည့်ကြည့်သည်။

"ညီဇ မြဝါးကို ရည်းစားစကားပြောသွားတာပဲ၊ မြဝါး ရင်ထဲ ယ်လို ခံစားရလဲ"

မြဝါး မျက်နှာ ပန်းရောင်ရင့်ရင့်လေး ဖြတ်သန်းသွားသည်။

"အို ကျွန်မက ဘာကို ခံစားရမှာလဲ ညီခရယ်"

"မြဝါး ရင်မခုန်သွားဘူးလား"

"ဒေါသထွက်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုယ်လည်း မြဝါးကို သူ့လိုပဲ ချစ်ရေးဆိုမယ်ဆိုရင်ရော မြဝါး အဲဒီလိုပဲ ဒေါသထွက်မှာလား"

ညီခအနေနှင့် မြဝါးကိုချစ်သည့်အကြောင်း ရင်ဖွင့်ချင်နေခဲ့တာ ကြာခဲ့ပါပြီ။ မြဝါး စိတ်ဆိုးပြီး မိတ်ဆွေအဖြစ်ကနေ ရက်စဲလိုက်မှာစိုး၍ နှုတ်တွေ ဆွံ့အနေခဲ့တာ ဖြစ်သည်။ ခုတော့ တွေဝေနေ၍ မရတော့ သူ ညီဇလို ရဲရင့်ရတော့မည်။

ညီခ၏ ရင်ဖွင့်ဖို့တာဆူနေသော အခြေအနေကြောင့် မြဝါး လက်ခနဲနေအောင် ပြုံးလိုက်သည်။ ပါးနပ်သော အပြုံးမျိုးဖြစ်သည် ထိုသို့ပြုံးနေရာမှ ရယ်ချလိုက်ပြီး

"ရှင်တို့ ညီအစ်ကိုနှစ်ယောက် ကျွန်မကို ချစ်တယ်လို့ ပြိုင်တူ ပြောဖို့ တမင်အကွက်ကြံရွေ့ထားကြတာများလား ညီခ"

ညီခ သွေးကြောထဲ ဆတ်ခနဲ ကျင်ရှသွားသည်။ ရင်ထဲက ခံစားချက်အစစ်အမှန်ကို သူမလေး ယုံအောင် ဘယ်လို ဘယ်ပုံရယ်ပြီး စာဖွဲ့ပြရမည်လဲ။

"ဟာ မဟုတ်တာ မြဝါးရယ်၊ အမှန်အတိုင်း ပြောရရင် မြဝါး ဆီက အချစ်ကို ကိုယ်က ဂုဏ်သိက္ခာရှိရှိနဲ့ တောင်းခံချင်တာပါ၊ ဘာ ကြောင့်လဲဆိုတော့ ကိုယ့်ဘဝမှာ အမြတ်နိုးရဆုံး မိန်းကလေးက မြဝါး ပဲ၊ ခုလို အလောတကြီး ချစ်ရေးဆိုလိုက်ရလို့ ကိုယ် ကလေးဆန်လွန်း တယ်ဆိုတာလည်း ကိုယ့်ကိုယ်ကိုယ် သုံးသပ်မိပါတယ် ဒါပေမဲ့ ကိုယ် နောက်ကျလို့ မဖြစ်တော့ဘူး၊ ဒါကြောင့် မြဝါးကို ချစ်တဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်မိတာပါ"

ဒီတစ်ခါ မြဝါးရုံ ပြုံးသော အပြုံးသည် တည်ငြိမ်သော အပြုံးမျိုးဖြစ်သည်။

"ညီခနဲ့ပတ်သက်လာရင် ခင်ရုံတင် ခင်တဲ့အဆင့်လို့ စိတ်မှာမှတ်ပြီး ကျွန်မ ရင်ခုန်ဖို့ မေ့နေခဲ့တယ် ထင်ပါရဲ့ ညီခရယ်၊ ဒါကြောင့် ညီခကို ကျွန်မ ချစ်နိုင်မချစ်နိုင်ဆိုတာ ကျွန်မ ခံစားချက်တွေကို ကျွန်မ ပြန်လည် ဆန်းစစ်ရဦးမယ်"

ညီခ၏မျှော်လင့်ချက် ရောင်ခြည် အနည်းငယ် ဖျော့တော့သွားသည်ဟု ထင်ရသည်။ ကိုယ့်ကို စိတ်ဝင်စားနေတဲ့မိန်းကလေးတစ်ယောက်ဆိုရင် ကိုယ်က ချစ်တယ်လို့ ပြောလိုက်တာနှင့် အနည်းငယ်တော့ စိတ်လှုပ်ရှားသွားမှာ အမှန်ပင်ဖြစ်သလို မျက်နှာအမူအရာမှာလည်း ရင်ခုန်လှိုက်မောမှုတွေနှင့် ရှက်ရိပ်စွန်းနေတာကို မြင်တွေ့လိုက်ရမှာ။

ခုတော့ ထိုထူးခြားမှုတွေ မြဝါးရုံ၏မျက်နှာပေါ်မှာ လုံးဝ မတွေ့ရှိရ ပေါ့ပေါ့တန်တန် မျက်နှာပေးဖြင့် သံသယစကားတွေနှင့်ပင် ထိုးဆက်လိုက်သေးသည်။ ကရုဏာထားခြင်းနှင့် ကြင်နာခြင်းသည် ချစ်ခြင်း၏ ပထမလှေကားထစ် ဖြစ်သည်။ ထို ပထမလှေကားထစ်ကို ရောက်အောင်ကားမှတော့ မျှော်လင့်ချက်မဲ့သည်ဟု တွေးပြီး နောက်ကို ပြန်မလှည့်ချင်တော့။ ရှေ့ဆက်တက်ပြီး မြဝါးရုံ၏ရင်ခုန်သံတွေ ကိုယ့်ဆီသို့ ရောက်လာအောင် ကြိုးစားရမည်။

ထို့ကြောင့် ခင်မင်မှု သံယောဇဉ်ကို မလိုအပ်ဘဲ ဆွဲမဆန့်



www.burmeseclassic.com

www.burmeseclassic.com



ထားချင်တော့။ ဒို့အပြင် ကိုယ့်ထက်အရင် ချစ်ရေးဆိုသွားသော ညီမ
ကြောင့် တဒင်္ဂအတွင်း ချစ်သည်ဟု ဖွင့်ပြောဖို့ တွန်းအားတစ်ရပ်အဖြစ်
ဖန်တီးပေးလိုက်သလို ဖြစ်သွား၏။

ညီခ ရင်ထဲမှာ အချစ်ဆိုတာ ဒီတစ်ကြိမ်သာ ဖြစ်ဖူးခဲ့တာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

အိပ်ရာမှ နိုးနိုးချင်း မြဝါးဘေးမှ ရောမ မွှေးပွဝက်ဝံရုပ်ကြီး ကြောင့် ရုတ်တရက် မြဝါး လန့်သွားသည်။

ထို့နောက် အိပ်နေရာမှ ဆတ်ခနဲ ထထိုင်လိုက်သည်။ အရုပ်၏ ရင်ဘတ်မှာ ကဒ်ပြားလေးတစ်ခု ချိတ်ဆွဲထားသည်။

မြဝါး နဖူးပေါ် ဝဲကျနေသော ဆံစတွေကို ဆတ်ခနဲ သပ်တင် လိုက်ပြီး အရုပ်ကြီးမှာ ချိတ်ထားသော ကဒ်ပြားကို ဖျတ်ခနဲ ဆွဲဖြုတ် လိုက်သည်။

အိပ်မက်လှလှလေးတွေ မက်ပြီး အိပ်ပျော်နေတဲ့ နတ်သမီး လေးအတွက် ကိုယ့်ရဲ့ ကိုယ်ပွား ဟောဒီ ဝက်ဝံရုပ်ကလေးကို အိပ်ဖန် စောင့် ဘေးမှာ အဖော်အဖြစ် နေ့ခိုင်းထားတယ်။

မြဝါး အိပ်မက်လှလှ မက်ပါစေ..။

ညီဇ



www.burmeseclassic.com

www.burmeseclassic.com



ကဒ်ပြားပေါ်မှာ ရေးထားသော စာကြောင်းတွေကို ဖတ်ပြီး မြဝါးရင်ထဲ ဒေါသတွေ အလိပ်လိုက် အလိပ်လိုက် ပေါက်ဖွားခုန်ထလာသည်။

မိန်းကလေးတစ်ယောက် အိပ်နေတဲ့ အခန်းထဲကို ခုလိုဝင်ပြီး ပိုင်စိုးပိုင်နင်း လုပ်တာတော့ မြဝါး ဘယ်လိုမှ သည်းမခံနိုင်တော့။

ထို့ကြောင့် ကိုယ်ပေါ်မှာ လွှာစောင်ပါးလေးကို ဖျတ်ခနဲ ဆွဲဖယ်လိုက်ပြီး ဝတ်စုံရုပ်ကြီးကို ဆွဲယူကာ အိမ်ရှေ့သို့ ဒေါသတကြီးဖြင့် ထွက်လာလိုက်သည်။

အိမ်ရှေ့ရောက်တော့ မြဝါး၏ ကားကို ရေဆေးနေသော ညီဇ ကို တွေ့လိုက်၍ တက်တစ်ချက် ခေါက်လိုက်သည်။

"မြဝါး နိုးပြီလား"

ညီဇ စွပ်ကျယ်ချိုင်းပြတ်နှင့် ဘောင်းဘီတိုတို ပွပွကြီးဝတ်ကာ မြဝါးကားကို မျက်နှာလို မျက်နှာရ ဆေးပေးနေသည်ကိုပင် မြဝါးရဲ့ ညီဇ အပေါ်မှာ ကျေးဇူးမတင်နိုင်တော့။ ထိုနောက် အရုပ်နှင့်ပစ်ပေါက်ပြီး

"ဖြန်း"

"ဖြန်း"

ညီဇ၏ပါးကို နှစ်ချက်ဆင့်ရိုက်ချလိုက်သည်။ ညီဇ ပါးနှစ်ဖက် စလုံး ထူပူစပ်သွားသည်။

"မြဝါးရဲ့ မင်း မင်း ကိုယ့်ပါးကို ဘာဖြစ်လို့ ရိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ရေပိုက်ကို လွှတ်ချပြီး ပူထူသွားသော ပါးနှစ်ဖက်ကို ပွတ်လိုက်သည်။ အသားဖြူ၍လားမသိ ညီဇ ပါးနှစ်ဖက်စလုံး နီရဲသွားသည်။

"ဘာဖြစ်လို့ ရိုက်တာလဲ ဟုတ်လား၊ မိန်းကလေး တစ်ယောက် အိပ်မောကျနေတဲ့အခန်းကို တိတ်တဆိတ် ဝင်တတ်တဲ့ ရှင့်ရဲ့ ယုတ်မာတဲ့စိတ်ကို ရွံလို့ ရိုက်လိုက်တာ၊ ပြီးရင် ဟောဒီလက်ကို ရွှေရည်ငွေရည် လောင်းပြီး အမွှေးနံ့သာ ဖျန်းလိုက်မယ် ရှင်းလား ရော့ ရှင့်အရုပ်။ ဒါမျိုး လာလုပ်လို့ ကျွန်မ ရှင့်ကို ရင်ခုန်သွားလိမ့်မယ် ထင်သလား ဝေးသေးတယ်"

ပိုးစိုးပက်စက် ပြောနေသော မြဝါးရုံ၏ စကားလုံးတွေက ညီဇ၏ စိတ်ခံစားမှုတွေကို ဆယ်ဘီးကားနှင့် တက်ကြိတ်လိုက်သလို ရစရာမရှိအောင် ပိပြားနေသည်။

ဒေါသတအားကြီးပြီး အထင်လွဲနေသော မြဝါးကို ညီဇ ဘယ်လိုရှင်းပြရမည်လဲ။ ရှင်းနေလျှင်လည်း အပိုပဲဖြစ်လိမ့်မည်။ ဒီတော့ မြဝါး၏ ဒေါသတွေ ကိုယ့်အပေါ်သို့ လွှတ်လပ်စွာ ပေါက်ကွဲခွင့်ပေးလိုက်သည်။

"မြဝါးကို ပျော်စေချင်လို့ ဒီအရုပ်ကလေး ပေးမိတာပါ မြဝါး မကျေနပ်ရင် ကိုယ့်ပါးကို အကြိမ်ကြိမ် ထပ်ရိုက်လိုက်ဦး၊ ရသေးတယ် ကိုယ် ကျေကျေနပ်နပ်ကြီး ခံမယ်ကွာ

မြဝါး ကိုယ့်ကို ဘယ်လိုပဲ နာကျင်အောင် ရိုက်ရိုက် ပြောပြော ကိုယ် အရာခပ်သိမ်း ကျေနပ်တယ်၊ အဲဒါ ဘာဖြစ်လို့လည်း သိလား၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မြဝါးကို ချစ်လို့ပဲ၊ မြဝါးကိုချစ်တာ မိုးနတ်မင်း သိတယ်၊ လောက နတ်ကြီး သိတယ်''

''ကဲ ချစ်ဦး''

''ဖြန်း''

သုံးချက်မြောက် ရိုက်ချက်ဖြစ်သည်။

ညီဇ နာကျင်ခြင်းတွေကြားထဲမှ ဟက်ခနဲ တစ်ချက် ပြုံးလိုက်သည်။

ဖော့ဖယောင်းလို လက်ချောင်းသွယ်သွယ်လေးတွေက နာကျင်စူးရှလိုက်ပါဘိ။

''နင့်ကိုငါ ထပ်မတွေ့ချင်ဘူး ညီဇ၊ ငါ့ရှေ့မှာ နင် ထပ်မပေါ်လာစေနဲ့''

မြဝါး အသံမှာ ဒေါသကြောင့် အနည်းငယ် တုန်အက်နေသည်။

''ဘယ်နှရက်လောက် မတွေ့ချင်တာလဲ၊ ဆယ်ရက်လား တစ်လလား''

''တစ်သက်လုံးပဲ နင့်ကိုငါ မြင်နေရရင် စိတ်အနှောင့်အယှက် အရမ်းဖြစ်ရတယ်''

''ရတယ်လေ မင်း မမြင်နိုင်တဲ့နေရာကနေ ချောင်းနေမှာပေါ့၊ ကိုယ် မင်းကို ချစ်လွန်းလို့ သင့်တော်တဲ့နေရာကနေ အညွှန်ပေးထားတော့နော်''

ကိုယ်မင်းကို သိပ်ချစ်လို့..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"သမီး ညည်းလေးက ညီဇကို ပါးသုံးချက်တောင် ရိုက်လိုက်တယ်ဆို"

"ဟုတ်တယ် မေမေ၊ ဖြစ်နိုင်ရင် သမီးက သူ့ကို အမှုန့်တောင် ကြိတ်ပစ်ချင်တာ"

မေမေ့ရဲ့အပြစ်တင်သော အကြည့်တွေကြောင့် မေမေနှင့် မျက်နှာချင်းမဆိုင်ဘဲ တစ်ဖက်သို့ လွှဲနေလိုက်သည်။

"ညည်းလေးက ဘာဖြစ်လို့ လူတစ်ဖက်သားကို ရန်လိုနေရတာလဲ"

အပြစ်ဆိုစကားကြောင့် မြဝါးရဲ့ နှုတ်ခမ်းစူလိုက်သည်။ ခုတော့ မေမေက သူ့ဒါလင်ကြီး သားဘက်ကပါနေပြီပေါ့ဟု စိတ်ထဲက ခပ်တိတ်တိတ် အပြစ်တင်ဝေဖန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ လုပ်ပုံက ကောင်းလို့လားလို့ သူ့လုပ်ပုံကျတော့ ကလေ ကချေ ပုံစံလုပ်ပြီး ခုတော့ မေမေ့ကို လာတိုင်တယ် မဟုတ်လား ဟင်း ယောကျ်ားဖြစ်ပြီး မိန်းမလို မိန်းမရှသိပ်နိုင်တာပဲ"

"ဟဲ့ သူ လာတိုင်တာ မဟုတ်ဘူး၊ ဒေါ်ဝိုင်း လာပြောတာ ဘယ့်နှယ်အေ ကိုယ့်ကားကိုလည်း သူ့ခမျာ သူ့အိမ်မှာသူသိပြီး တောင်းပန်တဲ့အနေနဲ့ တပင်တပန်း ရေဆေးပေးနေတာကိုများ ညည်းက ဂျပန်ပါးရိုက်နည်းနဲ့ သုံးချက်တောင် ရိုက်လိုက်တယ်တဲ့၊ ငါတော့ ကိုထူးကို ဘယ်လို မျက်နှာပြရမှန်းတောင် မသိဘူး"

"ရိုက်မှာပေါ့ သူ ဘာဖြစ်လို့ သမီးအခန်းထဲကို ခိုးကြောင် ခိုးဝှက်ဝင်ပြီး အရုပ်လာထားလဲ"

"အလို ဘုရားရေ ငါက ဘာပြဿနာဖြစ်လို့ ခုလို ပါးရိုက်လိုက်တဲ့အဖြစ် ဖြစ်သွားရလဲလို့ လတ်စသတ်တော့ ဘာမဟုတ်တာလေးကို ပုံကြီးချဲ့လိုက်တာကိုး"

ရင်ဘတ်စည်တီးဖြစ်နေသော မေမေ့ကိုကြည့်ပြီး မြဝါး အချဉ် ပေါက်လာသည်။

"မေမေ သမီးကို မေမေ မွေးထားတာပါနော်၊ အခု ဘာဖြစ်လို့ သူ့များဘက်က ပါနေတာလဲ"

"ဟဲ့ ပါမှာပေါ့ဟဲ့ အဲဒီ အရုပ်ကို သမီးအခန်းထဲ လာညှို တဲ့သူက သူ မဟုတ်ဘူး၊ ညက မေမေ ကိုယ်တိုင် လာထည့်သွားတာ၊ ညီဇ မေမေ့ကို အကူအညီတောင်းပြီး သမီးကို တောင်းပန်တဲ့အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီအရုပ်ကြီး လက်ဆောင်ပေးပေးပါဆိုပြီး အကူအညီတောင်းလို့ မေမေ လာပို့သွားတာ"

"ဟင်"

မြဝါးရဲ့ လက်လွှန်သွားသဖြင့် ကိုယ်မှားသွားပြီဆိုတာ သိလိုက်ရခြင်းနှင့်အတူ ညီဇကို အားနာသွားမိသည်။

"ဒါ ဒါဆို သမီး သူ့ပါးကို ရိုက်လိုက်တာတောင် ဘာလို့ သူ လာမပို့ဘူးလို့ မငြင်းလဲ"

"ဒါကတော့ ညည်း စိတ်တအားဆိုးနေလို့ စိတ်ဆိုးပြေပါစေတော့ဆိုပြီး ငြိမ်ခံနေတာနေမှာပေါ့"

မြဝါးရဲ့ ခန္ဓာကိုယ်လေးမှာ အံ့သြခြင်းနှင့်အတူ ခပ်တောင့်တောင့်လေး ဖြစ်နေကာ မျက်လုံးအဝိုင်းသားနှင့် 'ငေးနေမိသည်။

"ဒေါသတွေကို လျှော့ပါ သမီးရယ်၊ ညီဇက ပျော်တတ်တယ်၊ ဖွင့်လင်းတယ်၊ တစ်ဖက်သားဆန္ဒကို ထည့်မတွက်တတ်တာကလွဲလို့ ဖြူစင်တဲ့လူငယ်လေးတစ်ယောက်ပါ၊ နောက်ပြီး သူ သမီးကို အရူးအမူးချစ်နေတာနော်၊ ဒယ်ဒီကလည်း သမီးသာ ညီဇကို စိတ်ဝင်စားရင် လက်ထပ်ပေးချင်တယ်တဲ့"

မေမေက ကလေးငယ်တစ်ယောက်ကို ချွေးသိပ်ပေးသလို ချော့မော့ပြီး သူလိုရာကို သိသိသာသာ ဆွဲပြောသည်။

မေမေ လိုရာဆွဲပြောသော အကြောင်းအရာများသည် မြဝါး အတွက်တော့ အထူးတလည်ပင် ရင်ကို ထိတ်ခနဲ ခုန်သွားမိစေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြဝါးကို သူနှင့်လက်ထပ်ပေးချင်ကြတယ်တဲ့၊ ဘုရားရေ မြဝါးရင်တွေ လှုပ်ခနဲ ခုန်သလိုလို ဖြစ်သွားပါလား။

ဒါပေမဲ့ မြဝါး သူ့ကို မုန်းချင်တယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဟယ် နင့်ကို နှစ်ယောက်စလုံးက ချစ်တယ်လို့ ပြောတယ် ဟုတ်လား မြဝါး"

"ဒါဆို နင် ဘယ်သူ့ကို ရွေးမလဲ"

သူငယ်ချင်းနှစ်ယောက်၏အမေးကို မြဝါး မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ဘာပြန်ပြောရမှန်းမသိ။ သူတို့အမေးကို ဖြေဖို့ မြဝါးမှာ အဖြေ အဆင်သင့်မရှိသေးတာတော့ သေချာသည်။

ညီခကို မြဝါး၏ သူငယ်ချင်းမိတ်ဆွေအရင်းအခြာတစ်ယောက်လို ရာသက်ပန် ရိုးသားစွာ ခင်ချင်သည်။ ညီခနှင့် ချစ်သူဖြစ်ကြည့်ရန်လည်း တစ်ကြိမ်တစ်ခါမှ စိတ်ကူးမယဉ်ကြည့်ခဲ့ဖူးသလို ရင်လည်း မခုန်မိ။

ညီခသည် ပညာအရည်အချင်းရော ရုပ်ရည်ရော စိတ်နေစိတ်ထားရော ပြောစရာ မရှိအောင်ကို အဘက်ဘက်က ပြည့်စုံပါ့နိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



မြဝါး နေရာမှာ တခြားမိန်းကလေးတွေဆိုရင် ညီခ၏ချစ်ရေး ဆိုမှုကို လုံးဝငြင်းဆန်စရာ မရှိအောင်ကို လက်ခံမိမှာ အမှန်ပင်။

ယခု မြဝါးမှာတော့ ညီခအပေါ် ထိုသို့သော စိတ်မျိုးမဖြစ်ပေါ်မိ။ ညီခ ချစ်ရေးဆိုခြင်းအပေါ် မည်သို့သော ရင်ခုန်ခံစားမှုမျိုးမှ မဖြစ်ပေါ် မိ။

ဒါဆို ညီဇကရော ညီဇနှင့်ပတ်သက်ပြီး မြဝါး စိတ်အနှောင့် အယှက် မကြာမကြာ ဖြစ်ခဲ့ရသည်။ ထိုသို့ ဖြစ်မိတိုင်းလည်း ညီဇ အပေါ် မုန်းသလိုလို ဖြစ်မိသည်။

သို့သော် ထိုအမုန်းတရားတို့သည် မြဝါးရင်ထဲမှာ အခိုင်အမာ အုံဖွဲ့မနေကြ။ သူ့အကြောင်းတွေ အတွေးထဲ မကြာမကြာ ရောက်လာ တိုင်း မြဝါး စိတ်လှုပ်ရှားခဲ့ရတာ အခါခါ။

ထိုသို့ စိတ်လှုပ်ရှားခြင်းကို အချစ်ဟု သမုတ်မည်ဆိုလျှင် ထို ခံစားမှုကြီးကို မြဝါး မုန်းချင်သည်။ မြဝါး သူ့ကို မချစ်ချင်ဘူး။ သူနဲ့ ပတ်သက်ပြီး ရင်မခုန်ချင်ဘူး။ သူ့အကြောင်းတွေ အမြဲတမ်း မတွေးချင် ဘူး။

"သွားပြီ သူ ဖီလင်တွေ အရမ်းဝင်နေပြီ၊ ငါတို့ မေးတာ တောင် သူ ပြန်မဖြေနိုင်တော့ဘူး"

အာရုံထဲသို့ နိုင်လေး၏အသံ ဖျတ်ခနဲ တိုးဝင်လာသည်။

"ဟင် ဘာကို ဖီလင်ဝင်ရမှာလဲ"

"ငါတို့ နင့်ကို ဘယ်သူ့ရွေးမလဲလို့ မေးနေတာလေ၊ နင့်ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ယောကျာ်းနှစ်ယောက်ရဲ့ အကြင်နာထဲ မျောနေသလိုပဲ၊ စိတ်နဲ့ လူနဲ့ မကပ်ဘူး"

"ငါ ငါ စဉ်းစားရခက်နေတယ် ဟယ်"

"ဘုရားရေ နင်က ဘာကို စဉ်းစားရခက်နေတာလဲ"

"သူတို့နှစ်ယောက်ထဲက ဘယ်သူ့ကို ရွေးရမလဲဆိုတာကိုပေါ့"

ဖွန့်အမေးကို မြဝါး ဆောင့်ကြွားကြွားလေး ဖြေလိုက်သည်။ မျက်ဝန်းတွေမှာတော့ ပန်းနုရောင် သမ်းစပြုနေသည်။

"ဘယ်လို နင်က ဘယ်သူ့ကို ရွေးရမလဲ စဉ်းစားနေတာ ဟုတ်လား၊ မြဝါး နင့်ရဲ့ရွေးချယ်ရေးစနစ်ထဲမှာ ညီဇလည်း ပါပြီပေါ့ ဟုတ်လား"

ခိုင်လေး နားမလည်ဟန်ဖြင့် မေး၏။ ပြီးတော့ ဖွန်ကို မေးငေါ့ပြီး အချက်လှမ်းပြသည်။

"ငါ့ကိုချစ်တယ်လို့ပြောတဲ့အထဲမှာ ညီဇက် ထိပ်ဆုံးကလေ"

"ဒါဆို နင်က သူ့ကို ထိပ်ဆုံးက စဉ်းစားမယ်ဆိုတဲ့ သဘော သား"

"အဲလိုလည်း မဟုတ်သေးပါဘူး၊ ငါက ငါ့ခံစားချက်ကို ဦး စားပေးပြီး ငါ ရင်ခုန်တဲ့လူကိုပဲ ငါ့ချစ်သူအဖြစ် ရွေးချယ်မယ်"

"နင် ညီဇကို ရင်မခုန်ဘူးလား"

"ဟင့်အင်း ခုချိန်ထိတော့ ငါ သူ့ကို ရင်မခုန်သေးဘူး"

"ဟင်၊ နင်နော် အတိုက်ကိုမကြည့်နဲ့၊ အရှည်ကိုကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ညည်းညည်းလေး ပြောလိုက်သော ခိုင်လေး စကားကြောင့် ဖွန် မျက်လုံးပြူးသွားသည်။ မြဝါးက ရင်ဘတ်လေးဖိကာ

"ဟယ် အဲဒါ ဘာစကားကြီးတုန်း၊ ငါက ဘာအရှည် ဘာအတိုကို ကြည့်ရမှာလဲ၊ နင့်ဟာကလည်း ကြောက်စရာကြီး ပြောချလိုက်တာ"

"သြော် ကိုယ့်အနာဂတ်အတွက် ရေရှည်ကို စဉ်းစားပြီး ညီခကို ရွေးချယ်သင့်တယ်၊ ညီဖ ကျတော့ နင့်ဘဝကိုသိပ်ပြီး အာမခံချက်ပေးမှာမဟုတ်ဘူး။ ဒါကြောင့် ကိုယ့်ရင်ထဲက ခံစားချက်တဒင်္ဂစာလေးကို မကြည့်နဲ့၊ နင့်ရွေးချယ်မှု မှားသွားလိမ့်မယ်"

ခိုင်လေးရော ဖွန်ပါ မြဝါးရှိအား ညီခနှင့်သာ နီးစပ်စေချင်ကြသည်။ တဖွတ်ထိုးဆန်ပြီး ရဲတင်းသော ညီဖနှင့် မနီးစပ်စေချင်ကြ။

"အဲဒီလို ရှင်းရှင်းပြောပါလားလို့"

မြဝါး စပ်ဖြဲဖြဲ မျက်နှာလေးဖြင့် ဆိုတော့ ခိုင်လေးရော ဖွန်ပါ မြဝါးအား မျက်စောင်းလှမ်းထိုးကြသည်။

"မြဝါး နင်နော် မှုသိပ်မမှန်တော့ဘူး။ နင့်စိတ်တွေ ညီဖဆီမှာ ယိမ်းထိုးနေပြီ မဟုတ်လား"

"အဲဒါလည်း အတတ် မပြောနိုင်သေးဘူး၊ သူနဲ့ပတ်သက်ရင် ငါ နည်းနည်း စိတ်လှုပ်ရှားချင်ပေမယ့် သူ့ကို ငါ မုန်းနေသေးတယ်၊ ဒါကြောင့် ချစ်တယ်လို့လည်း ပြောလို့ မရသေးဘူး"

"ဟွန်း နင့်ဟာက မျက်ကန်းလမ်းလျှောက်နေသလိုကြီး၊ စမ်း



www.burmeseclassic.com

www.burmeseclassic.com



တဝါးဝါးနဲ့ ဟိုက အာဘွားလေး တစ်ချက်ပေးလိုက်တာနဲ့ နင့်စိတ်တွေ ရွှန်းပြန်ကုန်တာ ဖြစ်မယ်"

"အယ် ဘာမှမဆိုင်ဘူးနော်၊ အဲဒီကိစ္စကြောင့် ငါ သူ့ကို အသေမုန်းနေသေးတာဟဲ့ သိလား၊ အဲဒါကြောင့် သူ့ကို လုံးဝပဲ"

မြဝါး ခိုင်လေးစကားကို မျက်စောင်းချီကာ မကျေမနပ် တုံ့ပြန်လိုက်သည်။

ဒီတော့မှ ခိုင်လေးရော ဇွန်ရော ပြုံးရွှင်သွားကြသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ဦးညီထူးသာ သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။ မြဝါးရုံလေးကို သားနှစ်ယောက်စလုံးက ဘာကြောင့်များ တစ်ပြိုင်နက်စည်းစွဲလန်းနေကြပါလိမ့်။

"ဒယ်ဒီ့သားနှစ်ယောက်ကို ဒယ်ဒီ ဘယ်လိုစီစဉ်ပေးရမှန်းတောင် မသိတော့ပါဘူးကွာ"

အားပျော့သော လေသံဖြင့် ညည်းတွားလိုက်သော ဒယ်ဒီ့စကားကြောင့် ညီခပင် အလိုလို အားလျော့သွားသလို ခံစားလိုက်ရသည်။

"မြဝါးရုံကို လက်ထပ်ချင်တာ သားတစ်ဘဝလုံးစာနဲ့ ရင်းပြီးရွေးချယ်လိုက်တာပါ ဒယ်ဒီ၊ သူ့ကိုချစ်တာ ခုမှမဟုတ်ပါဘူး ဒယ်ဒီနဲ့အန်တီမေ လက်မထပ်ခင် ဟိုးပဝေသဏီကတည်းက ချစ်မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြဝါးရုံကရော သားကို လက်ခံမယ့် အခြေအနေ ရှိရဲ့လား"

"သူ စဉ်းစားပါရစေလို့တော့ ပြောတယ်"

ဦးညီထူးသာ သက်ပြင်း ခပ်ကြမ်းကြမ်းချပြီး သားနှစ်ယောက်စာ အပြုံင် ရင်မောလိုက်သည်။

"အေးလေ မြဝါးရုံလေးက သားတို့ ညီအစ်ကိုနှစ်ယောက်ထဲက ဘယ်သူ့ကို ရွေးမလဲဆိုတာကတော့ ကံတရားပဲပေါ့ကွယ်၊ ဘယ်သူပဲရရ ဒယ်ဒီကတော့ ကြည်ဖြူတယ်"

"ညီခ မင်း ဒယ်ဒီ့ကို ဘာတွေလာကပ်ပြီး တောင်းနေတာလဲ"

ညီဇ ညေ့ခန်းထဲဝင်လာပြီး ဖုန်းနှင့်ကားသော့ကို စားပွဲပေါ်တင်သိုက်ကာ ညီခအား မထိတထိ မခံချိမခံသာ ပြောသည်။

"မြဝါးရုံနဲ့ လက်ထပ်ပေးဖို့ လာတောင်းဆိုတာပါ"

ညီခ လေသံ ခပ်အေးအေးဖြင့်ပင် ညီဇ အမေးကို ဖြေလိုက်သည်။

"မင်းက ငါကြိုက်နေတဲ့ကောင်မလေးကို သိသိကြီးနဲ့ ဘလိုင်းကြီး လာကြွေနေတာတော့ မမိုက်ဘူးကွာ"

"မြဝါးရုံကို ငါ ချစ်နေတာ မင်းနဲ့မြဝါးရုံ မဆုံခင်ကတည်းက ချစ်နေတာကွ၊ မင်းကြောင့်လို့ ငါ လိုက်ကြောင်တာ မဟုတ်ဘူး။ ဒါကြောင့် မြဝါးဆီက အချစ်ကို ဂုဏ်သိက္ခာရှိရှိနဲ့ ငါ တောင်းခံထားတယ်"

"အဟာတ် လူအထင်ကြီးအောင် ပြောမနေနဲ့"

ဦးညီထူးသာ သားနှစ်ယောက်၏အပြုံင်လုပွဲမှာ ဘာမျှ ဝင်

www.burmeseclassic.com



မပြောလိုက်၍ ထိုင်နေရာမှ ထပြီး အခန်းထဲ ဝင်သွားသည်။

မြဝါးရုံလေးကို ဘယ်သားပဲရရ ရချင်တဲ့သူရကြ။ နောက်ဆုံး အောင်နိုင်သူကိုသာ မိဘတို့ ဝတ္တရားအတိုင်း ကြီးကျယ်ခမ်းနားစွာ စီစဥ်ပေးလိုက်ရုံပင်။

ညီခ ထထွက်သွားသော ဖခင်၏နောက်ကျောကို လှမ်းကြည့်ပြီး ညီဖဘက်ကို ပြန်လှည့်ကာ

"ကောင်းပြီလေ မြဝါးရုံကြောင့် မင်းနဲ့ငါရဲ့ ညီအစ်ကို စိတ်ကို မပျက်ပြားစေချင်ဘူး။ ဒါကြောင့် ငါလည်း ငါ့အစွမ်းရှိသလောက် မြဝါးရဲ့ အချစ်ကို ရအောင် ကြိုးစားမယ်၊ မင်းလည်း မင်းအစွမ်းရှိသလောက် ကြိုးစား၊ နောက်ဆုံး အောင်မြင်တဲ့သူကို ခေါင်းငုံ့ ခါးကိုင်းပြီး အသိအမှတ်ပြုပေးရမယ်၊ အဲဒီအချိန်ကျရင် နှစ်ယောက်ထဲက တစ်ယောက်က မြဝါးကို ချစ်တဲ့အချစ်ကို ပြန်ရုပ်သိမ်းပေးရမယ်၊ ဘယ်လိုလဲ သဘောတူလား"

"ဟာ တူပြီးသားပဲ ညီခ၊ မင်းသာ မြဝါးရဲ့ အချစ်ကို ရအောင် ကြိုးစားစမ်းပါ"

"အိုကေ ကောင်းပြီ"

ညီအစ်ကိုနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ခပ်တည်တည် ပြန်ကြည့်ကြပြီး လက်ဝါးချင်းရိုက်လိုက်ကြသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

စားပွဲခုံပေါ်မှာ မှောက်အိပ်နေသော မြဝါး၏ခေါင်းတွေ ဆတ်ခနဲ ထောင်လာသည်။ လူက တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလိုကို နာကျင် ကိုက်ခဲနေပြီး ခေါင်းတွေအရမ်းအုံနေသည်။

ခိုင်လေးတို့ ဖွန်တို့ ပြန်သွားကတည်းက မြဝါး ဒီဖိုင်းထိုင်ရေး နေရင်းမှ စားပွဲပေါ်မှာ ဘယ်လို အိပ်ပျော်သွားမှန်းမသိ။

နေ့ခင်းက အပြင်မှ ပြန်လာပြီး မြဝါး ရောက်ရောက်ချင်း အရမ်းပူတယ်ဆိုပြီး ရေချိုးမိလိုက်သည်။ ရေချိုးပြီးသည်နှင့် အဲကွန်းခန်း ထဲမှာ တစ်ချိန်လုံး ထိုင်အလုပ်လုပ်လိုက်သည်ဆိုတော့ ထုံးစံအတိုင်း ဖျားပြီ။

ဒီပုံအတိုင်းဆိုလျှင် မြဝါး ကားမောင်း၍ပြီး ပြန်၍ မဖြစ်အတွေး နှင့်အတူ ထိုင်ရာမှ ဒယီးဒယိုင်ဖြင့် ထလိုက်ပြီး ဆေးသောက်ရန် ဆေးဘူး ထယူလိုက်သည်။

အရင်ဆုံး ဒီကိုလ်ဂျင် တစ်လုံးသောက်ပြီး ပြန်မှိန်းနေမည်ဟု

www.burmeseclassic.com



စိတ်ကူးပြီးကာမှ မိခင်ဆီ ဖုန်းဆက်ရန် သတိရသွားသည်။

စားပွဲပေါ်မှ ဖုန်းကို ယူလိုက်သည်။

"ဟဲလို မေမေ သမီး ဒီည ဒီမှာပဲ အိပ်လိုက်မယ် သိလား။ ဒီည ဝတ်စုံဒီဇိုင်းတွေ အပြီးထုတ်ရမှာမို့ မေမေ၊ ဘဘမှမပူနဲ့ ခိုင်လေးတို့ ဖွန့်တို့လည်း ရှိတယ်"

မြဝါး တမင်ပင် သူငယ်ချင်းတွေ ရှိသည်ဟု လိမ်လိုက်ခြင်း ဖြစ်သည်။ ခုလို တစ်ယောက်တည်း ရှိသည်ဟုသာ သိလျှင် မေမေ လုံးဝအိပ်နိုင်းမည် မဟုတ်ဆိုတာ မြဝါး သိသည်။

"အင်းပါ မေမေရဲ့ စိတ်ချပါ၊ သမီး ကလေးလေး မဟုတ်ပါဘူး။ စိတ်ချ သူခိုးတွေ မဝင်အောင် ခြံတံခါးတွေ အခန်းတံခါးတွေ သေချာ ပိတ်မယ် စိတ်ချ မေမေ"

မေမေ စိတ်ချအောင် ကတိတွေ အံထပ်ထပ်ပေးပြီး ဖုန်းပိတ် လိုက်သည်။ ဒါတောင် နေသိပ်မကောင်းဘူးဆိုတာ ပေးမသိလို့ ပေးသာ သိလျှင် ပို၍ စိတ်ပူသွားလိမ့်မည်။

မြဝါးရဲ့ ဖုန်းကို ခုံပေါ် ပြန်တင်ထားလိုက်ပြီး ဆိုဖာခုံရှည်ပေါ် ခဏလှဲရန် နုံးခွေစွာ လျှောက်လာလိုက်သည်။

ဆေးသောက်ပြီးခါမှ ကိုယ်တွေ တအားပူလာသလားဟုပင် စိတ်မှာ ထင်မိသည်နှင့်အတူ မြဝါးရဲ့ ဆိုဖာခုံပေါ် လှဲအိပ်လိုက်သည်။

ပြီးနောက် မျက်ဝန်းတွေကို အားယူပြီး မှိတ်ပစ်လိုက်သည်။ မှေးခနဲ အိပ်ပျော်သွားသည်။

အချိန်တို့သည် တရွေ့ရွေ့နှင့် အမှောင်ဘက်သို့ လုံးဝ ကူးပြောင်းခဲ့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၄)

ညီဇ ဧည့်ခန်းထဲမှာ တီဗီထိုင်ကြည့်နေရင်းမှ မြဝါးရုံ၏အိမ်ဘက်သို့ စိတ်မဖြောင့်စွာဖြင့် ခဏ ခဏ လှမ်းလှမ်းကြည့်ဖြစ်၏။

ဒီနေ့ မြဝါးရုံ ဘာကြောင့် အိမ်ပြန်နောက်ကျရသနည်း။

တွေ့ချင်မြင်ချင်စိတ်ဖြင့် စောင့်နေ၍လား မသိ။ မြဝါးရုံကို မတွေ့ရမချင်း ညီဇ အိပ်ပျော်မည် မဟုတ်သလို ထမင်းပင်စား၍မဝင်။

ထို့ကြောင့် စိတ်မပါဘဲ ကြည့်နေသော စတားစပေါ့ပ်လိုင်းကို ပိတ်ပစ်လိုက်ပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။

ဒီအချိန် ညီခနှင့်ဘယ်ကိုများ သွားနေလဲဟူသော စိုးရိမ်စိတ်သံသယတွေ ဝင်လာသဖြင့် ညီဇ ရင်ထဲမှာ မနာလိုစိတ်တွေက မုန်တိုင်းတစ်ခုလို ထန်နေသည်။

အမှန်အတိုင်း ဝန်ခံရလျှင် ညီခ မြဝါးရုံ၏အချစ်ကို ရဖို့အခွင့်အလမ်းက ကိုယ့်ထက်ပိုပြီးသာသည်။

ခုချိန်မှာ အရေးပေးဆက်ဆံခြင်း ခံရသူက ညီခဖြစ်နေသလို



www.burmeseclassic.com

www.burmeseclassic.com



နာကျင်မှုန်းတီးခြင်းခံနေရသူက ကိုယ်ဖြစ်နေသဖြင့် ညီခနှင့်စာလျှင် မြဝါးရုံ အချစ်ကို ရနိုင်ခြေရှိသော အခွင့်အရေးအလွန် နည်းပါး၏။

ထို့ကြောင့် မြဝါးရုံ၏အချစ်ကို ရဖို့ဆိုလျှင် ဘယ်လိုနည်းလမ်းပဲ သုံးရ သုံးရ သုံးမည်။

ညီဇ ဖုန်းခေါ်ပေမယ့် တစ်ဖက်က ဖုန်းမှာ လုံးဝမကိုင်။ မြဝါး ဘက်မှ ဖုန်းလုံးဝမကိုင်သဖြင့် ညီဇ ပို၍ ဂနာမငြိမ်ဖြစ်သွားကာ ကား သော့ယူပြီး မြဝါးရုံဆီသို့ လိုက်ရန် ဆုံးဖြတ်ကာ အိမ်ထဲမှ ထွက်ခဲ့လိုက် သည်။

ဒယ်ဒီနှင့်အန်တီမေ့ကိုပင် အသိမပေးခဲ့တော့။

ညီဇ ကားမောင်းနေရင်းမှ မြဝါးရုံဆီ အထပ်ထပ်ခေါ်နေပေ မယ့် ဖုန်းက လုံးဝမကိုင်။

ဖုန်းမကိုင်နိုင်လောက်အောင် မြဝါးရုံ ဘာ့မှုအလုပ်ရှုပ်နေ၍ လား။ ဒါလည်း မဖြစ်နိုင်။

ဒီအချိန်ထိ မြဝါးရုံ အလုပ်လုပ်နေသည်ဆိုတာတော့ မဖြစ်နိုင်။ ဒါဆို ညီခနှင့်များ ဒင်နာပွဲတစ်ခုခုများ လိုက်သွားသလား။ ထိုသို့ လိုက် သွားသည်ဆိုလျှင်လည်း ဖုန်းပိတ်ထားရမှာပေါ့။ ခုတော့ ဖုန်းလည်း မပိတ်။

ဖုန်းမကိုင်နိုင်ရလောက်အောင် ဘာတွေများ ဖြစ်နေလို့လဲ။ ကားသာ မောင်းနေရသည်။ ညီဇ ဂနာမငြိမ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဟာ မြဝါးရုံ"

အိမ်ကလေးထဲ ဝင်ဝင်ချင်း ညှော်ခန်းတွင်းရှိ ဆိုဖာခုံပေါ်တွင် ကိုယ်ပူပြီး အိပ်ပျော်နေသော မြဝါးရုံကို တွေ့လိုက်ရ၍ ညီဇ ခေါင်းနပန်း ကြီးပြီး ပူထူသွားသည်။

ထို့ကြောင့် မြဝါးရုံ လှဲအိပ်နေသော ဆိုဖာခုံနားသို့ အပြေး တစ်ပိုင်း ဝင်လာလိုက်သည်။

အနီးရောက်မှ တအင်းအင်း ညည်းနေသော မြဝါးရုံထံမှ အသံ ဘိုးသဲ့သဲ့ကြောင့် ညီဇ မြဝါးရုံ၏ လက်မောင်းသားကို မတ့်မရဲနှင့် ခပ်ဖွဖွ ဆုပ်ကိုင်လိုက်သည်။

"ဟာ ကိုယ်တွေ ပူနေပါလား၊ အဲဒါမှကျွိုင်ပဲ"

ကိုယ်တွေခြစ်ခြစ်တောက် ပူနေသော မြဝါးကိုကြည့်ပြီး ညီဇ ခေါင်းတွေတဖျင်းဖျင်းကုတ်ကာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



"မြဝါးရဲ့ မြဝါး"

"အင်း ချမ်းတယ် ချမ်းတယ်"

မြဝါး ချမ်းသည်ဆို၍ ဒီဖိုင်းထုတ်မည့်ပိုးသားစကြီးကိုယူ၍ မြဝါး ကိုယ်ပေါ် ခြုံပေးထားလိုက်သည်။

ညီဇ ဘာလုပ်ရမည်မှန်း မသိ၍ ညီခဆီသို့ ဖုန်းဆက်ခေါ်ရန် စိတ်ကူးလိုက်သည်။

ဖုန်းခလုတ်လေးတွေပေါ် လက်ရောက်ပြီးကာမှ ညီခကို ခေါ်ချင်စိတ်မရှိ၍ ဘာဆေးတိုက်ရမည်ဆိုတာပဲ လှမ်းမေးလိုက်မည်ဟု စိတ်ကူးရသွားသည်။

"ဟဲလို ညီခ အေး ငါဘော်ဒါတစ်ယောက် ကိုယ်တွေအရမ်းပူပြီး ကယောင်ကတမ်းတွေဖြစ်နေလို့ သူ့ကိုငါ ဘာဆေးတိုက်ရမလဲ၊ ဒီအချိန်ကြီး ဆေးခန်းသွားဖို့လည်း အဆင်မပြေဘူးကွာ၊ ဒါကြောင့် ငါ မင်းကို ဖုန်းဆက်မေးလိုက်တာ"

ညီခ တစ်ဖက်မှ ဆေးညွှန်းပေးနေ၍ ညီဇ နားကြားမလွဲအောင် အာရုံစိုက် နားထောင်လိုက်သည်။

"အိုကေ ငါ မင်းပြောတဲ့ဆေးပဲ တိုက်လိုက်မယ်၊ ချွေးထွက်လာရင်ရော ရေပတ်ဆက်တင်ရမှာလား"

ညီဇ မရှင်းမှာစိုး၍ သေချာပြန်မေးလိုက်သည်။

"အေး ကျေးဇူးပဲ ညီခ၊ မင်းကျေးဇူး ငါ ဘယ်တော့မှ မမေ့ဘူး"

www.burmeseclassic.com



ညီဇ လောကလေးတစ်ချက်ကို ပေါ့ပါးလွတ်လပ်စွာ ချွန်လိုက်ပြီး ဒီတစ်ညတော့ မြဝါးရုံဘေးမှာ သူမအား ပြုစုစောင့်ရှောက်ရင်း ကုန်မည့် အချိန်တွေအတွက် ပျော်ရွှင်ကျေနပ်မှုခံစားနေမိသည်။

ထို့ကြောင့် ခန္ဓာကိုယ်ကို တစ်ချက်နှစ်ချက် လှုပ်ရမ်းပြီး ပျော်ရွှင်စွာ ကလိုက်သည်။

ဖြစ်နိုင်လျှင် ထိုအချိန်တွေကို ထာဝရ ကုန်ဆုံးမသွားစေချင်။

ဝေဒနာတွေဖြင့် မှိန်ဖျော့နေသော မြဝါးရုံ၏နဖူးပြင်ကို ညီဇ လွတ်လပ်စွာဖြင့် အတားအဆီးမရှိ ငုံ့နမ်းလိုက်သည်။

ချစ်ဖို့ကောင်းလိုက်တဲ့ မိန်းကလေး။

သွေးကြောလေးတွေဖြင့် စိမ်းဖန့်ကြည်လင်နေသော ပါးပြင်လေးကို လက်ဖြင့် အသာပွတ်သတ်လိုက်သည်။

ယခင်က ဖူးဖူးစိုစိုလေးလှနေသော နှင်းဆီရောင်နှုတ်ခမ်းလေးမှာ အားမရှိသလို အရောင်ဖျော့နေသည်။

သွယ်တန်းသော မျက်ခုံးနှင့် မှိတ်ထားသော မျက်ဝန်းတို့ကို အုပ်မိုးထားသော မျက်တောင်ကော့ကော့တစ်စုံ။ ကျော့ရှင်းချောမွတ်နေသော လည်တိုင်တစ်ခု။

အရာအားလုံးဟာ ရင်ခုန်စရာတွေကိုသာ အကြိမ်ကြိမ် ဖြစ်ပေါ်စေမည့် အလှတရားတွေချည်းသာ။

လောကမှာ မြဝါးရုံလောက် ချစ်စရာကောင်းမည့် မိန်းကလေး ရှိဦးတော့မည်လားဟု လောကကြီးကြားအောင် ကြွားလုံးထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါသည်။

ညီဖ အသိစိတ်တွေ လွတ်ထွက်နေသော မြဝါး၏အလှတရားထဲမှာ နစ်မြုပ်ပျော်ဝင်နေ၍ မဖြစ်သေး‌ဟု တွေးကာ

မြဝါးကို ဆေးတိုက်ရန် မြဝါး အိပ်နေသော ဆိုဖာနံဘေးမှာ ချထားသည့် ဆေးဘူးကို လှမ်းယူလိုက်သည်။

ကံကောင်းချင်တော့ ညီခ ပြောသောဆေးတွေ မြဝါးရဲ့ ဆေးဘူးထဲတွင် ရှိနေသည်။

ညီခ ရေပူရေအေးစက်ထဲမှ ရေတစ်ခွက်ကို ယူလိုက်ပြီး မြဝါးကို ဆေးတိုက်ဖို့ နှိုးလိုက်သည်။

"မြဝါး မြဝါး မင်း ကိုယ်တွေ အရမ်းပူနေတယ်၊ ထ ဆေးသောက်ရအောင် ဒါမှမဟုတ် ပါးစပ်ဟလိုက် ဆေးထည့်ပေးမယ်၊ ရေနဲ့အတူ မျောချလိုက်"

မြဝါး မျက်လုံးလေး မှေးစင်းကာ ခေါင်းညိတ်သည်။

ထို့နောက် အလိုက်သင့်လေး ဟပေးသော မြဝါးရဲ့၏ပါးစပ်ထဲသို့ ညီခ ဆေးကို ထည့်ပေးလိုက်ပြီး ရေဖန်ခွက်ကို နှုတ်ခမ်းဝတွင် တေ့ပေးလိုက်သည်။

မြဝါး ကိုယ်ပူရှိန်ကြောင့် တဆတ်ဆတ်တုန်နေရင်းမှ ညီခ ထည့်ပေးသော ဆေးနှင့်ရေကို အလိုက်သင့်မျောချလိုက်သည်။

"မေမေ မေမေ"

နှုတ်မှလည်း မိခင်ကို တနေ၏။ တကယ်လို့ အပြစ်ကင်းစင်



www.burmeseclassic.com

www.burmeseclassic.com



လွှန်းသော မြဝါးရုံကိုကြည့်ပြီး ထိုဝေဒနာကို ညီဇသော ဖြစ်လိုက်ချင်ပါသည်။

ဆိုဖာခုံလေးပေါ်မှ ပုံပုံလေး လှဲအိပ်နေသော မြဝါးရုံကို ညီဇ တစိမ့်စိမ့်နှင့် ထိုင်ကြည့်နေလိုက်သည်။

အချိန်ကိုကြည့်လိုက်တော့ ညဆယ့်တစ်နာရီပင် ထိုးနေပြီ။ ညီခကတော့ ပြောသည်။ ဆေးတိုက်ပြီး တစ်နာရီကြာသည့်အချိန်အထိ ကိုယ်ပူတအားကြီးနေသေးသည်ဆိုလျှင် ဒုံးကျည်ထည့်ခိုင်းလိုက်ဟု ပြောသည်။

ညီဇ မြဝါးရုံအား ညီခ ပြောသလို မလုပ်ချင်။ ကိုယ်ပူမြန်မြန်ကျပါစေဟုပဲ ဆုတောင်းမိသည်။

ထို့နောက် စိတ်မချ၍ မြဝါးရုံ၏ကျောပြင်ကို စမ်းကြည့်လိုက်သည်။ ချွေးတွေများ ထွက်နေမည်လားဟု။

ထင်သည့်အတိုင်းပင် အင်္ကျီမှာ ချွေးတွေဖြင့် ရွှဲနစ်နေသည်။ ညီဇ မြဝါးရုံအား ရွှဲနစ်နေသော အင်္ကျီဖြင့် ဆက်ထားနေလျှင် ကိုယ်ပူပြန်တက်လာနိုင်သည်ဟု တွေးမိပြီး အင်္ကျီလဲပေးရန် စဉ်းစားလိုက်သည်။

ထို့နောက် အိမ်ကလေးထဲမှ လှည့်ပတ်ပြီး မြဝါးရုံ၏ ဝတ်စုံကို ရှာလိုက်သည်။ အတွင်းခန်းလေးထဲတွင် မြဝါးရုံ၏ဗီရိုလေးတစ်လုံးတွေ့၍ ထိုဗီရိုထဲမှ ချည်သားဂါဝန်တစ်ထည်ကို ထုတ်လိုက်သည်။

ထို့နောက် မွေးပွသဘက်ဖြင့် ချွေးများကို သုတ်လိုက်ပြီး မြဝါးရုံကို အင်္ကျီလဲပေးရန် စတင်လှုပ်ရှားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီဇ ရင်တွေ တအားကို အခုန်မြန်နေသည်။ ယခုလို လူခြေ တိတ်ဆိတ်လွန်းသော ညနက်နက်ထဲမှာ ကိုယ့်ကို လုံးဝမချစ်သော ကိုယ်က အသည်းနစ်အောင်ချစ်ရပါသော မိန်းကလေးတစ်ယောက်အား အဝတ်အစားလဲပေးခွင့်ရသော အခွင့်အရေးက ညီဇ၏စိတ်အာရုံတွေကို တည်ငြိမ်စေခြင်း မရှိပဲ သူပါ အရုပ်ကြိုးပြတ် လဲကျပစ်လိုက်ချင်နေသည်။

ထိုအတွေးအကြံကို ရင်မဆိုင်ချင်၍ လဲပေးပြန်လျှင်လည်း မြဝါး ရုံကို ညီဇ အားနာသည်။

သို့သော် အဝတ်အစား မလဲပေး၍လည်း မဖြစ်။ ထို့ကြောင့် မျက်နှာကို လွှဲလိုက်ပြီး တုန်ယင်သောလက်ဖြင့်ပင် အဝတ်အစားကို အမြန်လဲပေးလိုက်ရသည်။

မြဝါးကတော့ မျက်လုံးပင် မဖွင့်ဘဲ ဝေဒနာတွေဖြင့် အိပ်မော ကျနေသည်။

ညီဇ စိတ်နှင့်ကိုယ်နှင့် မကပ်သူလို မြဝါး၏အလှတရားတွေထဲ မှာ နစ်မြုပ်ပျော်ဝင်ပစ်လိုက်ချင်စိတ်တွေ ရင်မှာ မီးတောက်တစ်ခုလို ပြန့်ကြဲနေသည်။

သို့သော် ကိုယ့်ကိုယ်ကိုယ် ယောကျ်ားကောင်းတစ်ယောက်ဟု ခံယူထားသော ညီဇ၏စိတ်ဓာတ်တွေ ထိုတဒင်္ဂအထိအတွေ့ကြောင့် မပျက် ပြားစေရ။

ထို့ကြောင့် ပြီးမြောက်အောင်မြင်သော လုပ်ငန်းစဉ်တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



သုပ်လိုက်ရသော လူတစ်ယောက်လို စိတ်ကို တည်ငြိမ်အောင်ထိန်းပြီး အိမ်ရှေ့ကို ထွက်လာခဲ့လိုက်သည်။

ညီဇ ဘာအမှားမျှ မကျူးလွန်ခဲ့မိသော ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတွေ အခါခါတင်နေမိကာ ညကောင်းကင်ကြီးကို တိုင်တည်သည့် အနေဖြင့် အားကိုးတကြီး မော့ကြည့်လိုက်သည်။

ကောင်းကင်မှာ ကြယ်တွေ တလက်လက်ဖြင့် တောက်ပနေ၏။ ညီဇေါ်အချစ်တွေ ထိန်းချုပ်နိုင်မှုအပေါ် ကြယ်ကလေးတွေ ချီးကျူးဂုဏ်ပြုနေကြမှာ အမှန်ပါ။

ညီဇ ကျေနပ်စွာဖြင့် ကောင်းကင်ကြီးကို ပြုံးပြလိုက်သည်။

ထိုညလေးကိုတော့ ညီဇ ဘယ်လိုမှ မေ့နိုင်လိမ့်မည်မထင်။

ကိုယ့်အချစ်က ဖြူစင်ပါတယ် မြဝါးရုံ။ မင်း ယုံကြည်စွာ သက်ခံပေးပါ။

■ ■ ■

ဖျူးစတ်ပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

မြဝါးရုံ၏ခြံကလေးထဲ ကားကိုချိုးကွေ့ဝင်လိုက်သည်နှင့် အိမ်ရှေ့ဆင်ဝင်အောက်မှာ ရပ်ထားသော ညီဇေ၏ကားကို မြင်လိုက်သဖြင့် ညီခ ကျွတ်ခနဲ စုတ်သပ်လိုက်သည်။

နာရီကိုကြည့်လိုက်တော့ ခုမှ ခုနစ်နာရီပင် ရှိသေးသည်။ ဒီကောင် စောစောစီးစီး ဘာလာလုပ်တာလဲ။

ညီခ ကားရပ်လိုက်ပြီး ကားမှန်တွေတင်လိုက်သည်။ ပြီးနောက် မြဝါးရုံ စားဖို့ ဝယ်လာသော မုန့်ထုပ်တွေထည့်ထားသည့် လက်ဆွဲအိတ်ကိုယူကာ မြဝါးရုံ ရှိနေသော ခေါင်မိုးပေါ်ရှိ အလုပ်ခန်းလေးဆီသို့ တက်လာလိုက်သည်။

အပေါ်ထပ်ရောက်တော့ အိမ်ခန်းတံခါးက ပိတ်ထားဆဲ။

ညီခ ရင်ထဲတစ်မျိုးကြီး ခံစားလိုက်ရသလို မှုန်းနေသော



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေလည်း တုံ့ဆိုင်းသွားသည်။

ညီဇ ရှိနေလျက်နှင့် ဘာကြောင့် အခန်းတံခါး ပိတ်ထားရသလဲ ဆိုတာ ညီခ မစဉ်းစားတတ်တော့။

လူခေါ်ဘဲလ်ခလုတ်ကို နှိပ်လိုက်သည်။

အထဲမှ ဘာတုံ့ပြန်သံမှ မကြားရ။ တံခါးလည်း လာမဖွင့်။

ညီခ ထပ်နှိပ်သည်။ သုံးလေးခါ နှိပ်သည်။

တော်တော်လေးကြာမှ တံခါးပွင့်လာသည်။ ညီဇ အိပ်မှုန်စုံမွှား ပုံစံဖြင့် ပွရှုပ်နေသော ဆံပင်တွေကို လက်ဖြင့်သပ်တင်ရင်း ညီခကိုမြင် တော့ နှုတ်ခမ်းတစ်ချက် မဲ့လိုက်သည်။

"စောစောစီးစီး ဘာလာလုပ်တာလဲ ညီခ"

မထိမဲ့မြင်နိုင်လွန်းသော ညီဇ၏အမေးကြောင့် မေးရိုးများ ထောင်သည်အထိ အံကိုတစ်ချက်ကြိတ်လိုက်ပြီး ညီဇ၏မခိုးမခန့်ပုံစံကို စေ့စပ်မြို့စွာ ကြည့်လိုက်သည်။

"မင်းကရော ဒီကို ဘာကိစ္စ ရောက်နေရတာလဲ"

ညီခ၏အသံက ဒေါသတွေပြည့်သိပ်ကျစ်လျစ်လျက် ခပ်ဆတ် ဆတ် ဖြစ်နေသည်။

"ငါလား အဟတ် ငါ ညကတည်းက မြဝါးရုံနဲ့အတူရှိနေတာ လေ"

"ဘာ"

"ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



ညီခ လက်သီးတွေက တွေဝေမနေဘဲ ညီဇပါးပေါ်သို့ အရှိန်ပြင်းစွာကျရောက်သွားသဖြင့် ညီဇ အနောက်ဘက်သို့ ယိုင်ထိုးသွားသည်။

"မင်း လူယုတ်မာ"

ညီခ ထိုးလည်းထိုး ပြောလည်းပြောမှ ညီဇကလည်း မခံဘဲ ယိုင်သွားသော ကိုယ်ကို ပြန်ထိန်းရင်း

"ခွပ်"

"အဲဒါ ငါ့ကို ဘလိုင်းကြီး လာထိုးတဲ့အတွက် တန်ပြန်လက်သီး"

ဒီတစ်ခါ ခံရသူက ညီခ။

"ငါ ဘာကြောင့် ဒီကို ညကတည်းက ရောက်နေရသလဲဆိုတာကို အရင်မေးပြီးမှ ပြောကွ"

ညီခ ထူပူသွားသော ပါးတစ်ဖက်ကို ပွတ်ရင်း ဆိုဖာခုံပေါ်မှာ ပုံပုံလေး အိပ်နေသော မြဝါးရုံ၏ပုံစံဖျော့ဖျော့လေးကို မြင်သွားသည်။

"မြဝါး မြဝါးရုံ ဘာဖြစ်လို့လဲ"

ညီခအမေးနှင့်အတူ အိပ်ပျော်နေသော မြဝါးရုံနားသို့ လျှောက်သွားသည်။

"မနိုးနဲ့ဟေ့ကောင်၊ မြဝါး နေမကောင်းဘူး"

"ဟင် ဒါ ဒါဆို ညက မင်း ငါ့ဆီ ဖုန်းဆက်ပြီး နေမကောင်းတဲ့သူငယ်ချင်းအတွက် ဆေးညွှန်းတောင်းတာ မြဝါးရုံအတွက်ပေါ့"

"ဟုတ်တယ်"

ညီဇ ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်ဟန်ပါပါထည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမမှုသလို ဖြေလိုက်သည်။

"ဒါ ဒါဆိုလည်း ငါ့ကို ခေါ်ပါလားကွ၊ မင်း ဘာလို့အကြံအဖန် လုပ်လဲ"

"အဟတ် ဒါကတော့ ရှင်းပါတယ်၊ မြဝါးက ငါ့ကို မုန်းနေတာ၊ ဒါကြောင့် သူ ငါ့ကို အမြင်ကြည်လင်လာအောင် ဖျားနေတဲ့သူ့အနားမှာ တစ်ညလုံး ပြုစုပေးခဲ့တာ"

မြဝါး ညီခနှင့် ညီဇ အခြေအတင် ပြောနေကြသော အသံတွေကြောင့် မျက်ခွံလေး လှုးလွန့်လာသည်။

"အား ကျွတ် ကျွတ်"

ခေါင်းတစ်ခုလုံး အုံခဲနေသောကြောင့် နားထင်ကို လက်ညှိုးဖြင့် အသာထောက်ကာ လှဲအိပ်နေရာမှ ခပ်ဖြည်းဖြည်း ထလိုက်သည်။

"ဟင် ရှင်တို့နှစ်ယောက်စလုံး စောစောစီးစီး ရောက်နေကြပါလား"

ဖျော့တော့သော အသံကြောင့် ညီခရော ညီဇပါ မြဝါးရှိကို သည့်ကြည့်လိုက်ကြသည်။

ချက်ချင်းဆိုသလို သူတို့ပုံစံတွေ ပျာယာခတ်သွားကြသည်။

"မြဝါး သက်သာရဲ့လား"

"မြဝါး အရမ်းဖျားနေတာ ကိုယ် မသိလိုက်ဘူး၊ ဆောရီး မြဝါးရယ်"

နှစ်ယောက်စလုံး မြဝါးနားသို့ တိုးကပ်သွားကာ အလုပ်အယက်

www.burmeseclassic.com



စကားပြောကြသည်။

ညီခ မြဝါးရှဲ၏လက်ကိုယူပြီး သွေးခုန်နှုန်းစမ်းလိုက်သည်။

"အဖျားကျန်သေးတယ်"

"ဟုတ်မယ်ထင်တယ် ကျွန်မ ခေါင်းတွေ လုံးဝ မထူချင်ဘူး မေမေ မေမေရော"

မြဝါး မိခင်ကို အားကိုးတကြီးဖြင့် မေးလိုက်သည်။

မြဝါး စိတ်ထဲမှာ ညက သူ့ကို ပြုစုတာ မိခင်ဟုပဲ ကယောင်ကတမ်း တွေးထင်ထားပုံရ၏။

ညီခနှင့်ညီဇ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

မဖြစ်မနေ သိရမည့်ကိစ္စမို့ ညီဇ လိမ်မထားချင်။

"အန်တီမေက အိမ်မှာလေ၊ ညက မြဝါး အိမ်ပြန်မလာလို့ ကိုယ်စိတ်ပူပြီး ရောက်လာတာ မှန်သွားတယ်၊ ကိုယ်ရောက်တော့ မြဝါး ကိုယ်တွေတအားပူပြီး အဖျားကြီးနေလို့ ကိုယ် မြဝါးဘေးမှာ တစ်ညလုံး စောင့်ရှောက်ခဲ့ရတာ"

"ဟင် ဒါ ဒါဆို ညက ကျွန်မကို ဒီ ဒီအဝတ်အစားတွေ လဲ လဲပေးတာ ရှင်ပေါ့"

ဖြူဖျော့နေသော မျက်နှာမှာ ချက်ချင်း ရှက်ရိပ်လွှမ်းသွားသဖြင့် ပန်းရောင် သမ်းသွားသည်။

မြဝါးရဲ့ ဒူးခေါင်းပေါ် မျက်နှာအပ်ရင်း တသိမ့်သိမ့် ရှိုက်ငိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ညီခ ညီဇ လက်ကို ဖျတ်ခနဲ ဆွဲပြီး အိမ်အပြင်သို့ ထွက်လာလိုက်၏။

"ဟော့ကောင် ဘာဖြစ်လို့ ငါ့ကို ဆွဲခေါ်လာရတာလဲ"

ညီဇ ဂွတ်ဆတ်ဆတ်ဖြင့် မေးလိုက်သည်။

"မင်းကို ငါ ညက ကိုယ်ပူတာအားကြီးရင် ဒုံးကျည်ထည့်လို့ ပြောလိုက်တယ် မဟုတ်လား"

"အေး ပြောလိုက်တယ်လေ"

"ဒါဆို မင်း မင်း အဲဒီလို လုပ်လိုက်သေးလား"

ညီခ အတော်လေး သွေးပျက်စွာ မေးလိုက်သည်။ ညီခ အမေးကို ဖြေရန် ညီဇ စကားစလိုက်ပြီးမှ တစ်စုံတစ်ခုသော အကြံက အာရုံထဲသို့ လှစ်ခနဲ တိုးဝင်လာသည်။

"အေး လုပ် လုပ်လိုက်တာပေါ့ကွ ညက မြဝါး ကိုယ်ပူမှမကျတာ၊ ငါလည်း အရမ်းစိုးရိမ်သွားပြီး မင်းပြောသလို အဟဲ ဒုံး ဒုံးကျည်ထည့်လိုက်တယ်၊ သိပ်မကြာဘူး ချွေးတွေပါ ရွှဲနစ်လာလို့ အင်္ကျီတွေပါ ချွတ်လဲပေးလိုက်တယ်လေ"

မထိတထိ ပြောနေသော ညီဇ၏စကားတွေကို နားမခံနိုင်စွာဖြင့် ညီခ မျက်လုံးတွေကို စုံမှိတ်ကာ လွတ်ထွက်သွားမတတ်ဖြစ်နေသော အသိတွေကို ငြိမ်အောင်ပြန်လည် စုစည်းလိုက်သည်။

ရင်ထဲမှာ ဖော်မပြနိုင်လောက်သော ဆုံးရှုံးမှုကြီးတစ်ခုကို ရင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လိုက်ရသလို လူက အလိုလို အနောဂတ်ပျောက်သွား၏။

ကိုယ် သိပ်မြတ်နိုးသည့် ချစ်ရသူလေးကို ကိုယ်မဟုတ်တဲ့ တခြားတစ်ယောက်က ဆရာဝန်မဟုတ်ပါဘဲနှင့် တစ်ညလုံး အရင်းနှီးဆုံး အပွင့်လင်းဆုံး နှစ်ကိုယ်ကြား ပြုစုနေတယ်ဆိုသည့် အဖြစ်ဆိုးကြီးဟာ ညီခဲအတွက်တော့ ကမ္ဘာကြီးပြိုသွားသလို ခံစားလိုက်ရသည်။

"မင်းဘာဖြစ်နေတာလဲ ညီခ၊ ဆရာဝန်တစ်ယောက်ဖြစ်ပြီး စေတနာနဲ့ပြုစုတဲ့ ငါ့အပေါ် အဲဒီလောက်ထိ ဂျေဝင်စရာ လိုလို့လား၊ မင်းလည်း ငါ့နေရာမှာဆိုရင် ဒီလိုနည်းနဲ့ပဲ ပြုစုမှာမဟုတ်လား"

ညီဇ ပြောနေတာတွေအားလုံး ညီခ မကြားတစ်ချက် ကြား တစ်ချက်။ အမြင်အာရုံထဲမှာ မမြင်သင့်မမြင်အပ်တာတွေ ထပ်ခါတလဲလဲ ပေါ်နေတာကြီးကိုက ညီခ၏စိတ်အာရုံတွေ အဆိပ်ခပ်ခံလိုက်ရသလို သွေးရူးသွေးတန်း နာကျင်လွန်းနေသလို ရင်ဘတ်ထဲက နှလုံးသား အစိတ်အပိုင်းတစ်ခုကို ကျားဆိုးတစ်ကောင် လက်သည်းနှင့် အကြိမ် ပေါင်းများစွာ လာရောက်ကုတ်ခြစ်နေသလိုမျိုး ခံစားနေရသည်။

ထို့နောက် ညီဇရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့၏။ သူ ဦးတည် သော ခြေလှမ်းတွေက မြဝါးရုံဆီသို့ မဟုတ်။ ကားဆီသို့ ဖြစ်သည်။

ညီဇ တမင်ကလိလိုက်ရ၍ စိတ်ထဲမှာနေသာထိုင်သာ ရှိနေ သည်။ ထို့နောက် ကျေနပ်စွာ ပြုံးလိုက်ပြီး မြဝါးရုံရှိရာသို့ ပြန်လျှောက် အလာ အပေါက်ဝနားအရောက်

"ဖြန်း"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း မြဝါးရုံ၏လက်ချက်ကြောင့် ညီဇော်ပါး ပူခနဲ ဖြစ်သွားပြန်သည်။

ညီဇောတစ်သက် မြဝါးရုံ၏ပါးရိုက်သည့်လက်သံကို ဘယ်နှကြိမ် မြောက် ခံစားရဦးမည် မသိ။

သို့သော် နှလုံးသားကတော့ နင့်နင့်နဲနဲကို ကျေနပ်ပါ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"အမလေး သမီးရယ် ဒီလောက်ဖျားနေတာများ မေမေ့ကို ချက်ချင်း ဖုန်းဆက်ပေါ့ကွယ်၊ သမီးဒယ်ဒီရော မေမေရော ညတွင်းချင်း သမီးဆီ လာမှာပေါ့ကွယ်"

ဝမ်းနည်းလှိုက်ဖိုသံကြီးဖြင့် ပြောနေသော မေမေ့ကို ကြည့်ပြီး မြဝါး ခပ်ဖျော့ဖျော့ ပြုံးသည်။

"ဟုတ်သားပဲ သမီးရယ်၊ ခုမှ သိရတာတောင် ရင်ထဲမကောင်းဘူး၊ ငါ့သမီးလေး ညက တစ်ယောက်ထဲ အဖျားတွေတက်ပြီး အားငယ်နေရှာမှာပေါ့"

ဦးညီထူးသံကပါ မြဝါးရဲ့အတွက် စိုးရိမ်တကြီး ဝင်ပြောပေး၍ မြဝါး ရင်ထဲမှာ ဖခင်တစ်ယောက်၏မေတ္တာကို အစားပြန်ရလိုက်သလို ရင်ထဲမှာ ပီတိလှိုင်းငယ်လေး ဖြစ်ထွန်းသွားရ၏။

"ဒယ်ဒီတို့ကို အားနာလို့ မြဝါး ဖုန်းဆက်မခေါ်ခဲ့တာပါ၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အဖျားအရမ်းတက်လာလိမ့်မယ်လို့ မထင်ဘူးလေ"

မြဝါး ဖြေရှင်းချက်ထုတ်နေရင်းမှ ခပ်လှမ်းလှမ်းမှ ထိုင်နေသော ညီဇကို စိတ်မလုံစွာ လှမ်းကြည့်လိုက်သည်။ ညက အဖြစ်အပျက်ကိုတော့ မြဝါး ကိုယ့်အရှက်တရားအတွက် မေမေနှင့်ဒယ်ဒီ့ကို ပေးမသိစေချင်တော့။

ညီဇ အခွင့်အရေးကို လက်လွှတ်မခံ။ အကြည့်ချင်း တဒင်္ဂဆုံမိသည်နှင့် ဖျတ်ခနဲ မျက်လုံးတစ်ချက် မှိတ်ပြလိုက်သေးသည်။

မြဝါး၏ မသိမသာ မျက်စောင်းချိုလိုက်သည်။

စိတ်ထဲမှာလည်း အခွင့်အရေးသမား လူယုတ်မာဟု ပစ်ပစ်နစ်နစ်ကို ဝေဖန်လိုက်သည်။

"မေမေရော သမီးရဲ့ဒယ်ဒီရော သမီးရဲ့နောင်ရေး စိတ်အေးရအောင် တိုင်ပင်ထားတာ တစ်ခုရှိတယ် သမီး"

ညီဇကို အတွေးတွေဖြင့် မှန်းနေတုန်း မေမေ့စကားကြောင့် မြဝါး၏ မျက်နှာပေါ်မှာ ကလယ်ကလယ်ဖြင့် ပြောလာမည့် စကားကို စောင့်နေလိုက်သည်။

မေမေ ပြောမည့်စကားကို ချက်ချင်း မပြောသေးဘဲ မြဝါး၏ မျက်နှာပေါ်မှာ ဖြတ်ပြေးနေသော အရိပ်တွေကို သတိထား အကဲခတ်နေသည်။

"ဘာကို တိုင်ပင်တာလဲ မေမေ"

"သမီးကို အိမ်ထောင်ချပေးမလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

မြဝါး ငိုင်ကျသွားသည်။ ထင်မှတ်မထားသော စကားမျိုးဖြစ်နေ၍ အသိစိတ်က နေသားတကျ ဖြစ်အောင် လက်မခံချင်သေး။ ငြင်းဆန်ဖို့ စကားစကို အလျင်အမြန် ရှာလိုက်သည်။

"ဟုတ်တယ် သမီး ဒယ်ဒီတို့ကတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်ချင်တယ်၊ ဒါကြောင့် သမီးကို ဒယ်ဒီ့သားနှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ လက်ထပ်ပေးချင်တယ်"

"ဟို မြဝါး အိမ်ထောင်ပြုဖို့ စောပါသေးတယ် ဒယ်ဒီရယ်"

"မစောတော့ဘူးလေ သမီးရယ်၊ မိဘက ကောင်းစေချင်လို့ စီစဉ်တာကို စောဒက ထပ်မတက်ပါနဲ့ကွယ်၊ မေမေ့သမီးလေးက လိမ္မာပါတယ်"

"ဒယ်ဒီတို့ အတင်းအကျပ်ကြီး မစီမံပါဘူးကွယ်၊ ဒါပေမဲ့ သမီးကို စဉ်းစားစေချင်တယ်"

"ဟုတ်ကဲ့ မြဝါး စဉ်းစားပါရစေဦး ဒယ်ဒီ"

မြဝါး စဉ်းစားခွင့်တောင်းနေရင်းမှ အာရုံထိုက် နားစွင့်နေသော ညီဇထံ အကြည့်ရောက်သွားသည်။ ထို့နောက် မျက်နှာကို တည်တင်းတင်းလေး လုပ်လိုက်ရင်း

"တကယ်လို့ ဒယ်ဒီတို့ စီစဉ်တာကို မြဝါး လက်ခံခေါင်းညိတ်ခဲ့မယ်ဆိုရင်တောင် မြဝါး လက်ထပ်မယ့်သူက ညီဇ လုံးဝ မဖြစ်နိုင်ဘူး ဒယ်ဒီ၊ သမီး သူ့ကို မုန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ညီဇ မျက်နှာပေါ်မှာ မျှော်လစင့်ချက်တွေ ပြိုဆင်းသွားသည်။

ပြီးနောက် ထိုင်ရာမှ ဆတ်ခနဲ ထကာ ညှော်ခန်းထဲမှ ထွက်သွားသည်။

မျှော်လင့်ချက်မဲ့ကာ မျက်နှာကြီး ရှုံ့မဲ့သွားသော ညီဇ၏ နောက်ကျောကို လှမ်းကြည့်ပြီး မြဝါးရုံ စိတ်ထဲမှာ ကျေနပ်နေသည်။

ညီဇကို မြဝါးရုံက စိတ်ဆင်းရဲစေချင်တာ ဘာဖြစ်လို့လည်းဆိုတော့ မြဝါး သူ့ကို ရေရေလည်လည် မုန်းနေတာလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"ကွန်ဂရက်ကျူလေးရှင်း ညီခ"

"ဟင်"

ညီခ အံ့ဩသွားသည်။ ဘာကြောင့် လက်ဆွဲနှုတ်ဆက်ပြီး ကွန်ဂရက်ကျူးလေးရှင်း လုပ်နေရတာလဲ။

"ဒီပြိုင်ပွဲမှာ မင်းနိုင်တယ် ညီခ၊ တကယ်တမ်း မြဝါးရုံရဲ့ နှလုံးသားကို ရလိုက်တဲ့သူက မင်းပါ"

"ဘယ်လို ငါက မြဝါးရုံရဲ့နှလုံးသားကို ရလိုက်တယ်ဟုတ်လား ငါက မြဝါးရုံရဲ့ နှလုံးသားကို ရလိုက်တယ်ဆိုရင် မင်းကတော့ မြဝါးရုံရဲ့ ခန္ဓာကိုယ်နဲ့ အသွေးအသားကို ရလိုက်တဲ့သူပေါ့"

ညီခထံမှ မထင်မှတ်ဘဲ ကြားလိုက်ရသော စကားကြောင့် ညီဇ အကြည့်တွေ ညီခဆီသို့ ဖျတ်ခနဲ ရောက်လာသည်။ ဒါ ဘာ အဓိပ္ပာယ်လဲ၊ ဒီလို စကားမျိုး ညီခနှုတ်မှ ဘာကြောင့် ပြောထွက်ရက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာလဲ။

ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ဒီလို အဆီပ်ပြင်းတဲ့ ထိုးနှက်ချက်တွေနှင့် တစ်စစီ ဖွဲ့ခွေနေသော ညီခကို ညီဇ ကျေမနပ် စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

"မင်း စကားတွေက ဘောင်လွတ်နေပြီ ညီဇ၊ မင်းပြောတော့ မြဝါးရုံကို ချစ်တယ်ဆို ငါ့နေရာမှာ မင်းဆိုရင်လည်း ခုလိုပဲ ကူညီမှာပဲ ဟုတ်လား၊ မင်းမှာ ဆရာဝန်ဖြစ်နေတဲ့အတွက် ပိုပြီးတော့တောင် အသိစိတ်.စာနာစိတ်ရှိရဦးမယ်လေ၊ ခုလို ငါ့ကို မကျေလည်တဲ့စကားတွေ ပြောနေလို့ မင်းတန်ဖိုး ဘယ်လောက်တက်သွားလဲ""

ညီဇ အသံတွေ မာရေကြောရေ နိုင်နေသည်။

"ဖျားနေတဲ့သူဟာ မြဝါးရုံပါလို့ အမှန်အတိုင်း ဖွင့်မပြောဘဲ အခြားသူငယ်ချင်းတစ်ယောက်အနေနဲ့ လွှဲပြီး ပြောခဲ့တဲ့ မင်းကရော အခြေအနေပေါ်မှာ ဘယ်လောက် ရိုးသားခဲ့သလဲ"

"ငါက ငါ့လိပ်ပြာ ငါ သန့်တယ်ကွ"

"မင်းသန့်တယ်လို့ လောကကြီးကြားအောင် အော်ပြောလည်း ငါကတော့ မင်းရဲ့ညစ်စုတ်တဲ့ စိတ်ကြီးကို ဘယ်တော့မှ အထင်မကြီးဘူး။ ငါတော့ မြဝါးရုံကို ငါ ချစ်နေပေမယ့်လည်း အဲဒီအချစ်တွေကို ငါ့ရင်ထဲမှာ သူမသိသူမသိ တိတ်တိတ်လေး ဝှက်ထားတော့မယ်၊ သူများခွေပြီးသား နှင်းတစ်ပွင့်ကို အမြတ်တနိုး ကောက်ယူမွှေးရလောက်အောင် ငါက



www.burmeseclassic.com

www.burmeseclassic.com



ခပ်နုံနုံ ယောကျ်ားတစ်ယောက် မဟုတ်ဘူး၊ ငါ့နှလုံးသားကို ငါ ပြန်စတေးလိုက်မယ် နားလည်လား''

ညီခ၏စကားကြောင့် ညီဇ စိတ်ပျက်စွာဖြင့် ခေါင်းကို ခါရမ်းလိုက်သည်။ ပြီးနောက် ညီအစ်ကိုနှစ်ယောက်ကြားမှာ အတန်ကြာ တိတ်ဆိတ်သွားသည်။

ညီဇ ရင်ထဲမှာ အရာရာကို ဆုံးရှုံးလိုက်ရပြီဟူသော ခံစားချက်ကြီးက နှလုံးသားနံရံကို ဓားဖြင့် အကြိမ်ကြိမ် လှာရောက်ထိုးခွင်နေသလိုမျိုး ခံရခက်လှ၏။

ညက ဖုန်းထဲမှာ ပြောသော မြဝါးရုံ၏ စကားသံတွေကိုသာ နှလုံးသားတွေ အကျွမ်းလွန်ပြီး အကြိမ်ကြိမ်ပြန်လည် ကြားယောင်နေမိသည်။

''ကျွန်မအပေါ် နားလည်ပေးပါ ညီခရယ်၊ တကယ်တော့ ကျွန်မ နှလုံးသားထဲမှာ တိတ်တိတ်လေး ခိုဝင်နေခဲ့တာ ညီခ မဟုတ်ခဲ့ဘူး။ ကျွန်မ အရမ်းမုန်းတယ်လို့ ယူဆထားတဲ့ ညီဇဖြစ်နေတယ်၊ ကျွန်မအသိစိတ်က ကျွန်မ နှလုံးသားခံစားချက်ကို အကြိမ်ကြိမ် တားမြစ်ပါတယ်၊ ဒါပေမဲ့ ချစ်မိသွားမှတော့ ကျွန်မ ဘာများတတ်နိုင်ဦးမှာလဲ''

အသံတွေက နားထဲမှာ ပဲ့တင်ထပ်နေဆဲ။ ရင်ထဲက နာကျင်ခံရခက်လွန်းသော ဝေဒနာတွေ ပျောက်ပျက်သွားအောင် ကမ္ဘာပြင်ဘက်သို့ ခုန်ထွက်လို့ရမည်ဆိုလျှင် ခုန်ထွက်လိုက်ချင်ပါ၏။

ဒီတော့ ကိုယ့်ဘက်က ဟန်လုပ်ပြီး မြဝါးရုံနှင့် ညီဇအား



www.burmeseclassic.com

www.burmeseclassic.com



သံသယဝင်၍ အချစ်တွေ ပြန်ရုပ်သိမ်းသည့်အနေအထားတစ်ခုကို အား ချင်း ဖန်တီးလိုက်ရခြင်း ဖြစ်သည်။

ညီခ၏ စိတ်ရင်းအမှန်သာဆို မြဝါးရုံမှာ ဘယ်လိုပြစ်ချက်မျိုး ရှိနေပါစေ ဘယ်လိုပဲ အခြွေအရူးခံပြီး နင်းချေခံရပါစေ ရင်ထဲက အချစ်တွေက ပျောက်ပျက်သွားမှာမှ မဟုတ်တာ။

ခုတော့ မြဝါးရုံ ကိုယ်တိုင်က မိတ်ဆွေသူငယ်ချင်းလိုပဲ ဆက် ဆံကြပါစို့လို့ ဖွင့်ဟလာတော့ ညီခ လက်ခံလိုက်ရုံကလွဲပြီး ဘာများ ဆေဒက တက်ခွင့်ရှိဦးမှာလဲ။

သို့သော် ကိုယ် တိတ်တဆိတ် ရှုံးနိမ့်ခဲ့ရခြင်းကိုတော့ ညီခ အသိ မလိုအပ်။ ထို့ကြောင့် အငြင်းခံလိုက်ရတဲ့ ကိုယ့်အဖြစ်ကို ကိုယ့်ရင် ထဲမှာပဲ ထာဝရ လုံခြုံအောင် သိမ်းထားလိုက်ရုံပေါ့။

လူတစ်ယောက် ဘဝတွင် တစ်ကြိမ် အချစ်ကြောင့် ရှုံးသွပ်ခွင့် ကြေးဆိုလျှင် ယခု တန်ဖိုးကြီးစွာ ပေးဆပ်ရှုံးသွပ်ခဲ့ရဖူးပြီဟု အနာဂတ် ရှိ ရှိုးသားစွာ ဝန်ခံရပေဦးတော့မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

မျက်နှာကို ချီတင်းနေသော မြဝါးရုံရှေ့မှာ မားမားရပ်လိုက်ပြီး ဘာကြောင့်များ ကိုယ့်ကို အထင်သေး ရှုတ်ချသွားတဲ့ ယောကျ်ားတစ်ယောက်ကိုမှ ရွေးချယ်ရသလဲဟု စိတ်ထဲရှိသည့်အတိုင်း အော်ဟစ်ငေါက်ငမ်းလိုက်ချင်ပါ၏။

"ရှင် ကျွန်မရှေ့ကို ဘာလို့ ထပ်ပေါ်လာတာလဲ ညီဇ၊ ကျွန်မ ရှင့်ကို မရွေးချယ်တော့ဘူးလေ"

"မင်း ရွေးချယ်လိုက်တဲ့ ညီခကရော မင်းကို ဘယ်လောက် အထိပဲ တန်ဖိုးထားသလဲဆိုတာ သိလား မြဝါး"

ညီဇ ထိုမျှအထိပဲ ပြောနိုင်သည်။ ဒီထက်ပိုပြော၍ မဖြစ်။ ညီခ ပြောခဲ့သည့်အတိုင်း မြဝါးရုံကို ခရေစေ့တွင်းကျ ပြောလိုက်လျှင် မြဝါးရုံ စိတ်ထိခိုက်ခံစားသွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြဝါးရုံ ရှက်ရွံ့သိမ်ငယ်ပြီး သူ့ကိုယ်သူ ယုံကြည်မှု ကင်းမဲ့သွားသည့်အဖြစ်မျိုးကို ညီဇ မလိုလား။ ထိုညက မြဝါးအပေါ် အရိုးသားဆုံး ရစိုက်မှုတွေ ပေးခဲ့သည်ဆိုတာကို ညီဇကလွဲပြီး မည်သူကများ ပိုသိနိုင်မည်လဲ။ သို့သော် သွေးရူးသွေးတန်း လိုက်ရှင်းပြနေဖို့ မလို။

ညီဇ အာရုံစိုက်ရမည်က မြဝါးရုံကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းနိုင်မည့် နည်းလမ်းအသစ်ကိုသာ စဉ်းစားရပေတော့မည်။

ထို့နောက် ညီဇ အသက်ကို ပင့်ရှူကာ

"ကိုယ် မင်းကို ချစ်တယ်၊ ကိုယ့်ဘဝမှာ ဘယ်လို အရာနဲ့မှ အစားထိုးလို့ မရနိုင်အောင်ကို မင်းကိုချစ်တယ်၊ ညီခဆီကို ရောက်နေတဲ့ မင်းရဲ့နှလုံးသားကို ကိုယ် အရပြန်ယူမယ် မြဝါးရုံ၊ အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ် တရားနည်းလမ်းကျတယ်လို့ ကိုယ် ခံယူထားတယ်"

ညီဇ၏ ခိုင်မာဆုံးသော စကားတွေကြောင့် မြဝါးရုံ မြက်ခင်းပေါ်ရှိ ခုံတန်းပေါ်မှာ ထိုင်နေရင်းဖြင့် ညီဇကို စူးစူးဝါးဝါး မော့ကြည့်ပြီး ဖျတ်ခနဲ ထလိုက်သည်။

"လဲသေလိုက် ညီဇ၊ ကျွန်မကတော့ ရှင်ကို မုန်းတယ်"

ပြောပြီး ချာခနဲ လှည့်သွားသော မြဝါး၏ ခြေသံခပ်ပြင်းပြင်းက ညီဇကို လှောင်ပြောင်ကျီစယ်သွားသလို ခံစားလိုက်ရသည်။

ည အမှောင်၏ တိတ်ဆိတ်ငြိမ်သက်ခြင်းထဲတွင် ညီဇ၏ စိတ်လှုပ်ရှားသံက ကျယ်လောင်စွာ မြည်ဟီးနေသည်ဟု ထင်သည်။

ဖြန့်ကျက်၍ ကျနေသော လရောင်ဖျော့ဖျော့က ကိုယ့်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ရဲဆေးတင်နေသော ညီဇော်စိတ်ကူးတွေကို ဝိုင်းဝန်းစဉ်းစားပေးနေသလို တလက်လက် တောက်နေသော ဟိုတစ်စု သည်တစ်စု ကြယ်ကလေးတွေက အားပေးတယ် ဆက်လုပ်လို့ ပြောနေကြသယောင်။

ပူလောင်နေသော ရင်ထဲက အပူသောကမီးကို လေပြည်တို့က အအေးဓာတ်တွေဖြင့် ဖြန့်ကျက်ပေး၏။

ကိုယ် ဆုံးဖြတ်လိုက်ပြီ မြဝါးရုံ။

မင်းကို ကိုယ် နိုးပြေးမယ်။

ညီခ မသန့်ရှင်းဘူးလို့ ထင်ထားသည့် ပန်းတစ်ပွင့်ဟာ ကိုယ့်အတွက်တော့ သိပ်ကို သန့်ရှင်းတယ်။

လောကမှာ အဖြူစင်အသန့်ရှင်းဆုံး မိန်းကလေးဟာ မင်းပဲ မြဝါးရုံ။

ပြီးရင် ကိုယ်ဟာ မင်းအရှေ့မှာ အခိုင်အမာ ရပ်တည်ပြီး ကိုယ့်အချစ်တွေကို ရာသက်ပန် ပေးဆပ်သွားမယ်။

မင်းယူချင်ချင် မယူချင်ချင်ပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"အန်တီမေ အခြေအနေ ဘယ်လိုရှိလဲ၊ ကျွန်တော် လှုပ်ရှားလို့ ရပြီလား"

"အေး မင်းဒယ်ဒီရော အန်တီမေရော အားလုံး စီစဉ်ပြီးသွား ပြီ၊ ဒီနေ့ သူ့အလုပ်ကို မင်းကားနဲ့ မလွှဲမသွေ သွားဖြစ်မှာပါ"

"ကျေးဇူးတင်ပါတယ် အန်တီမေ"

ညီဇ အန်တီမေ့ကို ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်ကာ ကျေးဇူးတင်စကားဆိုလိုက်သည်။

ထိုစဉ် မြဝါးရုံ အလုပ်သွားရန် ပြင်ဆင်ပြီး တိုက်ထဲမှ ခပ်ကြော့ကြော့လေး ထွက်လာသည်။

မိခင်ဖြစ်သူနှင့် ညီဇ စကားပြောနေသဖြင့် မျက်နှာလေး ရှုံ့ ထားကာ ညီဇကို မျက်စောင်းလှမ်းထိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ သမီးရေ ခုပဲ သမီး အလုပ်သွားဖို့ကိစ္စ ညီဇော်ကို အကူအညီတောင်းနေတာ"

"ရှင် ဘာဖြစ်လို့လဲ မေမေ"

"ဒီနေ့ သမီး ဒယ်ဒီကားကို ဝပ်ရှော့ ခဏအပ်ထားတယ်လေ ဒါကြောင့် သမီးကားကို ခဏယူသုံးမယ်လို့ မေမေ့ကို ပြောထားတယ်"

"ဪ ယူသုံးလေ ရတယ် မေမေ၊ သမီး တက္ကစီနဲ့သွားလိုက်မယ်လေ"

"တက္ကစီနဲ့သွားစရာမလိုပါဘူး ညီဇနဲ့ လိုက်သွားလိုက်လေ သူ သမီးကို ဝင်ပို့ပေးလိမ့်မယ်၊ ခုပဲ မေမေ ပြောနေတာ"

"ရတယ် မေမေ သမီး သူ့ကား မစီးချင်ဘူး"

မြဝါး သူ့ကားမစီးချင်ဘူးဆို၍ ညီဇ မျက်နှာငယ်ဖြင့် မြဝါးကို ကြည့်သည်။ မြဝါး တမင်မမြင်ချင်ဟန်ဆောင်ပြီး မျက်နှာလွှဲလိုက်သည်

"သမီးရယ် မေမေ့ကို စောစောစီးစီး ဂျစ်မတိုက်စမ်းပါနဲ့ သမီး အဲဒီလို လုပ်နေရင် မေမေ ဘယ်လောက်တောင် အနေခက်ရလဲ ကွယ်"

"ဟုတ်ပါတယ် မြဝါးရယ် ကိုယ် မြဝါးစိတ်အနှောင့်အယှက် ဖြစ်စေမယ့် စကားမျိုး လမ်းတောက်လျှောက် လုံးဝ မပြောပါဘူး"

"ကဲပါ သမီးရယ်၊ ညီဇ ဒီလောက် တောင်းတောင်းပန်းပန်း ပြောနေတာကို လက်ခံလိုက်ပါကွယ်၊ သူကလည်း ဒီနေ့ အလုပ်ကိစ္စ တွေများနေလို့ နို့မို့ဆို သူ့ဒယ်ဒီက သူ့ကားကို ယူသွားတယ်၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



ကားက ဟိုရောက်ရင် တစ်ချိန်လုံး ရပ်ထားရမယ့်အတူတူဆိုပြီး သမီးရဲ့ ကားကို ခဏ ယူသုံးတာပါကွယ်''

ရှည်ရှည်ဝေးဝေး ရှင်းပြနေသော မေမေ့ကိုကြည့်ပြီး မြဝါး သနားသွားသည့်ဟန်ဖြင့် သက်ပြင်းခပ်ဖျော့ဖျော့ချပြီး

"အင်းလေ ဒါဆိုလည်း သူ့ကားနဲ့ပဲ လိုက်သွားတော့မယ်"

"အေး ဒီလိုမှပေါ့ သမီးရယ်၊ မေ့သမီးလေးက လိမ္မာပြီးသားပဲ ဟာ"

မေမေ ကျေနပ်စွာဖြင့် မြဝါး၏ကျောကုန်းလေးကို အသာပွတ်ပြီး ညီဇ၏ကားတံခါး ဖွင့်လိုက်သည်။

"ကဲ ဝင် သမီး၊ ညနေ စောစောပြန်ခဲ့နော်၊ မီသားစုတွေ ထမင်းလက်ဆုံ မစားဖြစ်တာ ကြာပြီ၊ မောင်ညီခလည်း လာလိမ့်မယ်"

"ပြန်လာမယ် မေမေ ဒီနေ့ သမီးနဲ့ညီခနဲ့ အနာဂတ်အရေး ကိစ္စတွေ တိုင်ပင်ရဦးမယ်လေ"

မျက်ဝန်းလေး ထောင့်ကပ်လျက် ညီဇရှေ့မှာ မခံချင်အောင် ပြောလိုက်သည်။ အမှန်တော့ ညီခကို ပြောစရာဘာအကြောင်းကိစ္စမှ မရှိတော့။

ညီဇ မြဝါးရဲ့ ပြောနေသည်ကို တမင်ပင် မကြားဟန်ပြုကာ ကားထဲဝင်ထိုင်ပြီး ကားစက်နှိုးလိုက်သည်။

မြဝါး ကားထဲသို့ ခပ်ဆောင့်ဆောင့်လေး ဝင်ထိုင်လိုက်သည်။

ညီဇ ကလေးဆန်လွန်းသော မြဝါးရဲ့၏ပုံစံလေးတွေကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်သည်။

ကားကို ခြံဝင်းထဲထွက်ပြီး တော်တော်လေး ဝေးသည်အထိ ညီဇ နှုတ်ဆိတ်နေသည်။ မြဝါးလည်း လမ်းဘေးတွေကိုသာ အာရုံစိုက်ကြည့်ပြီး ညီဇကို မျက်နှာလွှဲလာသည်။

ညီဇ သွားနေသော လမ်းကြောင်းက မြဝါးရုံ ယခင်သွားနေကျ လမ်းကြောင်း မဟုတ်သည်ကို သတိထားမိသွားသည်။

"ဟော့ ရှင့် ဘယ်လမ်းက မောင်းနေတာလဲ"

ကားက ဘောက်ထော်လမ်းကိုတောင် ကျော်လွန်၍ သဃ်န်းကျွန်းဘက်သို့ ဦးတည်နေသည်။

"ကိုယ် မင်းကို ခိုးပြေးလာတာ မြဝါးရုံ"

"ဘာ"

မြဝါး၏အသံတွေ ကျယ်လောင်စူးရှသွားသည်။

"ဟုတ်တယ် ကိုယ် မင်းကို လုံးဝဆုံးရှုံးမခံနိုင်ဘူး။ မင်းဘဝ ကြင်ဖော်ကို ညီဇကို မရွေးချယ်ပဲနဲ့ ကိုယ့်ကို ရွေးချယ်လိုက်တာဟာ မင်းဘဝကို အကြင်နာမေတ္တာတွေနဲ့ ထာဝရ ထုံမွှမ်းစေမှာ"

"အဲဒီမှာ လဲသေလိုက် ညီဇ၊ ကျွန်မ ရှင့်ကိုမုန်းတယ် သိလား"

မြဝါးရုံ တသိမ့်သိမ့် ရှိုက်ငိုသည်။

ညီဇ ရင်ထဲမှာ နာကျင်တင်းကြပ်နေသည်။ ကိုယ်ပေးတဲ့ အချစ်စစ်ကို ဘာကြောင့်များ ခါးသီးငြင်းဆန်နေရတာလဲ။

"ရှင် ကားရပ်လိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မရပ်ဘူး"

ကားက တဖြည်းဖြည်းနှင့် သံလမ်း ဂုံးကျော်တံတားပေါ်သို့ အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်လာသည်။

"ဒါဆို ကျွန်မ ခုန်ချလိုက်ရမလား"

မြဝါး၏ ကားတံခါးကို ဆွဲဖွင့်တော့မည့်ဟန်ဖြင့် ခြိမ်းခြောက်သည်။

"မင်း ခုန်ဆင်းရင် ကိုယ်ကလည်း ကားကို ဒီတံတားအောက်ကို ထိုးချလိုက်မယ်၊ ဒါဆိုရင် မင်းရောကိုယ်ရော တမလွန်ကို အတူသွားလို့ရပြီ"

"ရှင်. အရူး"

"မင်းကို သိပ်ချစ်လို့ ရူးသွားတာ ရူးရတာ တန်တယ်"

"တောက်"

"ကျွန်မ တကယ်ခုန်ချလိုက်မယ်နော်"

မြဝါး၏ ကားတံခါးကို တွန်းဖွင့်လိုက်သည်။

"ဟင် မလုပ်နဲ့"

"ကျွီ"

ညီဇ ကားကို အလန့်တကြားဖြင့် ထိုးရပ်လိုက်သည်။

မြဝါး ဟန်ရေးပြခြင်းကို အမှန်ထင်သွား၏။

ထို့နောက် စိတ်လှုပ်ရှားလွန်းသူတစ်ယောက်လို ကားစတီယာရင်ပေါ်သို့ ခေါင်းငိုက်စိုက်ချလိုက်သည်။ လုံးဝ မလှုပ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မလှုပ်မယှက် ပုံစံလုပ်နေတော့ မြဝါး စိတ်ပူသွားသည်။ ကားရပ်ထားပေမယ့်လည်း ကားပေါ်မှ ဆင်းမပြေးမိ။

အမှန်ဆို မြဝါးမှာ သူနဲ့ဝေးရာကို ဆင်းပြေးဖို့အစီအစဉ်မှ မရှိတာ။ ဒီနေ့ မြဝါးကို ညီဇ ခိုးပြေးလိမ့်မယ်ဆိုတာလည်း မေမေ ပြောပြထား၍ မြဝါး သိထားပြီးသား။ ညီဇ အမြင်မှာတော့ မြဝါးက ညီခကို ရွေးချယ်လိုက်ပြီလို့ ထင်ပြီး မြဝါးကို အဆုံးရှုံးမခံနိုင်လွန်း၍ ကားတင်ပြေးရန် သူ့ဒယ်ဒီကို တိုင်ပင်သည်။

မြဝါးကလည်း ညီခကို ခင်ရုံသာ ခင်၍ရပြီး ညီဇကို ချစ်နေမိသည်ဆိုသည့်အကြောင်း မိခင်ကို ရင်ဖွင့်လိုက်လေတော့ မေမေ ညီဇ အကြောင်း မြဝါးကို အကုန်ဖွင့်ပြောပြ၏။

မြဝါး ရင်ထဲ ထိတ်ခနဲ ခုန်သွားသည်။ တကယ်တော့ မြဝါး သူ့စိတ်ကို တမင်ကလိနေခြင်း ဖြစ်သည်။ ယခုလို ခိုးပြေးမည်ဆိုတော့ မြဝါးက သူ့ကို ချစ်ပါတယ်ဟု ဖွင့်ပြောစရာ မလိုတော့ဘဲ သူခေါ်ရာ နောက်သို့ အလိုက်သင့်လေး လိုက်သွားရုံပင်။

ခုတော့ မြဝါး အမှုလွန်သွားပြီ ထင်သည်။ ညီဇ စတီယာရင်ပေါ် ခေါင်းငိုက်စိုက်ချပြီး လုံး၀ မလှုပ်တော့တာ ဆယ်မိနစ်ခန့်ပင် ကြာသွားပြီ။

"ညီဇ ညီဇ"

မြဝါး ညီဇ၏ပခုံးသားကို ဆုပ်ကိုင်လှုပ်နှိုးသည်။ နိုး၍မရတော့ စိုးရိမ်စိတ်နှင့်အတူ မျက်ဝန်းမှ မျက်ရည်တွေ ဝေ့သီလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီဇ ထပါတော့ ညီဇ"

တဖြည်းဖြည်းနှင့် အသံလှိုင်းတွေက ငိုသံအက်လာသည်။

ညီဇ မျက်နှာကို မှောက်အပ်ထားရင်း မြဝါး၏ ငိုမဲ့မဲ့အသံကြောင့် မသိမသာ ပြုံးလိုက်သည်။

"ညီဇ ထပါတော့ ကျွန်မကို အဲဒီလို ပုံစံကြီး လုပ်မပြပါနဲ့ ကျွန်မ စိတ်ပူတယ်"

မြဝါး လုံးဝ နိုးမရသည့်အဆုံး စိတ်ပူကာ မေမေ့ဆီ ဖုန်းဆက်ရန် ဖုန်းခလုတ်လေးတွေကို တုန်တုန်ယင်ယင် နှိပ်လိုက်သည်။

"ဟဲလို မေ မေမေလား ဒီမှာ ညီဇလေ ကားမောင်းရင်း ဘရိတ်ဖမ်းအုပ်လိုက်တာ ဘာဖြစ်သွားမှန်း မသိဘူး၊ မြန်မြန်လာပါ သမီး စိတ်ပူလို့ သေတော့မယ်၊ အမြန်ဆုံးလာပါ မေမေ၊ သမီးကို သူ ခွဲသွားလို့ မဖြစ်ဘူး"

BURMESE CLASSIC

"စိတ်ချပါ ကိုယ် မြဝါးလေးကို ခွဲမသွားပါဘူး"

"ဟင် ရှင် ရှင် ဘာမှမဖြစ်ဘူးပေါ့"

"နိုး ဘာမှမဖြစ်ဘူး"

မြဝါးရဲ့ မျက်ရည်စတွေဖြင့် တဖြည်းဖြည်း ပြုံးယောင်သမ်းလာသည်။ စပ်ဖြဲဖြဲဖြင့် မထိတထိ ပြောနေသော ညီဇကို တလက်လက် တောက်သော မျက်ဝန်းတို့ဖြင့် ကြည့်ကာ

"ကျွန်မ ကျွန်မ ရှင့်ကိုချစ်တယ် ညီဇရယ်"

မြဝါးရုံ၏နှုတ်မှ မျှော်လင့်မထားသော စကားလုံးလှလှတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ညီဇ အသိစိတ်တွေ ပုံမှန်မှ ဟုတ်ရဲ့လား၊ နားကြားများ လွဲသလားဟု သံသယဝင်ကာ မြဝါးရုံ၏ခန္ဓာကိုယ်လေးကို အစမ်းသဘောဖြင့် လှမ်းဖက်လိုက်သည်။

တကယ် မဟုတ်ဘူး။ နားကြားလွဲတာဆိုလျှင်လည်း ပါးရိုက်ခံလိုက်ရုံပဲလေ။

သို့သော် မျက်နှာပေါ်သို့ မျှော်လင့်ထားသော နာကျင်ကျိန်းစပ်ခြင်းတွေ ကျရောက်မလာဘဲ ရင်ခွင်ထဲသို့ နွေးအိသော ခန္ဓာကိုယ်အိအိလေး ပြုံဆင်းလာပြီး ရင်ခုန်သံတို့ အပြင်ဘက်သို့ ဝုန်းဒိုင်းဆူညံစွာ ခုန်ထွက်လာသလား မှတ်ထင်ရလောက်အောင် ရင်ခုန်သံတွေ အချင်းချင်း တိုက်ပွဲဖြစ်ကုန်၏။

BURMESE CLASSIC

ဒီထက် တစ်ဆင့်တက်ပြီး မြဝါးရုံ၏ပါးလေးကို ခပ်ဖွဖွ ငုံ့နမ်းလိုက်သည်။ မြဝါးဘက်က မည်သို့သော တုံ့ပြန်မှုမျိုးမှ ပြန်မပေးဘဲ အပြုံးနုနုလေးဖြင့် မော့ငေးကြည့်ကာ

"ရှင် မယုံဘူးလား ဒါ အမှန်တရားပဲလေ၊ ယုံကြည်စွာနဲ့ လက်ခံလိုက်စမ်းပါ၊ ရှင် ကျွန်မကို ခိုးပြေးမလို့ဆို ပြေးတော့လေ"

"မြဝါးရယ် ဒါတွေက တကယ်ပေါ့နော်၊ အိပ်မက် မဟုတ်ပါဘူးနော်"

"ဟင့်အင်း အိပ်မက် မဟုတ်ပါဘူး တကယ်ပါ"

ညီဇ နားထဲတွင် မြဝါးရုံ၏ အသံလေးက ချိုကြည်တိုးသဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ဘဝတစ်ခုကို ဝယ်ယူဖို့ စရံချတဲ့သဘောပဲလေ။ ခုတော့ ကိုယ် ကြိုတင်ပေးထားတဲ့စရံကြောင့် မြဝါးရုံကို အမှန်တကယ် ပိုင်ဆိုင်ခွင့်ရခဲ့ပြီ။

"ဒါနဲ့များ လူကို နာကျင်အောင် လှည့်ဖြားရက်ရသလား မြဝါး လေးရယ်၊ ကိုယ် ဘယ်လောက် ခံစားလိုက်ရလဲ သိလား၊ ညီခကို မြဝါး ရွေးချယ်လိုက်ပြီဆိုပြီးတော့လေ"

"ဟင့်အင်း ညီခကို မြဝါး အပြတ်ငြင်းလိုက်ပြီးသားပါ၊ ညီခ ကလည်း ကြည်ကြည်ဖြူဖြူနဲ့ သူ့အချစ်ကို ပြန်ရုပ်သိမ်းပေးပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ရှင်က သူ့ညီဖြစ်နေလို့ပေါ့"

BURMESE CLASSIC

"ဟာ ဒါဆို ဒီကောင်က ကိုယ့်ကိုစားသွားတာပဲ၊ သူမလိုချင်လို့ ပဲ ကိုယ့်ဆီကို မြဝါးကို ပေးလိုက်သလိုလိုနဲ့"

"ရှင့်ကို ကျွန်မ မေးစရာရှိတယ်"

"မေးလေ"

မြဝါး ချက်ချင်း မမေးသေးဘဲ ရှက်ရိပ်စွန်းသော မျက်နှာလေး ကို ညီဇ မမြင်စေရန် ခေါင်းငုံ့ချလိုက်သည်။

"ဟို ကျွန်မ ဖျားတဲ့နေ့က ရှင် ညီခကိုပြောခဲ့တာတွေ အမှန် ပဲလား"

ညီဇ မြဝါး၏ကိုယ်လုံးလေးကို ပိုမိုတင်းကြပ်စွာ ဖက်တွယ်လိုက် ပြီး

"ဟင့်အင်း ကိုယ် သိပ်မြတ်နိုးလွန်းတဲ့ မြဝါးလေးကို ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနည်းနဲ့ မသိမ်းပိုက်ရက်ပါဘူး ယုံပါ မြဝါးရယ်''

မြဝါး ကျေကျေနပ်နပ်လေး ပြုံးသည်။

"ကျေးဇူးတင်ပါတယ် ညီဇရယ်၊ တကယ်တော့ ကျွန်မလည်း အဲဒီလို ထင်မထားပါဘူး''

"ဒါဆို ခု အဲဒီလိုဆိုရင်ရော''

"အင်း ကြည်ဖြူပြီးသားပဲ၊ တစ်ဘဝလုံးစာတောင် ပုံအပ်ဖို့ လိုက်ခဲ့မှတော့ကွယ်''

ရင်ဘတ်ကိုယ်စီမှာ ငြိမ့်ခနဲ စီးဝင်သွားသော မေတ္တာတရားတို့သည် မာယာကင်းလျက် အနာဂတ်သို့ အတူလျှောက်ဖို့ ခြေလှမ်းသစ် ပေါ့ စနေကြလေသည်။

ချစ်သူနှစ်ဦးကတော့ အနမ်းတွေဖြင့် ဖလှယ်နေကြဆဲ။

အနမ်းတွေသာ ရှက်တတ်မယ်ဆိုရင်. . .။

အားလုံးအတွက်
နတ်သမီး



www.burmeseclassic.com